# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ။**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)**


၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၄၇)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေ သွားရောက်ကြည့်ရှုအားပေး

စာ-၃




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အော့တဝါမြို့ ခေတ္တတည်းခိုမည့်ဟိုတယ်၌ ကနေဒါနိုင်ငံရောက် မြန်မာနိုင်ငံသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြစဉ် (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ အော့တဝါမြို့သို့ရောက်ရှိ

**အော့တဝါ ဇွန် ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် ကနေဒါနိုင်ငံ တိုရွန်တိုမြို့မှ အော့တဝါမြို့သို့ ကနေဒါလေကြောင်းလိုင်းဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် အော့တဝါမြို့မက်စ်ဒေါနယ် ကာတီးယားအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား အော့တဝါမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ခေတ္တတည်းခိုမည့် ဟိုတယ်တို့တွင် ကနေဒါနိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများက လှိုက်လှဲနွေးထွေးစွာ ခရီးကြိုကြသည်။

ယနေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံသွားမည်ဖြစ်ပြီး ဖက်ဒရယ်ဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




မြန်မာ့အလင်း

# နိုင်ငံဖွံ့ဖြိုးရေးအတွက် အရင်းအနှီး

အာရှ၏မဟာဗျူဟာအကျဆုံးနေရာတွင် တည်ရှိနေသည့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့ဈေးကွက်ကို ချဲ့ထွင်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၇ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို နေပြည်တော်တွင် ယခု ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပလျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားရေးအဆောက်အအုံ ခိုင်ခိုင်မာမာတိုးတက်လာရေးအတွက် စီးပွားရေးဝန်းကျင်ကောင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဖန်တီးပေးရာတွင် နိုင်ငံ၏အဓိကအားနည်းချက်တစ်ချက်အဖြစ် အခြေခံအဆောက်အအုံ လိုအပ်ချက်နှင့်ကြုံတွေ့နေရကြောင်း Myanmar Investment Forum 2017 ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ မိမိတို့နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အရင်းအနှီးချို့တဲ့မှုပြဿနာနှင့်ဆက်စပ်လျက် အခြေခံအဆောက်အအုံလိုအပ်ချက်တို့ ရှိနေသည်မှာ သဘာဝပင်ဖြစ်သည်။ မျက်မှောက်ကာလ ခေတ်မီဖွံ့ဖြိုးပြီးသည့် စက်မှုနိုင်ငံကြီးများအားလုံးမှာ ဖွံ့ဖြိုးတိုးတက်မှုမရသေးမီက အရင်းအနှီးစုဆောင်းမှုကို အပတ်တကုတ် အပန်းတကြီး လုပ်ဆောင်ရသည့်ကာလတစ်ခုကို ဖြတ်သန်းခဲ့ကြရသည်ချည်းသာဖြစ်ကြောင်း သုတေသီတို့က ပြောကြားထားသည်။ စက်မှုတည်ဆောက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့် ကျွမ်းကျင်မှုအတတ်ပညာတို့ရယူရေး၊ ပို့ကုန်မြှင့်တင်ရေး၊ စီးပွားရေးအထောက်အကူပြု လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ ဆည်မြောင်း စသည့်အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတို့အတွက် အရင်းအနှီးသည်သာ အဓိကအကြောင်းတရားတစ်ခုဖြစ်သည်။ သို့ဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအနှီးစုဆောင်းရန်လိုအပ်လာသည်။

ဖွံ့ဖြိုးမှုနည်းပါးသော၊ ဆင်းရဲ ချို့တဲ့သော နိုင်ငံတစ်ခုအနေဖြင့် အမျိုးသားဝင်ငွေ၏ အချိုးအစားတစ်ရပ်ကို ရင်းနှီးမြှုပ်နှံမှုအတွက် ခွဲဝေစုဆောင်းရန်မှာ ခက်ခက်ခဲခဲနှင့် ဖြစ်နိုင်ခြေ နည်းပါးမည်ဟု ယူဆဖွယ်ရာဖြစ်သော်လည်း အရင်းအနှီးစုဆောင်းနိုင်မှုမှာ ပြည်သူတို့၏ ပျမ်းမျှဝင်ငွေအဆင့်ပေါ်တွင် မတည်ကြောင်း၊ အစိုးရ၏ထိရောက်သော အခွန်ကောက်ခံမှုစနစ်ကျင့်သုံးမှု၊ ထိရောက်သော ဘဏ္ဍာရေးအဆောက်အအုံများ ဖွဲ့စည်းတည်ဆောက်နိုင်မှု၊ ပုဂ္ဂလိကအရင်းအနှီးများကို ထိရောက်စွာ စုစည်းနိုင်မှုစသည့် နည်းလမ်းများကသာ အဓိကကျကြောင်း စီးပွားရေးပညာရှင်တို့က ဆိုထားသည်။ တစ်ဖက်တွင် လည်း ပြည်သူတို့၏ စုဆောင်းလိုစိတ်ကိုမြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်ရန်တို့လည်းလိုအပ်ကြောင်း၊ ပိုလျှံသော အရင်းအနှီးများကို ကုန်ထုတ်အစွမ်းသတ္တိမဲ့သည့် ပကာသနစားသုံးမှုများဆီသို့ စီးဝင်မသွားစေဘဲ အစိုးရကစုစည်း၍ ထိထိရောက်ရောက်အသုံးချကာ ကုန်ထုတ်အစွမ်းသတ္တိရှိသော အရင်းအနှီးဖြစ်လာရန် ကြိုးပမ်းဖို့လိုအပ်ကြောင်းလည်း အကြံပြုထားသည်။

စင်စစ်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအခြေခံအဆောက်အအုံများ ပြည့်ပြည့်စုံစုံလုံလုံလောက်လောက် ရှိဖို့လိုအပ်ပြီး စီးပွားရေးအခြေခံအဆောက်အအုံများ ပြည့်စုံရေးအတွက်လည်း အရင်းအနှီးလိုအပ်ချက်က ကွင်းဆက်သဖွယ်ရှိနေခြင်းပင် ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် ရုန်းထနိုင်မည့် အင်အားတစ်ရပ်ဖြစ်သည့် အရင်းအနှီး စုဆောင်းရန်မှာမူ အစိုးရ၏ မူဝါဒနှင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ သဟဇာတဖြစ်ရေးက အဓိကလိုအပ်ချက်တစ်ရပ်ဟု ရှုမြင်မိပါကြောင်း။ ။

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ထင်သာမြင်သာပြုပြင်စရာ

# မိတ္ထီလာ မြောက်လည်ကျေးရွာလမ်း ကျောက်ချောလမ်းဆောင်ရွက်ပေးရန်မျှော်လင့်



**မိတ္ထီလာ ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မြောက်လည်ကျေးရွာအုပ်စုမြောက်လည်ကျေးရွာလမ်းသည်မိတ္ထီလာ- ကျောက်ပန်းတောင်းကားလမ်းမမှ ကျေးရွာအထိ လေးမိုင်ခန့်ကွာဝေးသည်။ လွန်ခဲ့သည့်ငါးနှစ်ခန့်က ယင်းလမ်းကို သရက်ပင်- မြောက်လည်ကျောက်ချောလမ်းအဖြစ် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါ ကျောက်ခင်းထားသည့် လမ်းပိုင်းတစ်မိုင်ကျော်ခန့်သာကောင်းမွန်ပြီး ကျန်လမ်းပိုင်းမှာ ပျက်စီးလျက်ရှိသဖြင့် ဒေသခံများအတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် ကြုံတွေ့ရလျက်ရှိသည်။

"မိုးများတဲ့နေ့တွေဆို မြောက်လည်ကျေးရွာကနေမိတ္ထီလာမြို့ပေါ်ကိုသွားဖို့အတွက် လမ်းကပျက်စီးနေတာကြောင့် မသွားနိုင်ဘူး။ မိုးရွာတာများလွန်းတဲ့ ရွာဈေးနေ့ဆိုလည်းလာရောင်းနေကျ ရွာနီးချုပ်စပ်ကဈေးသည်တွေကလည်း လမ်းမကောင်းလို့လာပြီးတော့ မရောင်းနိုင်ဘူး ။ ဒါကြောင့် မြောက်လည်ကျေးရွာကနေ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမဆီကိုသွားရာ သုံးမိုင်ခန့်ကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးစေလိုပါတယ်"ဟု မြောက်လည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ် ဦးညီညီလွင်က ပြောသည်။

မြောက်လည်ကျေးရွာသည် အုပ်စုကျေးရွာဖြစ်ကာ အိမ်ခြေ ၂၉၄ အိမ် လူဦးရေ ၁၄၁၉ ဦးခန့်ရှိပြီး ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း အရေးပေါ်ကျန်းမာရေးကိစ္စများပေါ်ပေါက်ပါက မြို့ပေါ်ဆေးရုံများသို့သွားရောက်ရန် မိုးရာသီကာလတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ထို့ကြောင့် မြောက်လည်ကျေးရွာလမ်း မကောင်းမွန်သည့် အကွာအဝေးသုံးမိုင်ခန့်ကို ကျောက်ချောလမ်းအဖြစ် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးရန် ကျေးရွာဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**

## ဆင်ပစ်မုဆိုးများကို ဖမ်းဆီးပေးခဲ့သူများအားဆုငွေများပေးအပ်

**သာယာဝတီ ဇွန် ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သာယာဝတီခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်း၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးကျော်မင်းစိုးနှင့် သစ်တောဝန်ထမ်းများအဖွဲ့သည် ဇွန် ၂ ရက်က ကျောက်အိုင်ကျေးရွာ မူလတန်းကျောင်း၌ ဆင်ပစ်မုဆိုးများအား ဖမ်းဆီးရာတွင် ပူးပေါင်းဆောင်ရွက်ပေးကြသော ဒေသခံများအား သစ်တောဦးစီးဌာနမှ ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးက ဖမ်းဆီးရမိသည့် ဖြစ်ရပ်နှင့်ပတ်သက်၍ အသေးစိတ်ပြောကြားပြီး ဒေသခံများနှင့် အပြန်အလှန်ဆွေးနွေးရာတွင် ပူးပေါင်းပါဝင်ခဲ့သော လှည်းလမ်းကူးကျေးရွာဒေသခံ ဦးစိုးသိန်းအပါလေးဦးနှင့် အဖွဲ့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**ဂွ ဇွန် ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲနောက်ဆုံးဖိုင်နယ်ပွဲစဉ်နှင့် ဆုပေးပွဲ အခမ်းအနားကို ဇွန် ၄ ရက်က ဂွမြို့မြို့မအားကစားကွင်း၌ ပြုလုပ်ခဲ့သည်။

ပြိုင်ပွဲကိုအသင်း ၁၆ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာမှ နောက်ဆုံးဖိုင်နယ်ပွဲတွင် မြို့မ အသင်းနှင့် ရဟိုင်ကူးတို့အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ မြို့မအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် ရဟိုင်ကူးတို့အသင်းကို အနိုင်ရပြီး ဆုဖလား၊ ရွှေတံဆိပ်ဆုနှင့် ငွေသားဆုကျပ်ငါးသိန်းကိုဆွတ်ခူးရရှိခဲ့ပြီး ရဟိုင်ကူးတို့အသင်းက ဒုတိယနှင့် ပေါက်ကျော်မ အသင်းက တတိယဆုရရှိသွားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၆-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ · ၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၅ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ · ၇၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ · ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၁၂ |
| တရုတ် | တစ်ယွမ် | ၁၉၉ · ၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ · ၀၄ |


မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေ သွားရောက်ကြည့်ရှုအားပေး



**ရန်ကုန် ဇွန် ၆**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေကို သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တာဝန်ရှိသူများက ဦးတင်ဦး၏ ကျန်းမာရေးတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောရောဂါကုသဌာနတွင် ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးသည် ဦးနှောက်သွေးကြောပိတ်ပြီး ကိုယ်တစ်ခြမ်းလေဖြတ်ရောဂါခံစားရသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသနေခြင်းဖြစ်ကာ လက်ရှိကာလတွင် အပျော့စားအစားအစာများကို သုံးဆောင်နိုင်သည့်အပြင် ၁၅ မိနစ်ခန့် မတ်တပ်ရပ်လာနိုင်သည်အထိ ကျန်းမာရေးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

ပုံမှန်အတိုင်းပြောဆိုလှုပ်ရှားနိုင်ရေးအတွက် အချိန်အတိုင်းအတာတစ်ခုထိ လေ့ကျင့်ခန်းများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပြီး ဆေးရုံမှဆင်းနိုင်ရန် ဆရာဝန်ကြီးများနှင့်အဖွဲ့က ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ ကျန်းမာရေး အခြေအနေကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားစဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောရောဂါခွဲစိတ်ဌာန၌ ဆေးဝါးကုသမှုခံယူနေသည့် ဝေဒနာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ် (သတင်းစဉ်)

## တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၃/ ၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)**

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/ ၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ကြည်း ၁၅၁၀၁<br>ဗိုလ်မှူးချုပ် ကိုကိုဝင်း | **အစား** | ကြည်း ၂၅၁၆၈<br>ဗိုလ်မှူး ခင်မောင်ချို |

**အမိန့်အရ**

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သားတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၄/ ၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)**

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/ ၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၁၆၄၃၈<br>ဗိုလ်မှူးကြီး ခင်မောင်ဌေး | **အစား** | ကြည်း ၂၇၂၉၄<br>ဗိုလ်မှူးကြီး လှမျိုးရွှေ |

**အမိန့်အရ**

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးကို ယင်းဌာနညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# (၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေးဖွင့်ပွဲကျင်းပ



**ချင်းတောင် ဇွန် ၆**

(၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေး ဖွင့်ပွဲကို ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့တက်ရောက်သည်။ **(ယာပုံ)**

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် မဒမ်လျူယန်ဒေါင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး UNESCO, AIBD အပါအဝင် အာရှမီဒီယာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။

ယခုကျင်းပသည့် အာရှမီဒီယာထိပ်သီးအစည်းအဝေးသို့ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အစိုးရတာဝန်ရှိသူများ၊ နိုင်ငံတကာမီဒီယာအဖွဲ့အစည်း ခုနစ်ခုမှ ဦးဆောင်ပုဂ္ဂိုလ်များ စုစုပေါင်း ၄၀၀ တက်ရောက်ကြသည်။

(၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေးကို Media on the Frontline of Global Development (ကမ္ဘာ့ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် မီဒီယာကဏ္ဍသည် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ရေး) ခေါင်းစဉ်ဖြင့် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးဆွေးနွေး



**နေပြည်တော် ဇွန် ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့၏ ဖွဲ့စည်းပုံအကြံပြုချက်များအပေါ် သဘောထားမှတ်ချက်များတင်ပြခြင်း အခမ်းအနားကို ဇွန် ၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုသွက်လက်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး၊ ဖွဲ့စည်းပုံနှင့် ပတ်သက်၍ အားနည်းချက်/အားသာချက်များကို သုံးသပ်ဆွေးနွေးပေးကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများသည် မိမိတို့၏ အောက်ခြေမှ အခြေအနေများကို အသိရှိဆုံးသူများဖြစ်ပါကြောင်း၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့သည် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြသူများလည်းဖြစ်ကြ၍ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကုသရေးဦးစီးဌာနမှူးများက အကြံပြုဆွေးနွေးကြရာ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်သည့် စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများဆောင်ရွက်

**မန္တလေး ဇွန် ၆**

ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို မြန်မာ့မီးရထားနှင့် JICA တို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်၍ တောင်ငူ-မန္တလေး ရထားလမ်းပိုင်းနှင့် ပတ်သက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အတွက် အများပြည်သူအားချပြဆွေးနွေးမှုများကို သာစည်မြို့နှင့် အမရပူရ(မြစ်ငယ်)တို့တွင် ဇွန် ၅ ရက်နှင့် ၆ ရက်တို့က လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ EIA ဆွေးနွေးပွဲများသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံများက စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုထောက်ခံဆွေးနွေးခဲ့ကြသည်။

"ဘယ်စီမံကိန်းတွေလုပ်လုပ် ဂေဟစနစ်အနည်းနဲ့ အများပျက်စီးနိုင်တယ်။ လူမှုဘဝစီးပွားထိခိုက်မှုလည်း ရှိနိုင်တယ်။ ခုလုပ်မယ့် စီမံကိန်းက မူလလမ်းဟောင်းကို အဆင့်မြှင့်တင်တာဖြစ်တဲ့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပြီး ပြည်သူလူထုကောင်းဖို့ စေတနာနဲ့ လုပ်တာကြောင့် အများပြည်သူထောက်ခံမှုရရှိပါတယ်။ ပြည်သူတွေကလည်း EIA ဆွေးနွေးမှုကို ကြိုဆိုကြတယ်"ဟု မြန်မာ့မီးရထား(အထက်မြန်မာပြည်)အထွေထွေမန်နေဂျာ ဦးမျိုးဝင်းက ပြောသည်။



ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်မှုစီမံကိန်းကို ရန်ကုန်-တောင်ငူလမ်းပိုင်းနှင့် တောင်ငူ-မန္တလေး လမ်းပိုင်းဟူ၍ ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၁၇ မှ ၂၀၂၃ အထိ ခြောက်နှစ်သတ်မှတ်ထားသော်လည်း ကွင်းဆင်းလေ့လာဆန်းစစ်မှုကာလကို ကိုးလသတ်မှတ်ထားသည့်အတွက် စီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းလုပ်ငန်းများအနေဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ တံတားများပြုပြင်ခြင်း၊ ဘူတာအဆောက်အအုံများ လိုအပ်သလို ပြုပြင်ခြင်း၊ စက်ခေါင်းမောင်းနှင်သူများကို လိုအပ်သည့် ခေတ်မီအချက်ပြကိရိယာနှင့် နည်းပညာများ အဆင့်မြှင့်တင်ပေးခြင်း၊ ကုန်တင်ကုန်ချလုပ်နိုင်ရန် ခေတ်မီစက်ယန္တရားများ တပ်ဆင်မည်ဖြစ်ပြီး လက်မှတ်ရောင်းစက်များ စသဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရထားလမ်းက နှစ်ပေါင်း ၅၀ နဲ့ ၁၀၀ နီးပါး ကြာပြီဖြစ်လို့ အဆင့်မြှင့်တင်မယ့် နိုင်ငံတော်စီမံကိန်းပါ။ လက်ရှိ ခုတ်မောင်းချိန်က ရန်ကုန်-မန္တလေးကို ၁၆ နာရီလောက်ကြာတယ်။လမ်းတွေကောင်းသွားရင် ဒီထက်ပိုပြီး မြန်မြန်ခုတ်မောင်းလို့ရမယ်။ ဒါကြောင့် လမ်းတွေ၊ တံတားတွေနဲ့ အချက်ပြဆက်သွယ်ရေးကိရိယာတွေကို ပြန်လည်မွမ်းမံပြင်ဆင်မယ်။ ခေတ်မီကိရိယာတွေနဲ့ အစားထိုးသွားမှာပါ"ဟု ဆက်လက်ပြောကြားသည်။

အဆိုပါစီမံကိန်းအရ ရန်ကုန်-မန္တလေး ရထားလမ်းမှာ ၃၈၅ ဒသမ ၅ မိုင်ရှိ၍ နိုင်ငံတော်မှ ငွေကျပ် ၄၂၈ ဘီလီယံနှင့် JICA မှ ချေးငွေ ဂျပန်ယမ်းငွေကျပ် ၂၇၁ ဒသမ ၆၄ ဘီလီယံ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက ရထားခုတ်မောင်းချိန်များမှာ လက်ရှိခုတ်မောင်းချိန်များထက် ၇ နာရီမှ ၈ နာရီကြား လျော့နည်းသွားမည်ဖြစ်ရာ အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည်တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့နှင့်မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင် ခြောက်ပေမှ ကိုးပေခန့်၊ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတို့တွင် လေးပေမှ ခြောက်ပေခန့် အထိရှိနိုင်သည်။ **(မိုး/ဇလ)**

✻ ကျောဖုံးမှ

မတည်ငွေရင်းများ နိုင်ငံတွင်းကို များစွာ ဝင်ရောက်လာစေရန်အတွက် နိုင်ငံခြားမတည်ငွေရင်းနှင့် ကုန်သွယ်မှုတို့ကို အဓိကအားထားနေရပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့် နိုင်ငံခြားမတည်ငွေရင်းများ နိုင်ငံတွင်းကို များစွာဝင်ရောက်လာစေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည်သာ အဓိက မောင်းနှင်အား ဖြစ်လာပါကြောင်း။

တစ်နည်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးအခြေခံအဆောက်အအုံ ပြောင်းလဲတိုးတက်စေရန်နှင့် နိုင်ငံ့စီးပွားရေးကို ကမ္ဘာ့စီးပွားရေးနှင့် ချိတ်ဆက်ပေါင်းစည်းနိုင်ရန်အတွက် ယခင်က တွေ့ကြုံခဲ့ရသည့်အတွေ့အကြုံများကို အခြေခံပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများ၊ အကြံပြုချက်များနှင့်အညီ နိုင်ငံ၏ စီးပွားရေးမူဝါဒ၊ ငွေကြေးနှင့်ဘဏ္ဍာရေးမူဝါဒများ၊ ကုန်သွယ်ရေးမူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို အခြေခံကျကျ လေ့လာသုံးသပ်ကာ ပြုပြင်ပြောင်းလဲမှု၏ အဓိကအနှစ်သာရအဖြစ် ခိုင်မာမှုရှိသည့် မူဝါဒများချမှတ်ခြင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ပြဋ္ဌာန်းခြင်းနှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

သိသာထင်ရှားသည့် တိုးတက်မှုများအနေဖြင့် ပြည်သူအားလုံးပါဝင်နိုင်ပြီး နိုင်ငံတစ်ဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူကိုဗဟိုပြုသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ရပ်ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများကိုလည်း ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ပြဋ္ဌာန်းခဲ့ပါကြောင်း။

အလားတူ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရင်းတည်ကာ နိုင်ငံအတွင်း၌ စီးပွားရေးလာရောက်လုပ်ကိုင်နေသည့် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ပေးမည့်၊ စီးပွားရေးလုပ်ငန်းအတွက် ပင်မအသက်သွေးကြောဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် စီးပွားရေးလုပ်ကိုင်ရာတွင် ရိုးရှင်းလွယ်ကူမှုရှိသည့် လုပ်ထုံးလုပ်နည်းများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်း ဥပဒေများကို အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC)၏ ပံ့ပိုးကူညီမှုဖြင့် Stakeholder Consultation များ အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်းတို့၏ အကြံပြုချက်များနှင့်အညီ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိအောင် ထုတ်ပြန်နိုင်ခဲ့ခြင်းသည် အစိုးရ၏ ပြင်းပြသည့် ကြိုးပမ်းအားထုတ်မှုများထဲမှ မှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးနိုင်ရန်နှင့် ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်မှုရှိအောင်၊ မြန်မာနိုင်ငံနှင့်ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်များ၊ အာဆီယံဆိုင်ရာ သဘောတူစာချုပ်များနှင့် ညီညွတ်မှုရှိစေရန် ဥပဒေသစ်ကို ဖော်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ခုတည်းကို ဖော်ဆောင်ရုံနှင့် မလုံလောက်သည့်အတွက် စီးပွားရေးလုပ်ကိုင်ရာတွင် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များ အဆင်ပြေလွယ်ကူချောမွေ့မှုရှိစေရန် ဆက်စပ်ဥပဒေများကို ခိုင်မာမှုရှိအောင် ပြင်ဆင်ထုတ်ပြန်ခြင်း၊ ဥပဒေအချင်းချင်း ညီညွတ်မှုရှိအောင်နှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းတို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း ပြောကြားသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် တည်ဆဲမြန်မာကုမ္ပဏီများအက်ဥပဒေသည် နှစ်တစ်ရာကျော်သက်တမ်းရှိပြီဖြစ်သည့်အတွက် ခေတ်နှင့်လျော်ညီမှုရှိစေရန်၊ နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်အပြင် အသေးစားနှင့်အလတ်စားကုမ္ပဏီများ တွေ့ကြုံနိုင်သည့် အခက်အခဲများလျော့ကျစေရန်ရည်ရွယ်၍ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့်ပြင်ဆင်ကာ ဥပဒေသစ်ကို ၂၀၁၇ ခုနှစ်အတွင်း ထုတ်ပြန်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းကိုကြည့်ခြင်းအားဖြင့် အာရှ၏ နောက်ဆုံးစူးစမ်းလေ့လာရန်ကျန်သည့်နေရာ (Last Frontier) ဟုပြောနိုင်သည့် မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့် အားသာချက်များနှင့်တကွ နိုင်ငံတကာစံနှုန်းများနှင့်အညီ ခိုင်မာမှုရှိသည့် စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ ဥပဒေစည်းမျဉ်းများ ပြဋ္ဌာန်းပေးခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အကောင်းဆုံးအထောက်အပံ့ဖြစ်စေမည့် စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းဖြစ်သည်ဟု ယုံကြည်မိပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေ Myanmar Investment Forum 2017 အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး စီးပွားရေးဝန်းကျင်ကောင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဖန်တီးပေးရာတွင် နိုင်ငံ၏ အဓိကအားနည်းချက်တစ်ချက်အဖြစ် ကြုံတွေ့နေရသည်မှာ အခြေခံအဆောက်အအုံလိုအပ်ချက်ဖြစ်ပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းအချို့၏ ကြိုတင်ခန့်မှန်းချက်တွင် ၂၀၃၀ ပြည့်နှစ်အထိ နိုင်ငံတော်အတွက်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၆၅၀ ဘီလီယံဖြစ်ပြီး အခြေခံအဆောက်အအုံအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၂၀ ဖြစ်ပါကြောင်း၊ ယင်းပမာဏပြည့်မီအောင် ပုဂ္ဂလိကကဏ္ဍကိုဖိတ်ခေါ်ပြီး အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အစိုးရက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကနဦးအဆင့်အနေဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် မေလတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပံ့ပိုးကူညီမှုဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ်အတွင်း၌ပင် ဖွဲ့စည်းခဲ့ပြီး ပြီးပြည့်စုံသည့် မူဘောင်ချမှတ်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အစိုးရသာမက ပုဂ္ဂလိကကဏ္ဍပါ တာဝန်ယူမှုနှင့်ပတ်သက်ပြီး တိကျသည့်မူဘောင်ဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ဖော်ဆောင်နိုင်ရန် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းအချို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်ချက်များထဲတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးသည်လည်း အစိုးရ၏ ဦးစားပေးလုပ်ဆောင်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ၂၀၁၆ ခုနှစ်အတွင်း အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် "အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်နှင့် ၎င်းတို့ကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြိုဆိုအားပေးရန်" ဆိုသည့်အချက်များကို စီးပွားရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ သက်ဆိုင်ရာဥပဒေများတွင် ပါဝင်ပြဋ္ဌာန်းပြီးဖြစ်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်တစ်ခု ဖွံ့ဖြိုးလာရန် မီးမောင်းထိုးပြထားခြင်းဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားရေးအဆောက်အအုံ ခိုင်မာစွာတိုးတက်လာရေးအတွက် စီးပွားရေးဝန်းကျင်ကောင်း ဖြစ်ပေါ်လာစေရန်ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဘဏ်၏ Doing Business Report (2014) အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအဆင့်သည် ၁၈၂ ဖြစ်ခဲ့သော်လည်း ယခု ၂၀၁၇ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အဆင့် ၁၇၀ ကို တက်လှမ်းနိုင်ခဲ့ခြင်းသည် သက်သေတစ်ခုအဖြစ် ပြသနိုင်ပါကြောင်း၊ အစိုးရအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေရေးကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိခြင်းကြောင့် နောက်နှစ်တွင်လည်း မြန်မာနိုင်ငံ၏ Doing Business အဆင့်သည် ယခုထက် ပိုမိုတိုးတက်လာမည်မှာ အသေအချာဖြစ်ပါကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ အနုပညာရှင်များက မြန်မာ့ရိုးရာအကဖြင့် ကပြဖျော်ဖြေကြပြီး ဒုတိယသမ္မတက မင်္ဂလာအောင်မောင်းကို တီးခတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာ့ကုန်သွယ်မှုဆိုင်ရာ မူဝါဒများကို လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

Myanmar Investment Forum 2017 ကို အာရှ၏ မဟာဗျူဟာအကျဆုံးနေရာတွင်တည်ရှိနေသည့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့ဈေးကွက်ကို ချဲ့ထွင်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ ဦးအုန်းမောင်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထူး၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် Myanmar Investment Forum ကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပပြီး ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ စွမ်းအင်၊ အဆောက်အအုံနှင့်လမ်းစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများနှင့် အထူးစီးပွားရေးဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေးသမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၆**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက အသင်းကို သမဝါယမဦးစီးဌာန၏ မူဝါဒများနှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းသားများ၏ အကြံကောင်းဉာဏ်ကောင်းများ၊ ပူးပေါင်းလုပ်ဆောင်မှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့အတွက် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိနေကြောင်း၊ ထို့ကြောင့် အသင်းသားများနှင့် အစုအရေအတွက်များ တိုးပွားလာအောင် အသင်း၏ လုပ်ဆောင်ချက်အောင်မြင်မှုများကို ဆင့်ကဲဆင့်ကဲ အသိပေးသွားကြစေလိုကြောင်း၊ ယနေ့အစည်းအဝေးတွင် အသင်းသားများအနေဖြင့် အပြုသဘောဆောင်သည့် အကြံဉာဏ်ကောင်းများကို ပွင့်လင်းမြင်သာစွာဆွေးနွေးစေလိုကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနမှူးက သမဝါယမအသင်းဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အသင်းအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဟန်လင်းအောင်က အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးရှင်းတမ်း၊ အသားတင်အကျိုးအမြတ်ခွဲဝေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားရှင်းလင်းသည်။ ထို့နောက် အသင်းဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေး သမဝါယမအသင်းသည် နှစ်စဉ် အစုရှယ်ယာဝင်များကို အစု၏ ၁၀၀ ရာခိုင်နှုန်း အကျိုးအမြတ်ခွဲဝေပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# လမ်း၊ တံတားများ တိုးတက်ဝေဆာ သွေးချင်းတို့မြေမှာ

**ကျော်လင်း(ဆောက်လုပ်ရေး)**

အပြည်ပြည်ဆိုင်ရာ သင်ခန်းစာပို့ချချက်များတွင် A မှ B သို့ လမ်းသစ်ဖောက်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်မည်ဆိုလျှင် -
၁။ စီးပွားရေးအရ တွက်ခြေကိုက်မှုကိုသာလျှင် ဦးစားပေး၍ ဆောင်ရွက်ခြင်း
၂။ လူဦးရေထူထပ်မှုနှင့် မော်တော်ယာဉ်အသွားအလာများမှု
၃။ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်မှု အလားအလာ
၄။ လူမှုရေးအရ အကျိုးများ၍ အခြားဆက်စပ်ကဏ္ဍများကိုပါ တိုးတက်လာစေနိုင်ခြင်း အစရှိသဖြင့် Feasibility ဆောင်ရွက်ပြီးမှ E.I.R.R ၁၂ ကျော်လျှင် ဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်ဆောင်ရွက်ကြပါသည်။

သို့သော် အစိုးရသစ် တက်လာပြီး လမ်းညွှန်မှုအရ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်နယ်များ၏ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုများကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ EIRR တွက်ချက်မှုအရ မကိုက်သော်လည်း ပြည်နယ်များ၏ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးခဲ့ပါသည်။ စီးပွားရေးအရ NPV မကိုက်သော်လည်း ပြည်နယ်များ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ချစ်ကြည်ရေး၊ စည်းလုံးညီညွတ်ရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။

ကချင်ပြည်နယ်တွင် ပူတာအိုမှ နောင်မွန်အထိ စုစုပေါင်း ၇၈ မိုင်ရှိ၍ ယခင်က ကားလမ်း၊ ဆိုင်ကယ်လမ်းသာရှိ၍ သုံးညအိပ်ခန့် သွားရပါသည်။ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့ရာ ယခုကြိုးတံတား ဖွင့်လှစ်ပြီးနောက်တွင် ပူတာအိုမှ နောင်မွန်ကို နေ့ချင်းပြန် ခရီးပေါက်နေပြီ ဖြစ်ပါသည်။ ထို့အတူ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ၂၁၈ မိုင်သည်လည်း ယခင်က ရွံ့ဗွက်တန်းများနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများစွာရှိခဲ့ရာမှ ယခုအခါ ဗွက်တန်းနေရာများကို တစ်နှစ်အတွင်း ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးခဲ့ရာ ယခုအခါ မြစ်ကြီးနားမှ ပူတာအိုသို့ နေ့ချင်းပေါက်ခရီးရောက်ပြီ ဖြစ်ပါသည်။ လေးနှစ်အတွင်း အိန္ဒိယနိုင်ငံ ချေးငွေဒေါ်လာသန်း ၁၂၀ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြီးဆုံးချိန်တွင် မြစ်ကြီးနားမှ ပူတာအိုသို့ မောင်းချိန် ၇ နာရီခန့်ဖြင့် ရောက်ရှိနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။


မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ကီလိုမီတာ (၅၀.၈၉ နှင့် ၅၄.၃၁) အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်


မချမ်းဘော့-ပရခ-နောင်မွန်လမ်း ကီလိုမီတာ(၆၅.၈၉ - ၆၇.၂၅)အတွင်း (၁.၆ ကီလိုမီတာ)အား မူလ (3.66m) အကျယ်မှ(10.36m) အကျယ်ရသည်အထိ တောင်နံရံဖြိုချ၍ လမ်းတိုးချဲ့ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်


မချမ်းဘော့-ပရခ-နောင်မွန်လမ်း ကီလိုမီတာ(၁၁.၆၆ - ၁၁.၈၆)အတွင်း ကျောက်စီရေမြောင်းနှင့် မြေထိန်းနံရံ (182.88m) အသစ် ဆောင်ရွက်ပြီးစီးနေသည်ကို တွေ့ရစဉ်

သံလွင်တံတား (ဖားဆောင်း) ချဉ်းကပ်လမ်း မိုင် ၀/၀ - ၀/၄ ကြား လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်





နန်းမန်း - ဘီပီ (၁၃) လမ်း (မယ်စဲ့ မြို့နယ်) မိုင် ၆/၂ - ၆/၃ ကြား လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်


မချမ်းဘော့-ဗရခ-နောင်မွန်လမ်းပေါ်ရှိ မလိခတံတား (မချမ်းဘော့)လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်


တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း(ဘော်လခဲမြို့နယ်) မိုင် ၁၄၉/၀ - ၁၄၉/၆ ကြား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်


တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း(ဒီမော့ဆိုမြို့နယ်) မိုင် ၁၂၃/၂ - ၁၂၃/၃ကြား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်


မြစ်ကြီးနား-ဆွမ်ပရာ ဘွမ်-ပူတာအိုလမ်း မိုင် (၉၉/၀-၁၀၀/၄) အတွင်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

ဆက်လက်ဖော်ပြပါမည်

# အာရှဒေသသစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ် မြန်မာနိုင်ငံမှပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ဆုံးဖြတ်

**နေပြည်တော်　ဇွန်　၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်

**အကျိုးကျေးဇူး**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **အာရှဒေသသစ်တော ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ပါက နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေး ပိုမိုနီးကပ်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံ၏ သစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ သစ်တောစီမံအုပ်ချုပ်မှုကဏ္ဍတွင် ဆန်းသစ်သော နည်းပညာများ၊ မူဝါဒများနှင့် အတွေ့အကြုံကောင်းများ ရရှိနိုင်ခြင်း၊ သုတေသနနှင့် အတွေ့အကြုံများ မျှဝေဖလှယ်နိုင်ခြင်း၊ မြန်မာနိုင်ငံ၏ သစ်တောများကို ပြန်လည် ကုစားဆောင်ရွက်သွားနိုင်ခြင်း၊ ရှေ့ဆက်လုပ်ဆောင်မည့် စီမံကိန်းလုပ်ငန်းကိစ္စအရပ်ရပ်အတွက် နိုင်ငံတော်၏ ထည့်ဝင်ငွေမှာ ၁ ရာခိုင်နှုန်းသာရှိပြီး ပြန်လည်ရရှိနိုင်မည့် အကျိုးကျေးဇူးများမှာ ထည့်ဝင်ငွေထက် ကျော်လွန်နိုင်ခြင်းတို့ကို ရရှိခံစားရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ**အပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေသည် လွှတ်တော်ကိုယ်စားလှယ်များ အကောင်အထည်ဖော် ဆောင်ရွက်သည့် ရန်ပုံငွေဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန်အတွက် သုံးစွဲနိုင်သည့် ခွင့်ပြုရန်ပုံငွေကို ငွေကျပ် သိန်း ၅၀ သတ်မှတ်ထားပါကြောင်း၊ အချို့ဆောင်ရွက်သည့် လုပ်ငန်းများသည် သတ်မှတ်ခွင့်ပြုရန်ပုံငွေပမာဏထက် ကြီးမားနေသဖြင့် သက်ဆိုင်ရာကာလအတွင်း ပြီးစီးမှုမရှိခြင်း၊ ခွင့်ပြုရန်ပုံငွေဖြင့် မလုံလောက်ခြင်းများ တွေ့ရှိရပါကြောင်း၊ ခွင့်ပြုချထားပေးသည့် ရန်ပုံငွေကန့်သတ်ချက်နှင့် ဆောင်ရွက်သည့်လုပ်ငန်းများ လိုက်လျောညီထွေရှိစေရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၆/၂၀၁၇)ကို ကော်မတီက ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**လွှတ်တော်၏အဆုံးအဖြတ်ရယူ**

ယင်းနောက် ရေခွန်နှင့် တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အဆိုပြုချက်ကို မူတည်ပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းက အာဆီယံဒေသသည် ဒေသတွင်း လူဦးရေသန်း ၆၀၀ ကျော် နေထိုင်လျက်ရှိပြီး နှစ်စဉ်သန်း ၁၀၀ ကျော်သည် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ယင်းသို့ကြုံတွေ့ရမှုကြောင့် နှစ်စဉ် အမေရိကန် ဒေါ်လာ ၅ ဘီလီယံခန့် ဆုံးရှုံးပျက်စီးနေသည့် ဒေသတစ်ခု ဖြစ်ပါကြောင်း၊ အဆိုပါ ဆုံးရှုံးမှုများသည် ဒေသတွင်းအတွက်သော်လည်းကောင်း၊ တစ်နိုင်ငံချင်းအတွက်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုများကို နောက်ကျစေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေဘေး၊ လေဘေး၊ ငလျင်ဘေးများကို နှစ်စဉ်ကြုံတွေ့နေရသည့်အတွက် ကမ္ဘာ့အဆင့်သတ်မှတ်တိုင်းတာချက်အရ အကျပ်အတည်းတွေ့သည့် တိုင်းပြည်အနေဖြင့် အဆင့်ကိုးတွင် ရှိပါကြောင်း၊ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေသည့် တိုင်းပြည်ဖြစ်ပါကြောင်း၊ စာချုပ်ပါအချက်များသည် မိမိတို့နိုင်ငံအနေဖြင့် လက်ခံဆောင်ရွက်သင့်သည့် အချက်များဖြစ်သည့်အတွက် သဘောတူစာချုပ်ကို မြန်မာနိုင်ငံအနေဖြင့်ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ဆွေးနွေးသည်။

**ဆွေးနွေး**

အလားတူ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ရှားမီး၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၊ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်းနှင့် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က ဆွေးနွေးကြသည်။

**လက်မှတ်ရေးထိုးနိုင်ရေး**

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့နိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် ဂေဟစနစ်များ ပြောင်းလဲမှုကြောင့်သော်လည်းကောင်း၊ သဘာဝဘေး ပုံမှန်ကျရောက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေပါကြောင်း၊ ထို့ပြင် သဘာဝဘေးသာမက လူလုပ်သည့်ဘေးအမျိုးမျိုးလည်း ကျရောက်နေသည့် နိုင်ငံဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခုစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြဆွေးနွေးရာ လွှတ်တော်ကသဘောတူ အတည်ပြုကြောင်းဆုံးဖြတ်သည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စုစည်းမှုမရှိသော အလွတ်သဘောဆောင်သည့် စီးပွားရေးလုပ်ငန်းမှ စနစ်တကျလုပ်ဆောင်သော စီးပွားရေးလုပ်ငန်းသို့ ကူးပြောင်းခြင်းဆိုင်ရာ တိုက်တွန်းချက်အမှတ် ၂၀၄ ကို မှတ်တမ်းတင်နိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိ**

ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က မြန်မာနိုင်ငံတွင် စနစ်တကျလုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်းများနှင့် အလွတ်သဘောလုပ်ကိုင်သည့် လုပ်ငန်းများကို နှိုင်းယှဉ်ပါက အလွတ်သဘော စီးပွားရေးလုပ်ငန်းများ များပြားနေပါကြောင်း၊ စနစ်ကျသည့် လုပ်ငန်းများကို လေ့လာပါက တစ်ဝက်ခန့်သာရှိပါကြောင်း၊ လက်တွေ့မြေပြင်တွင်လည်း လုပ်ငန်းခွင်များအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စံသတ်မှတ်ချက်မရှိပါကြောင်း၊ သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များမှာလည်း စနစ်မရှိမှုများကို တွေ့ရပါကြောင်း၊ သို့ဖြစ်၍ ယခုတိုက်တွန်းချက်တွင် ပါဝင်သည့် အချက်များသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိသည့်အတွက် အားစိုက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရန်နှင့် လွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်နှင့် ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်တို့ ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြရာ လွှတ်တော်မှ မှတ်တမ်းတင်ရန် သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

## တောင်ငူမြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ရွေးချယ်

**တောင်ငူ　ဇွန်　၆**

တောင်ငူမြို့နယ် စည်ပင်သာယာရေးကော်မတီဝင်ရွေးချယ်ရာတွင် ပါဝင်ရွေးချယ်ခံမည့် ရပ်ကွက်များမှ ကိုယ်စားပြုကိုယ်စားလှယ် ၄၀ ကို ဇွန် ၆ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တောင်ငူမြို့နယ်စည်ပင်သာယာရေးကော်မတီဝင်ရွေးချယ်ပွဲ ကျင်းပသည်။

မြို့နယ် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစံလှက စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း၊ နည်းဥပဒေများနှင့် ရွေးချယ်မည့် မဲပေးစနစ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တောင်ငူမြို့နယ်စည်ပင်သာယာ ရေးကော်မတီဝင် ရွေးချယ်ပွဲ ကျင်းပရာ ကော်မတီဝင်အရွေးခံမည့် ကိုယ်စားလှယ် ၄၀ က လျှို့ဝှက် ဆန္ဒမဲပေးကြရာ ဦးအေးလွင်က မဲအရေအတွက် ၁၇ မဲဖြင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဖြင့် လည်းကောင်း၊ ဦးသက်လွင်ဦးက မဲအရေအတွက် ၁၀ မဲဖြင့် အဖွဲ့ဝင်(၁)နှင့် ဒေါက်တာဘဆွေက မဲအရေအတွက် ကိုးမဲဖြင့် အဖွဲ့ဝင် (၂) ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်အသစ်ကို ရွေးချယ်တင်မြှောက်ခဲ့သည်။

အဆိုပါ ရွေးချယ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဒေသခံများ တက်ရောက်ကြကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## လျှပ်စစ်ဝန်ထမ်းဟောင်းများ အသင်း စည်းဝေး

**ရန်ကုန်　ဇွန်　၆**- ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ “လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း” အစည်းအဝေးခန်းမ၌ ဇွန် ၃ ရက်က လျှပ်စစ်ဝန်ထမ်းဟောင်းများ၏ “ဆည်းဆာရောင်ခြည်”မဂ္ဂဇင်း အမှတ်(၃)စာအုပ်ထုတ်ဝေရေးအတွက် ညှိနှိုင်းဆွေးနွေးကြပြီး မဂ္ဂဇင်းအမှတ်(၃)အတွက် စာမူများ ပေးပို့ပါက အသင်း၏ရုံးအဖွဲ့မှူး ဦးကျော်ဝင်းညွန့်၊ ဖုန်း ၀၁-၂၃၀၁၀၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပေးပို့နိုင်ကြောင်း သိရသည်။ **မောင်မောင်(လျှပ်စစ်)**

## ကမ္ဘာ့ဘဏ်နှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှုကိစ္စရပ်များ ဆွေးနွေး

နေပြည်တော်　ဇွန်　၆

**ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကမ္ဘာ့ဘဏ်မှ Lead Counsel, Ms. Nagavalli Annamalai နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1)၌ လက်ခံတွေ့ဆုံသည်။**



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးမောင်တိုး၊ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကမ္ဘာ့ဘဏ်မှ Lead Counsel, Ms. Nagavalli Annamalai တို့တွေ့ဆုံဆွေးနွေးစဉ်**

# စက်မှုလယ်ယာ၊ ထုတ်ကုန်အသစ်၊ ဒေသအလိုက် ဖော်ဆောင်မှုများဖြင့် မြန်မာ့စီးပွားရေး အရှိန်ယူမြှင့်တင်မည်

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ- သတင်းစဉ်**

**မြန်မာ့စောင်း၏ နူးညံ့သော ဂီတသံ၊ လှပျိုဖြူများ၏ ငြိမ့်ညောင်းသော မြန်မာအကတို့က တက်ရောက်လာသည့် ခန်းမတစ်ခုလုံးမှ ပရိသတ်ကိုဆွဲဆောင်ထားသည်။ ဖျော်ဖြေတင်ဆက်မှုအပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေက အခမ်းအနားဖွင့်လှစ်ခြင်းအထိမ်းအမှတ် ရွှေမောင်းကို သုံးချက်တိတိ တီးခတ်ပြီးချိန်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ၏ ခန်းမကျယ်ကြီးတွင် လက်ခုပ်သံများ တသောသောညံသွားသည်။**

ဤသည်မှာ အတိတ်နိမိတ်ကောင်းများဖြင့် မြန်မာ့စီးပွားရေးကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးကာ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် စီးပွားရေးအလားအလာကောင်းများ ဆောင်ကြဉ်းပေးမည့် ရှေ့ပြေးများဖြစ်ပြီး မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၇ ကို စတင်ဖွင့်လှစ်ခြင်းဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများမှ အကြီးအကဲများနှင့် စီးပွားရေးပညာရှင်များပါဝင်သည့် ဖိုရမ်သည် စတင်အသက်ဝင်လာသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း



ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး




ဦးခင်မောင်အေး

"မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းကို ကျွန်တော်တို့ ဖွဲ့စည်းထားတာ သုံးနှစ်ရှိသွားပါပြီ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံသူတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့တွေဟာ ပြည်တွင်းဈေးကွက်မှာ လှုပ်ရှားရုန်းကန်ခြင်းဖြင့် မြန်မာ့စီးပွားရေးကို မြှင့်တင်နေကြပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့ နိုင်ငံမှာ လာပြီး ရင်းနှီးမြှုပ်နှံလိုသူတွေ အများကြီးရှိပါတယ်။ သူတို့တွေအတွက် ချိတ်ဆက်ဆောင်ရွက်ဖို့၊ တစ်ဖက်နဲ့ တစ်ဖက် မူဝါဒတွေ၊ လုပ်ငန်းစဉ်သဘောတရားတွေ အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြဖို့ စီးပွားရေးနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ စသည်ဖြင့် ကျွန်တော်တို့ ဦးဆောင်ကျင်းပတဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်ဟာ ပြည်ပကနေ အရင်းအနှီးတွေ၊ အတွေ့အကြုံတွေနဲ့ အခွင့်အလမ်းတွေ ရရှိလာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံကြမယ့်သူတွေအတွက်လည်း အခွင့်အလမ်းတစ်ရပ်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်" ဟု မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်အေးက ပြောကြားသည်။

မြန်မာနိုင်ငံသည် အစိုးရသစ်တက်လာပြီးနောက် စီးပွားရေးမှာ တစ်ဟုန်ထိုးတိုးတက်မှု အားနည်းသော်လည်း စီးပွားရေးအခြေခံကောင်းများနှင့် အခွင့်အလမ်းများအကြား အလားအလာကောင်းသည့် အနေအထားဖြစ်ပြီး မြန်မာ့စီးပွားရေးကို သုံးသပ်ပါက ပြုပြင်ပြောင်းလဲမှုများ ကဏ္ဍအသီးသီးတွင် ပြုလုပ်လိုက်မည်ဆိုပါက များစွာတိုးတက်ထွန်းကားလာမည့် အခြေအနေတွင်ရှိကြောင်း၊ မိမိအနေဖြင့် ဘဏ်လုပ်ငန်း၊ ငွေကြေးဈေးကွက်နှင့် ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရန် အစိုးရကလည်း ပံ့ပိုးပေးခြင်း၊ ဥပဒေများ၊ မူဘောင်များ တိကျစွာချမှတ်ပေးခြင်းဖြင့် အဖြေရှာသင့်ကြောင်း ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂနှင့် ငွေရေးကြေးရေးအပါအဝင် စီးပွားရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသည့် လွတ်လပ်သည့် စီးပွားရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် Mr. Felix Haas က သူ၏ ဆွေးနွေးချက်များအပြီး မြန်မာ့အလင်း၏ မေးမြန်းချက်ကို ဖြေကြားသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ နိုင်ငံများမှ စီးပွားရေးလုပ်ငန်းနှင့်အဖွဲ့အစည်းပေါင်း ၁၀၀ ကျော်၊ ပြည်တွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၉၀ကျော်၊ ပြည်တွင်းလုပ်ငန်းရှင် ၂၀၀ ဝန်းကျင်တက်ရောက်ခဲ့ပြီး တွေ့ဆုံဆွေးနွေးခြင်း၊ နီးနှော ဖလှယ်ခြင်းများ ပြုလုပ်လျက်ရှိခြင်းဖြစ်သည်။

"ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာနိုင်မယ့် နည်းလမ်းတွေနဲ့ Fair Play ယှဉ်ပြိုင်နိုင်မှု အပိုင်းကို ပြောပြသွားတာရှိပါတယ်။ တကယ်လည်း FDI တွေ များများဝင်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေးများစွာ တိုးတက်နိုင် မယ်လို့ထင်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ လုပ်ငန်းရှင် တွေကလည်း Competitive ဖြစ်လာဖို့ သေသေချာချာ ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ အစိုးရဘက်ကတော့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက် လိုအပ်နေတဲ့ Sector တွေမှာ ပိုပြီးရင်းနှီးမြှုပ်နှံနိုင်အောင် အခြေခံအဆောက်အအုံ လိုအပ်ချက်တွေ ဖြည့်ဆည်းမယ်ဆိုရင် အမီမလိုက်နိုင်စရာ မရှိဘူးလို့ထင်ပါတယ်"ဟု စီးပွားရေးလုပ်ငန်းရှင် ဦးဝင်းအောင်က ပြောကြားသည်။

ဆွေးနွေးမှုများကို ဇွန် ၆ရက်နှင့် ၇ရက်တို့တွင် ပြုလုပ်ခြင်းဖြစ်ပြီး ယနေ့ (ဇွန် ၆ရက်) ဆွေးနွေးပြောကြားချက်များအရ မြန်မာ နိုင်ငံ၏ အဓိကအသက်သွေးကြောဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများကို လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်၊ ပြည်သူပြည်သားများနှင့် လုပ်ငန်းရှင်များ အတူတကွ အကျိုးဖြစ်ထွန်းစေရန် မျှော်လင့်ရသည်။

"စိုက်ပျိုးရေးကဏ္ဍမှာ ကျွန်တော်တို့ လုပ်ဆောင်လိုတာတွေ အများကြီးရှိတယ်။ စိုက်ပျိုးရေးနဲ့ဆက်စပ်ပြီး သွင်းအားစုတွေ၊ ထုတ်လုပ်မှုတွေကို အကျိုးတူပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံကြမယ်။ အဲဒီအတွက်လည်း နိုင်ငံတော်က ပံ့ပိုးမယ်၊ အထူးသဖြင့် တောင်သူ လယ်သမားတွေရဲ့ဘဝကို မြှင့်တင်ပေးမယ်။ တစ်လက်စတည်း မွေးမြူရေးလုပ်ငန်းတွေကိုလည်း အားပေးမယ်။ တစ်နိုင်တစ်ပိုင် ဧကအနည်းငယ်စိုက်ပျိုးနေရာကနေ ဧကတစ်ထောင်ကွက်လို စိုက်ပျိုးရေးစနစ်တွေကို ကျင့်သုံးမယ်ဆိုပြီး ရည်ရွယ်ထားတာတွေ အများကြီးရှိပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံသည် အာရှတွင် အဆွဲဆောင်နိုင်ဆုံး စီးပွားရေးတာစူနေသည့် နိုင်ငံအဖြစ်သို့ ၂၀၁၂ခုနှစ် ဝန်းကျင်တွင် ရောက်ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားအကောင်းဆုံးဖြစ်လာခဲ့ကာ ယခုနှစ်တွင်မှုပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် (၃၆) ရာခိုင်နှုန်းအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျဆင်းလာခဲ့သည်။ စီးပွားရေးတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူမှုရှိခြင်း၊ မျှတသည့် ယှဉ်ပြိုင်မှုဖြစ်ခြင်းများအတွက် နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ဖိုရမ်အတွင်း နိုင်ငံတော်အစိုးရ၏ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက တင်ပြသွားသည်။

"ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးကဏ္ဍအသီးသီးမှာ ရင်းနှီးမြှုပ်နှံမှုပုံစံက အပြောင်းအလဲရှိတယ်။ ကျွန်တော်တင်ပြခဲ့သလိုပါပဲ။ ဥပမာပြောရရင် ၂၀၁၁ ခုနှစ်မတိုင်မီက သတ္တုတူးဖော်ရေးလုပ်ငန်းတွေမှာ (၈) ရာခိုင်နှုန်းရှိပေမယ့် ယနေ့အနေအထားမှာ (၁)ရာခိုင်နှုန်းသာရှိတော့တယ်။ အဲဒီလိုပါပဲ ဆက်သွယ်ရေးလုပ်ငန်းမှာ အရင်က (၁)ရာခိုင်နှုန်းသာရှိပေမယ့် ယနေ့အချိန်မှာ(၁၂)ရာခိုင်နှုန်းအထိ တိုးလာတာရှိတယ်။ ကျွန်တော်တို့အနေနဲ့ လိုအပ်တဲ့ စီးပွားရေးဆိုင်ရာ ဥပဒေတွေကို ပြောင်းလဲရေးဆွဲမယ်၊ အတည်ပြုပြဋ္ဌာန်းကြမယ်။ တစ်ဖက်မှာလည်း ပြည်ပရင်းနှီးမြှုပ်နှံမှုကို အားပေးမယ်။ မျှတတဲ့ ယှဉ်ပြိုင်မှုဖြစ်လာအောင် လုပ်ကြမယ်။ တစ်ဖက်မှာလည်း ပြည်တွင်း အလတ်စားနဲ့ အသေးစားလုပ်ငန်းတွေကို ဖွံ့ဖြိုးလာအောင် လုပ်ထားကြမယ်။ ဒီလိုပဲ ကဏ္ဍအသီးသီးမှာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ကြဖို့တော့ လိုအပ်ပါတယ်"ဟု မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

စိုက်ပျိုးရေးကဏ္ဍတွင် စတင်ထွန်ယက်ချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့ ထုပ်ပိုးတင်ပို့သည့် စနစ်များအားလုံးတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သင့်ကြောင်းနှင့် စက်ကိရိယာများဖြင့် စိုက်ပျိုးရေးဆောင်ရွက်နိုင်မည်ဆိုပါက ပို့ကုန်များ၏ အရည်အသွေးကို ထိန်းချုပ်နိုင်ပြီး ဈေးကွက်ဝင်လုပ်ငန်းရှင်များကို မြင်တွေ့ရမည်ဖြစ်ကြောင်း အဆိုပါ ဖိုရမ်က မီးမောင်းထိုးပြသခဲ့သည်။

"ဖော်ဆောင်နေတဲ့ စီးပွားရေးဇုန်တွေ၊ သတ္တုအပါအဝင် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာတဲ့ စီးပွားရေးလုပ်ငန်းတွေဖြစ်လာဖို့၊ ဒေသခံတွေအတွက် မှန်ကန်မျှတတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာဖို့နဲ့ ပွင့်လင်းပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်တဲ့ စီးပွားရေးအခြေခံကောင်းတွေရှိဖို့ ကျွန်တော်တို့ ကြိုးစားသွားမှာပါ။ တစ်ဖက်မှာလည်း ရင်းနှီးမြှုပ်နှံသူတွေကို ဝင်ခွင့်ပေးပြီး ပြည်သူတွေအတွက် ပြည်ပကနေ တင်သွင်းနေရတဲ့ တန်ဖိုးကြီးထုတ်ကုန်တွေနေရာမှာ အစားထိုးသုံးစွဲရမယ့် ထုတ်ကုန်တွေ ထုတ်လုပ်ဖို့ တွန်းအားပေးရမယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

ဖိုရမ်အတွင်း ပြည်ပပို့ကုန်များအား ပိုမိုအရည်အသွေးပြည့်မီစွာ တင်ပို့နိုင်ရေး၊ ရော်ဘာပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ မြှင့်တင်ရေးများတွင် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ကြရန် အစိုးရတာဝန်ရှိသူများက တိုက်တွန်းပြောကြားသွားပြီး အခမ်းအနားအတွင်း ပြည်ပရင်းနှီးမြှုပ်နှံသူတစ်ဦးက မိမိတို့အနေဖြင့် မြေတန်ဖိုးကြီးမားခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင် အဟန့်အတားတစ်ရပ်အဖြစ် ကြုံတွေ့နေကြကြောင်း ဆွေးနွေးခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

"အပြုသဘောဆောင်တဲ့ ဝေဖန်ထောက်ပြချက်တွေကနေ အစိုးရအတွက်ရော၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက်ရော ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေ၊ အကြံဉာဏ်တွေကို ဒီဖိုရမ်က ဆောင်ကြဉ်းပေးမယ်လို့ ယုံကြည်ပါတယ်။ မြန်မာ့စီးပွားရေးကဏ္ဍကို ဝင်ရောက်ဖို့အတွက် နိုင်ငံအသီးသီးက ရင်းနှီးမြှုပ်နှံသူတွေက စိတ်ဝင်စားနေကြပါတယ်။ သူတို့အတွက် နားလည်လက်ခံနိုင်မယ့်၊ စိတ်ပါလက်ပါ ဝင်ရောက်နိုင်မယ့် အခြေအနေတွေ ဖန်တီးပေးဖို့က ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ သူတို့အနေနဲ့လည်း မြန်မာနိုင်ငံနဲ့ ကိုက်ညီမယ့် ရင်းနှီးမြှုပ်နှံမှုစနစ်တွေကို အကောင်းဆုံး ဖန်တီးဖို့တော့ လိုအပ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့လည်း အကျိုးတူပူးပေါင်းတာဖြစ်ဖြစ်၊ PPD စနစ်နဲ့ဖြစ်ဖြစ် သွားကြမယ်ဆိုရင် အဆင်သင့်ဖြစ်နိုင်အောင် Upgrade ဖြစ်ပေးဖို့ လိုအပ်တယ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပြည်တွင်းလိုအပ်ချက်တွေကို ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့အတွက် စီးပွားရေးဇုန်တွေက အထောက်အကူအများကြီးပေးနိုင်သလို ကျွန်တော်တို့ ထုတ်ကုန်တွေကိုလည်း အရည်အသွေးမီ ထုတ်လုပ်ခြင်းဖြင့် ပြည်ပဝင်ငွေ တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်"ဟု ဦးခင်မောင်အေးက ပြောကြားသည်။

"ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေ အနေနဲ့လည်း အစိုးရကိုလည်း အားကိုးနေပြီး ချေးငွေတွေကိုချည်း အားကိုးနေလို့မရပါဘူး။ အထူးသဖြင့် စွန့်ဦးတီထွင်သမားတွေနဲ့ ပြည်ပဈေးကွက်အထိ ထိုးဖောက်လိုတဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ မိမိတို့ တတ်စွမ်းတဲ့ အခြေအနေကနေစတင်ပြီး မြှင့်တင်ကြဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ဘဏ်လုပ်ငန်းလို လုပ်ငန်းမျိုးတွေမှာ စနစ်တကျနဲ့ တည်ငြိမ်စွာ ရပ်တည်နိုင်ကြဖို့အတွက် ပြင်ဆင်ထားသင့်ပါတယ်။ ကျွန်တော့်အမြင်ပြောရရင် မြန်မာနိုင်ငံဟာ စီးပွားရေးအလားအလာကောင်းတွေနဲ့ နိုင်ငံတစ်ခု ဖြစ်ပေမယ့် လုပ်ငန်းရှင်တွေဟာ ပြည်ပနဲ့ချိတ်ဆက်တဲ့ အတွေ့အကြုံကောင်းတွေမှာ အားနည်းနေသေးတာကို မြင်ရတယ်။ နောက်တစ်ခုက မြန်မာ့စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး နောက်ပိုင်းမှာ ကမ္ဘာ့ဈေးကွက်ကို ပိုပြီး တက်လှမ်းတော့မှာဖြစ်လို့ အခုလို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူတွေနဲ့ အစိုးရနဲ့ မကြာခဏ တွေ့ဆုံဆွေးနွေးတဲ့ ဖိုရမ်တွေ လုပ်ပေးသင့်တယ်"ဟု Mr . Felix က ထပ်လောင်းပြောကြားသည်။

နေပြည်တော်ရှိ MICC-2 ခန်းမအတွင်း များပြားသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက လုပ်ငန်းရှင်အချို့၊ အစိုးရတာဝန်ရှိသူအချို့နှင့် စီးပွားရေးဆိုင်ရာ ပညာရှင်အချို့၏ ဦးဆောင်ဆွေးနွေးမှုများကို စိတ်ပါဝင်စားစွာဖြင့် နားထောင်ကြရင်း ပြန်လည်ဆွေးနွေးမှု၊ အချင်းချင်းဆွေးနွေးမှုများဖြင့် မြိုင်ဆိုင်လှသည်။ မကြာမီ မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုများပြားလာကာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာရန် အခွင့်အရေးများဖြင့် Triple Win (Win Win Win) ရည်မှန်းချက်များ ပြည့်ဝလာနိုင်မည့် အလားအလာပင် ဖြစ်ပါကြောင်း။

## မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် ရတနာပုံတက္ကသိုလ်တွင် မှူခင်းအသိပညာပေးဟောပြောမှုများဆောင်ရွက်

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးရေး၊ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆောင်ရွက်မှုများအား ပြည်သူများသိရှိစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သောတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းအဖွဲ့သည် မှုခင်းအသိပညာပေး ဟောပြောမှုများ၊ မှတ်တမ်းဓာတ်ပုံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ပညာပေးဗီဒီယိုဇာတ်လမ်းများပြသ၍ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ယနေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ အမရပူရမြို့နယ် တောင်သမန်ကျေးရွာ ရတနာပုံတက္ကသိုလ်တွင် ပြုလုပ်ခဲ့ရာ ဒေါက်တာ အေးကျော် (ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်)နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့်၊ ကျေးရွာနေပြည်သူ ၈၀ ခန့် စုစုပေါင်း ၂၃၀ ခန့်လာရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ရုရှားနိုင်ငံ၏ သမိုင်းဝင်အထင်ကရနေရာဒေသများနှင့် ရုရှားနိုင်ငံအကြောင်း

**အန်၊အေ၊လီစတိုပါဒေါ့ဗ်(ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး )**

ရုရှားနိုင်ငံတော်အဖြစ် ထူထောင်ခဲ့သည်မှာ နှစ်ပေါင်း ၁၁၅၀ ကျော်ပြီဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းအင်အားကြီးနိုင်ငံများတွင် ပါဝင်ကာ သမိုင်းတွင် မိမိတို့၏ အခန်းကဏ္ဍကို ကြီးမားကျယ်ပြန့်စွာရေးဆွဲဖော်ဆောင်နိုင်ခဲ့ကြသည်။ ရုရှားလူမျိုးများသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကို ရာသီဥတုအေးချမ်းသည့် နေရာဒေသတွင် တည်ဆောက်ခဲ့ကြပြီး ထိုနိုင်ငံတော်ကြီးသည် မြို့ပြလူနေမှုစနစ်၏ မြောက်ဘက်အစွန်ဆုံး နယ်နိမိတ်ဖြစ်သည်။

**ကမ္ဘာ့သမိုင်းတွင် အင်အားအတောင့်တင်းဆုံး**

ရုရှားနိုင်ငံသည် ကျူးကျော်စစ်ဒဏ်ကို အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရသော်လည်း ပြင်ပကျူးကျော်သူများသည် ရုရှားနိုင်ငံကို အဆုံးတိုင်မကျူးကျော်နိုင်ဘဲ ၎င်းတို့၏ လက်အောက်သို့ မသွတ်သွင်းနိုင်ခဲ့ကြပါ။ အေဒီ-၁၃ ရာစုတွင် မွန်ဂိုတို့သည် ရွှေရောင်မျိုးနွယ်စုနယ်မြေမှ (Golden Horde)အစပြုကာ ရုရှားတို့၏ မြေပိုင်နက်တစ်စိတ်တစ်ပိုင်းကိုသာ ကျူးကျော်သိမ်းပိုက်နိုင်ခဲ့ကြသည်။ ထိုနေရာများတွင် ရုရှား ဇာဘုရင်များကသာ ယခင်ကကဲ့သို့ပင် အုပ်ချုပ်သည်။ ရုရှားနိုင်ငံသည် ကမ္ဘာ့သမိုင်းတွင် အင်အားအတောင့်တင်းဆုံး တပ်မတော်ကြီးများဖြစ်သည့် ၁၈၁၂ ခုနှစ်တွင် နပိုလီယံဦးဆောင်သည့် ပြင်သစ်အင်ပါယာနှင့် ၁၉၄၅ ခုနှစ်တွင် ဂျာမနီတို့ကို တွန်းလှန်တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့သည်။




မော်စကိုမြို့ရှိ သမိုင်းဝင် အထိမ်းအမှတ်ရုပ်တုကို တွေ့ရစဉ်

ရုရှားသိပ္ပံပညာရှင်များသည် ပညာရပ်ပိုင်းဆိုင်ရာ နယ်ပယ်အသီးသီးတွင် အထောက်အကူပြုသည့် လက်တွေ့လုပ်ဆောင်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ဥပမာ- Lobachevsky(1829) ၏ သင်္ချာပညာရပ်ဆိုင်ရာ non-Euclidean geometry၊ Mendeleev(1869)၏ အက်တမ်ကိန်းအလိုက် ဓာတုဒြပ်စင်များကို စီထားသည့် ဇယား၊ Tsiolkovsky(1903) ၏ အာကာသဆိုင်ရာ သီအိုရီအယူအဆတို့ ဖြစ်သည်။

ရုရှားသည် နျူကလီးယားအဏုမြူစွမ်းအင်ထုတ်လုပ်မှုတွင် ကမ္ဘာ့ခေါင်းဆောင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပထမဦးဆုံး နျူကလီးယားအဏုမြူစွမ်းအင်ထုတ် စက်ရုံကို ၁၉၅၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ရုရှားသည် ကမ္ဘာပေါ်တွင် ကြီးမားကျယ်ပြန့်သောပို့ဆောင်ရေးစနစ်နှင့် ဆက်သွယ်ရေးစနစ်များကိုပိုင်ဆိုင်သည်။ ကိုယ်ပိုင်အာကာသဂြိုဟ်တုလမ်းကြောင်းပြစနစ်(ဂလာနပ်စ်)ကို ပိုင်ဆိုင်ထားသည်။ အင်တာနက်ရှိ ဥရောပဘာသာစကားများထဲတွင် ရုရှားဘာသာစကားသည် အင်္ဂလိပ်ဘာသာစကားပြီးလျှင် ဒုတိယလူသုံးများ အကျော်ကြားဆုံးဖြစ်သည်။

**အာကာသလေ့လာရေးစခန်းများ**

ရုရှား (ယခင် ဆိုဗီယက်ပြည်ထောင်စု)သည် ပထမဦးဆုံး အာကာသခေတ်ကို ဖွင့်လှစ်ခဲ့သည်။ ကမ္ဘာပေါ်တွင် ရုရှားနိုင်ငံ၏ ပထမဦးဆုံးအောင်မြင်မှုများမှာ အာကာသဒုံးပျံ အောင်မြင်စွာပစ်လွှတ်နိုင်ခြင်း၊ ဂြိုဟ်တုအောင်မြင်စွာ လွှတ်တင်နိုင်ခြင်း၊ မြေပြင်အာကာသယာဉ်စခန်းများ တည်ဆောက်ခြင်း၊ ပထမဦးဆုံး အာကာသယာဉ်မှူးများ မွေးထုတ်ပေးနိုင်ခြင်း၊ အာကာသတွင်းလမ်းလျှောက်ခြင်း၊ ပထမဦးဆုံး အမျိုးသမီးအာကာသယာဉ်မှူးများ အာကာသခရီးစဉ်အတွင်း လိုက်ပါခြင်း၊ ကမ္ဘာပတ်လမ်းကြောင်းပေါ်တွင် အာကာသလေ့လာရေးစခန်းများ ဖွင့်လှစ်နိုင်ခြင်းတို့ ဖြစ်သည်။

၂၀-ရာစုနှစ်လယ်ပိုင်းတွင် ရုရှားနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းအားကစားနိုင်ငံများထဲတွင် တစ်နိုင်ငံဖြစ်သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် အိုလံပစ်အားကစားပြိုင်ပွဲများ၏ ပထမဆုတံဆိပ်များကို စဉ်ဆက်မပြတ်နီးပါး သိမ်းပိုက်နိုင်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ် ဆိုချီမြို့တွင် ကျင်းပသော အိုလံပစ်အားကစားပြိုင်ပွဲတွင်လည်း တစ်ဖန်အောင်ပွဲခံနိုင်ခဲ့သည်။




၂၀၁၆ ခုနှစ်က ကျင်းပခဲ့သည့် အာဆီယံ-ရုရှား ဆွေးနွေးပွဲ၌ တက်ရောက်လာသည့် မြန်မာနိုင်ငံသမ္မတ ဦးထင်ကျော်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဧရိယာပမာဏအားဖြင့် အကြီးဆုံးဖြစ်ပြီး စုစုပေါင်း စတုရန်းကီလိုမီတာ ၁၇ ၀၇၅ ၄၀၀ ကျယ်ဝန်းသည်။ ရုရှားနိုင်ငံသည် ကမ္ဘာ့မြေမျက်နှာပြင်တစ်ခုလုံး၏ ခုနစ်ပုံကို ပိုင်ဆိုင်ထားသည်။ ရုရှားနိုင်ငံသည် ပင်လယ် သမုဒ္ဒရာကြီး ၁၂ ခုဖြင့် ဝန်းရံထားသော တစ်ခုတည်းသော နိုင်ငံဖြစ်သည်။

ဆိုက်ဘေးရီးယားဒေသသည် စုစုပေါင်းဧရိယာ စတုရန်းကီလိုမီတာ ၉၀၀၀၀၀၀၇၃၄ ဒသမ ၃ ရှိပြီး မြေမျက်နှာသွင်ပြင်၏ ၁၀ ရာခိုင်နှုန်းသည် ကုန်းမြေဖြင့် စုဝေးထားသည်။ ဆိုက်ဘေးရီးယားတိုက်ဂါးသစ်တောသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသစ်တောဖြစ်သည်။ ထရန်(စ)-ဆိုက်ဘေးရီးယား တာဝေးမီးရထားလမ်းမကြီးသည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံးမီးရထားလမ်းမကြီးဖြစ်သည်။ တိုင်းမ်ဇုန် ရှစ်ဇုန်ကို ဖြတ်သန်းသွားသည့် ကီလိုမီတာ ၉၂၉၈ ရှည်လျားသော မဟာဆိုက်ဘေးရီးယားကားလမ်းမကြီးသည် မော်စကိုမြို့နှင့် ဗလာဒီဗက်စတော့မြို့ကို ဆက်သွယ်ချိတ်ဆက်ထားပြီး မြို့ပေါင်း ၈၇ မြို့နှင့် ဘောလ်ဂါမြစ်အပါအဝင် မြစ် ၁၆ မြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသည်။

**ကမ္ဘာပေါ်တွင် အကြီးဆုံး**

ဆိုက်ဘေးရီးယားရှိ ဘိုင်ကားရေအိုင်သည် ကမ္ဘာပေါ်တွင် အနက်ဆုံးနှင့် အကြီးမားဆုံး ရေချိုစမ်းရေထွက်သည့် ရေအိုင်ဖြစ်သည်။ ဘိုင်ကားရေအိုင်တွင် ရေပမာဏ ၂၃ ကုဗကီလိုမီတာ သိုလှောင်ထားသည်။ ရုရှားနိုင်ငံ၏ ရေဝေ၊ ရေလဲပမာဏမှာ ၄၄၉၈ ကုဗကီလိုမီတာရှိပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်။ ရုရှားနိုင်ငံ ရာကွတ်ဒေသရှိ အိုင်မီကွန်မြို့သည် လေထုအပူချိန် အနိမ့်ဆုံးမြို့အဖြစ် မှတ်တမ်းတင်ထားသည်။ ၁၉၂၄ ခုနှစ် မှတ်တမ်းအရ အအေးဆုံးစံချိန်သတ်မှတ်ချက်မှာ အနုတ် ၇၁ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ရုရှားနိုင်ငံတွင် ဆား၊ သောက်ရေ၊ ကဏန်း၊ ငါးကြင်း၊ သဘာဝဓာတ်ငွေ့၊ ကာဗွန်၊ မီးသွေး၊ သစ်တော၊ ခဲမဖြူ၊ သွပ်၊ တိုက်တေနီယမ်၊ နီအိုဘီယမ်သတ္တု၊ နီကယ်သတ္တု၊ သံသတ္တုတွင်း၊ စိန်တွင်း၊ ငွေသတ္တုတွင်းများ စသည့် သဘာဝသံယံဇာတများ အများအပြား ထွက်ရှိသည်။ ရုရှားနိုင်ငံ၏ ရေနံတူးဖော်မှုလုပ်ငန်းသည် ကမ္ဘာပေါ်တွင် ပထမနေရာ၌ ရပ်တည်နေသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဗဟိုအစိုးရနှင့်သက်ဆိုင်သော တိုင်းဒေသကြီးကိုးခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လူမျိုးစုနိုင်ငံ ၂၂ ခုအပါအဝင် ဗဟိုအစိုးရအဖွဲ့ဝင်ဒေသကြီး ၈၅ ခုဖြင့် ဖွဲ့စည်းထားသည်။ ရုရှားနိုင်ငံ၏ စုစုပေါင်းဧရိယာ ၂၈ ဒသမ ၆



စိန့်ပီတာစဘတ်မြို့ရှိ အထင်ကရ ဘုရားကျောင်းအဆောက်အအုံကို တွေ့ရစဉ်

ရာခိုင်နှုန်းတွင် နေထိုင်ကြသော လူဦးရေ ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လူမျိုးစုနိုင်ငံများသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ မျိုးနွယ်စုဆိုင်ရာ သတ်မှတ်ချက်အခြေခံဥပဒေကို ပိုမိုခိုင်မာစေသည်။ ရုရှားနိုင်ငံ လူဦးရေ၏ ၈၃ ရာခိုင်နှုန်းခန့်မှာ ရုရှားလူမျိုးများဖြစ်သည်။ ရုရှားနိုင်ငံ ဧရိယာတွင် တိုင်းမ်ဇုန် ၁၁ ဇုန်ရှိသည်။

ရုရှားလူမျိုး လေးပုံ သုံးပုံသည် မြို့ပြကြီးများတွင် နေထိုင်ကြသည်။ အကြီးဆုံးမြို့ကြီး ငါးမြို့မှာ- မော်စကို၊ စိန့်ပီတာစဘတ်၊ နိုဗိုစီဗစ်စ်၊ ရီကာကျယ်ရင်ဘုရ်(ဂ)နှင့် နေ့ာ(ဗ)ဂေါရဒ်တို့ ဖြစ်ကြသည်။ ရုရှားနိုင်ငံ၏ ၉၅ ရာခိုင်နှုန်းသည် အခြေခံပညာတတ်မြောက်သူများဖြစ်ပြီး ကမ္ဘာပေါ်တွင် လူထုအခြေခံပညာတတ်မြောက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည်။

ရုရှားနိုင်ငံ၏ ရှေးဟောင်းမြို့တော်များထဲမှ တစ်ခုဖြစ်သော ကယ်(ရ်)ချမြို့တော်ကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-၂၆၀၀ ခန့်က တည်ထောင်ခဲ့သည်။ မော်စကိုရှိ ကရင်မလင်နန်းတော် **(အောက်ပုံ)** သည် ကမ္ဘာပေါ်တွင် အလယ်ခေတ်၏ အကြီးမားဆုံးနှင့် အခိုင်ခံ့ဆုံးသော နန်းမြို့ရိုးဖြစ်သည်။ ကရင်မလင်မြို့ရိုး၏ စုစုပေါင်းအရှည်မှာ ၂၂၃၅ မီတာဖြစ်သည်။ မော်စကိုနိုင်ငံတော်တက္ကသိုလ် (Moscow State University) သည် ကမ္ဘာပေါ်ရှိ တက္ကသိုလ်များထဲတွင် အကြီးဆုံးနှင့် အမြင့်ဆုံးဖြစ်သည်။



မော်စကိုရှိ အိုစတန်ကင်စကီးရုပ်မြင်သံကြားလွှင့် အဆောက်အအုံသည် ဥရောပတိုက်တွင် အမြင့်ဆုံးအဆောက်အအုံဖြစ်သည်။ ရုရှားပြည်သူပိုင်စာကြည့်တိုက်သည် ဥရောပတွင် အကြီးဆုံးစာကြည့်တိုက်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုရှိ ကွန်ဂရက် စာကြည့်တိုက်ပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး စာကြည့်တိုက်ဖြစ်သည်။ ၎င်းစာကြည့်တိုက်သည် မော်စကိုမြို့တွင်တည်ရှိပြီး ၁၈၆၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

**မြေအောက်ရထား ၁၀၀၀၀ ခန့် မောင်းနှင်**

၁၉၃၅ ခုနှစ်တွင် တည်ဆောက်ခဲ့သော မော်စကို မြေအောက်ရထားလမ်း ၁၂ လမ်း၏ စုစုပေါင်းအရှည်မှာ ၃၄၆ ကီလိုမီတာဖြစ်သည်။ ဘူတာရုံပေါင်း ၂၀၆ ခုအကြား မြေအောက်ရထား ၁၀၀၀၀ ခန့် မောင်းနှင်ခုတ်မောင်းပြေးဆွဲလျက်ရှိသည်။ ပုံမှန်ခရီးသည်တင်မြေအောက်ရထားအရှည်မှာ ၁၃ ကီလိုမီတာ ရှည်လျားသည်။

မော်စကိုမြေအောက်ရထားများသည် ကမ္ဘာပေါ်ရှိ အခြားမြေအောက်ရထားပြေးဆွဲမှုထက် ကြိမ်နှုန်းပိုမို၍ပြေးဆွဲလျက်ရှိသည်။ ယာဉ်ကြောပိတ်သည့် အချိန်များတွင် မြေအောက်ရထားခရီးစဉ်တစ်ခုနှင့် တစ်ခုအကြား စက္ကန့် ၉၀ ခြားကာ ပြေးဆွဲလျက်ရှိသည်။ ၎င်းအပြင် အမည်ဖြင့်မှည့်ခေါ်ထားသော ရထားများလည်း ရှိသည်။ ဥပမာ - သဘာဝရှုခင်းပန်းချီကားများရှိရာဆီသို့ ကူးလူးဆက်သွယ် သွားလာသည့်သဘောဆောင်သည့် “ရေဆေးပန်းချီ”ဟု အမည်မှည့်ခေါ်ထားသည့် ရထားများလည်း ရှိသည်။

စိန့်ပီတာစဘတ်မြို့သည် လူဦးရေ တစ်သန်းကျော်နေထိုင်သည့် ကမ္ဘာ့မြေမျက်နှာပြင်၏ မြောက်ဘက်အစွန်ဆုံးကျသော မြို့ဖြစ်သည်။

စိန့်ပီတာစဘတ်မြေအောက်မီးရထားလမ်းသည် ကမ္ဘာပေါ်တွင် အနက်ဆုံးမြေအောက်မီးရထားလမ်းဖြစ်သည်။ ၎င်းမှာ ၁၀၀ မီတာနက်သည်။

Hermitage ပြတိုက်သည် ကမ္ဘာပေါ်ရှိ အကြီးဆုံးနှင့် ရှေးအကျဆုံးသော ပြတိုက်များမှ တစ်ခုဖြစ်သည်။ ၎င်းပြတိုက်ထဲတွင် ကျောက်ခေတ်မှ ယနေ့ခေတ်အထိ ဖန်တီးပြုလုပ်ထားသော အနုပညာလက်ရာပေါင်း သုံးသန်းခန့်ကို ထိန်းသိမ်းပြသထားသည်။ ပြကွက်တစ်ကွက်ကို အချိန်တစ်မိနစ်ဖြင့် တစ်ရက် ရှစ်နာရီကြာ လေ့လာကြည့်ရှုပါက ၂၅ နှစ်ကျော် ကြာမည်ဖြစ်သည်။

# ဖုန်းလိုင်းမမိ၍ အိန္ဒိယဝန်ကြီးတစ်ဦး သစ်ပင်ပေါ်တက်ပြီးဖုန်းဆက်

**နယူးဒေလီ ဇွန် ၆**

အိန္ဒိယနိုင်ငံမှ ပြည်နယ်ဝန်ကြီးဖြစ်သူ အာဂျမ်ရမ်မက်ခ်ဝယ်သည် အိန္ဒိယနိုင်ငံ အနောက်ပိုင်း ရာဂျက်စတန်ပြည်နယ်တွင် ဖုန်းလိုင်းမမိသည့်အတွက် သစ်ပင်ပေါ် တက်ကာ ဖုန်းဆက်ခဲ့ရကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဘဏ္ဍာရေးဆိုင်ရာပြည်နယ်ဝန်ကြီး အာဂျမ်ရမ်မက်ခ်ဝယ်သည် လွန်ခဲ့သော ရက်များက ရာဂျပ်စတန်ပြည်နယ် မြို့တော်ဂျိုင်ပါ၏ အနောက်မြောက်ဘက် ၃၇၅ ကီလိုမီတာခန့်အကွာ ဘီကန်နာခရိုင်ရှိ သစ်ပင်ပေါ်သို့ ဖုန်းလိုင်းမိစေရန် တက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပြည်နယ်ဝန်ကြီးသည် ၎င်း၏မဲဆန္ဒနယ်ဖြစ်သော ဒိုလီယာကျေးရွာသို့ သွားရောက်စဉ် ယခုကဲ့သို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာရှိလူများက ဝန်ကြီးထံ ပြဿနာများတင်ပြခဲ့ရာ ဝန်ကြီးက တာဝန်ရှိသူများထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားရန် ကြိုးစားခဲ့ကြောင်း၊ သို့သော်လည်း ဖုန်းလိုင်းမမိသဖြင့် သစ်ပင်ပေါ်တက်၍ ဖုန်းဆက်ပြောဆိုရန် ရွာသားများက အကြံပေးရာ လှေကားဖြင့် သစ်ပင်ပေါ် တက်၍ ဖုန်းဆက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ယင်းလှေကားဖြင့်သစ်ပင်ပေါ်တွင် ဖုန်းပြောနေသည့်ပုံသည် လူမှုမီဒီယာများတွင် ဟိုးလေးတကျော် ဖြစ်ခဲ့သည်။

အိန္ဒိယနိုင်ငံတစ်ဝန်း အထူးသဖြင့် ကျေးလက်ဒေသများတွင် မိုဘိုင်းဖုန်း ဆက်သွယ်မှုများ ကောင်းမွန်ခြင်း မရှိပေ။ **(ဆင်ဟွာ)**




# အစ္စရေး-ပါလက်စတိုင်း နှစ်ပြည်ထောင်တည်ဆောက်မှုဖြင့် ငြိမ်းချမ်းရေးအဖြေရှာရန် ဂူတာရက်စ်တိုက်တွန်း

**ဂျီနီဗာ ဇွန် ၆**

၁၉၆၇ ခုနှစ်ကတည်းက အစ္စရေးတို့၏ကျူးကျော်သိမ်းပိုက်မှုကိုအဆုံးသတ်ရန်နှင့် အစ္စရေး-ပါလက်စတိုင်းကြားနှစ်ပြည်ထောင်စနစ်တည်ဆောက်မှုဖြင့် ပဋိပက္ခများ ဖြေရှင်းရန်အတွက် တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ယမန်နေ့ကတိုက်တွန်းပြောကြားလိုက်သည်။

နှစ်ပြည်ထောင်တည်ထောင်ခြင်းဖြင့် ဖြေရှင်းမှုသည် ငြိမ်းချမ်းရေးကို အခွန့်ရှည်စေမည်ဖြစ်ကြောင်း ဂူတာရက်စ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် အစ္စရေး-အာရပ်ပဋိပက္ခဖယ်ရှားနိုင်စေရန် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းသည် အကြမ်းဖက်ဝါဒကို ဖယ်ရှားနိုင်မည့် အဖြေတစ်ခုဖြစ်ကြောင်း လုံခြုံရေး အကျိုးစီးပွားနှင့်လူ့အခွင့်အရေးများရရှိလာမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ပါရီသဘောတူစာချုပ်မှနုတ်ထွက်ရန် မဲခွဲဆုံးဖြတ်ရာတွင် ဆန့်ကျင်သူ ၆၀ ရာခိုင်နှုန်းရှိ




**ဝါရှင်တန် ဇွန် ၆**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာပါရီသဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်ရေးအတွက် အမေရိကန်၌ မဲခွဲဆုံးဖြတ်မှုပြုလုပ်ရာ မဲရလဒ်များအရ အမေရိကန်နိုင်ငံသား ၆၀ ရာခိုင်နှုန်းက နုတ်ထွက်မှုကိုဆန့်ကျင်ကြောင်း သိရသည်။

မဲခွဲဆုံးဖြတ်မှုရလဒ်များကို ABC သတင်းကွန်ရက်နှင့်ဝါရှင်တန်ပို့စ် သတင်းစာတို့တွင်တစ်ပြိုင်နက်ဖော်ပြခဲ့ကြသည်။တနင်္လာနေ့က ထုတ်ပြန်ကြေညာခဲ့သည့် မဲရလဒ်များက ပါရီသဘောတူစာချုပ်မှနုတ်ထွက်ရန်ထရန့်၏ဆုံးဖြတ်မှုကို ပြည်သူ ၅၉ ရာခိုင်နှုန်းက ဆန့်ကျင်ကြောင်းဖော်ပြခဲ့ပြီးထောက်ခံသူ ၂၈ရာခိုင်နှုန်းရှိကြောင်း တွေ့ရသည်။ ထရန့်၏ဆုံးဖြတ်ချက်က အမေရိကန်ပြည်ထောင်စု၏စီးပွားရေးကို မည်သို့သက်ရောက်စေမည်ကို မေးမြန်းထားရာတွင် ၃၂ ရာခိုင်နှုန်းက အမေရိကန်ပြည်ထောင်စု၏စီးပွားရေးကိုစာချုပ်မှနုတ်ထွက်လိုက်ခြင်းကအကူအညီဖြစ်စေလိမ့်မည်ဟုဖြေကြားထားပြီး ၄၂ ရာခိုင်နှုန်းကမူစီးပွားရေးကိုထိခိုက်စေလိမ့်မည်ဟု ဖြေကြားထားကြောင်း ဖော်ပြထားသည်။

ပြည်သူများ၏၄၅ရာခိုင်နှုန်းက ထရန့်၏ဆုံးဖြတ်ချက်သည် ကမ္ဘာ့အလယ်တွင် အမေရိကန်၏ခေါင်းဆောင်မှုအပိုင်းကိုအထိနာစေလိမ့်မည်ဟုသဘောတူညီခဲ့ကြကြောင်း သိရသည်။ ပါရီသဘောတူစာချုပ်မှ နုတ်ထွက်ရန်ဆုံးဖြတ်မှုကြောင့်ထရန့်သည် အမေရိကန်စီးပွားရေးလုပ်ငန်းစုများနှင့်ဥရောပနိုင်ငံများ၏ဝေဖန်မှုကိုရင်ဆိုင်ရလျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**

# ဂျပန်နိုင်ငံအနောက်တောင်ပိုင်း စကူရာဂျီမာမီးတောင်လှုပ်ခတ်

**တိုကျို ဇွန် ၆**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကာကိုရှီးမားစီရင်စုရှိ စကူရာဂျီမာမီးတောင်သည် ဇွန် ၆ ရက်နံနက်ပိုင်းက လှုပ်ခတ်သွားခဲ့ကြောင်း မိုးလေဝသဌာနက ဖော်ပြခဲ့သည်။

မီးတောင်သည်ဒေသစံတော်ချိန် နံနက် ၇ နာရီ ၅၆ မိနစ်တွင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရက်သတ္တပတ်အနည်းငယ်အတွင်း ဒုတိယအကြိမ်မြောက်သိသိသာသာ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသဌာနက ဆက်လက်ပြောခဲ့သည်။



မီးတောင်ထိပ်ဝအကျယ် ၁၁၁၇ မီတာရှိသော ချောဝမီးတောင်မှမီးခိုးပြာများကို အမြင့်မီတာ ၃၀၀၀ ကျော်အထိ မှုတ်ထုတ်ခဲ့ကြောင်း ယင်းဌာနက ဆက်လက်ပြောကြားခဲ့သည်။ မီးတောင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရရှိမှုနှင့် ထိခိုက်ပျက်စီးမှုသတင်းများ ထွက်ပေါ်လာခြင်းမရှိသေးသော်လည်း မီးတောင်ဆက်လက်ပေါက်ကွဲမှုများ ရှိနိုင်သေးကြောင်း ယင်းဌာနက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ မီးတောင်သည် မီးတောင်ရှင် အမျိုးအစားဖြစ်ကာ မေ ၂၉ ရက်က နောက်ဆုံးလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

**မီးတောင်မှ မှုတ်ထုတ်လိုက်သည့်မီးခိုးပြာများကို တွေ့ရစဉ်**

# အစ္စရေးအလယ်ပိုင်းတွင် လုံခြုံရေးအစောင့်တစ်ဦးက ဆန္ဒပြဆန့်ကျင်သူတစ်ဦးကိုသေနတ်ဖြင့်ပစ်သတ်

**ဂျေရုဆလင် ဇွန် ၆**

အစ္စရေးနိုင်ငံအလယ်ပိုင်းရှိ ရဲစခန်းတစ်ခုတွင် အင်္ဂါနေ့က ဆန္ဒပြဆန့်ကျင်သူရာပေါင်းများစွာတို့ ဆူပူသောင်းကျန်းခဲ့ကြပြီး ယာဉ်များကိုမီးရှို့ဖျက်ဆီးမှုပြုလုပ်ခဲ့ကြရာ လုံခြုံရေးအစောင့်တစ်ဦးက ဆန္ဒပြရာတွင်ပါဝင်သည့် အာရပ်နွယ်ဖွား အစ္စရေးနိုင်ငံသားတစ်ဦးကို သေနတ်ဖြင့် အသေပစ်သတ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ကတ်ဖ်ကွာဆမ်မြို့နယ်တွင် ရဲအရာရှိများက သံသယရှိသူတစ်ဦးအား စစ်ဆေးမေးမြန်းရန်အတွက် ဖမ်းဆီးခဲ့ပြီးနောက် ဆန္ဒပြဆူပူမှုများ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မစ်ကီရိုဆန်ဖီးလ်ကပြောကြားခဲ့သည်။

ဆန္ဒထုတ်ဖော်သည့် ဒေသခံအယောက် ၅၀ ခန့်နှင့် ရဲအရာရှိများ ရန်ရင်းဆန်ခတ် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒေသခံများက ရဲအရာရှိများအား ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြကြောင်း ရိုဆန်ဖီးလ်က ဖြည့်စွက်ပြောကြားခဲ့သည်။

ဆန္ဒထုတ်ဖော်သူရာပေါင်းများစွာအနက် အချို့မှာမျက်နှာဖုံးများဝတ်ဆင်ထားကြသည်။

နောက်ပိုင်းတွင် ဒေသရဲစခန်းဂိတ်တံခါးများကို ချိုးဖျက်ကာ ရဲစခန်းအဆောက်အအုံအတွင်းသို့ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြသည်ဟု ၎င်းကဆိုသည်။

သေနတ်ဖြင့်ပစ်ခတ်ခဲ့သူ ရဲစခန်းလုံခြုံရေးအစောင့်က ၎င်း၏အသက်အန္တရာယ်ထိခိုက်တော့မည့် အခြေအနေကြောင့် သေနတ်ပစ်ခတ် ကာကွယ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆန္ဒထုတ်ဖော်သူများအနက်တစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း ၎င်းကပြောသည်။

**(ရိုက်တာ)**

**ဆန္ဒပြသူများ ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့သည့် ရဲတပ်ဖွဲ့၏ ကားတစ်စီးကို တွေ့ရစဉ်**



# ရခိုင်ပြည်နယ်အတွင်းရှိ အမျိုးသမီးများ၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ဆွေးနွေး

**နေပြည်တော် ဇွန် ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် UN Women အဖွဲ့အစည်းမှ Regional Director , Ms. Miwa Kato ဦးဆောင်သောအဖွဲ့ဝင်များအား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မေခလာခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂) National Strategic Plan for Advancement of Women (2013-2022) (NSPAW) အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ပါဝင်ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်းရှိ အမျိုးသမီးများ၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာကဏ္ဍ တိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးနေသည့် အခြေအနေများ၊ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ကိစ္စရပ်များအပေါ် National Strategic Plan for Advancement of Women (2013-2022) (NSPAW) အကောင်အထည်ဖော်မှုကိစ္စများ၊ Gender Responsive Budget နှင့် ပတ်သက်၍ အာဆီယံနိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေးဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများတွင် ကူညီဆောင်ရွက်နေမှုများကို လည်းကောင်း၊ အိမ်အကူလုပ်သားများနှင့်သက်ဆိုင်သည့် လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြမည့်အစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ထောက်ပံ့ကြေးရပြီဆိုတော့ မိုးမကျမီ နေလို့ရအောင် အိမ်အမြန်ပြန်ဆောက်မယ်

**ဦးအောင်စံသိန်း**



ဦးအောင်ထွန်းလှ



ဦးအောင်စံသိန်း



ဦးဘထွန်း



ဒေါ်အမ်ဘီယာခါတူ



ဒေါ်နုရ်ရှုဂျာန်

**မောင်တော ဇွန် ၆**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဆိုင်ကလုန်းမုန်တိုင်း'မိုရာ'တိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့သည့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်း ကျေးရွာများသို့ သွားရောက်ကာ လူနေအိမ်များအား မိုးမကျမီ အချိန်မီ ပြန်လည်ဆောက်လုပ်နိုင်ရန် ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် မောင်တောခရိုင်တွင် မုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားသည့် လူနေအိမ်များအတွက် ကူညီထောက်ပံ့နိုင်ရန် ခရိုင်အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထု ပူးပေါင်းပြီး ပြိုကျပျက်စီးသွားသည့် လူနေအိမ်များ စာရင်းဇယားတွင် မကျန်ရှိစေရေး၊ စာရင်းဇယား ဖောင်းပွမှုမဖြစ်စေရေးနှင့် အမှန်တကယ်လိုအပ်သည့် နေရာများတွင် ထောက်ပံ့နိုင်ရန် စိစစ်ဆောင်ရွက်လျက်ရှိသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ငွေကြေးထောက်ပံ့မှုဖြင့် နေအိမ်များ ပြန်လည်ဆောက်လုပ်ရန် ပြင်ဆင်နေသည့် ဒေသခံများအား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ဦးအောင်ထွန်းလှ(မောင်တောမြို့နယ်၊ ရွှေရင်အေးကျေးရွာအုပ်ချုပ်ရေးမှူး)**

ဒီရွာမှာ မုန်တိုင်းကြောင့် လူနေအိမ် ၁၄ လုံးနဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်း ပျက်စီးသွားတယ်။ ပျက်စီးသွားတဲ့အိမ်တွေကို ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးဌာနက ငွေကြေးထောက်ပံ့သွားတယ်။ အိမ်တွေပြန်ဆောက်ဖို့အတွက် ရပ်ရွာကလည်း ဝိုင်းပြီး တတ်နိုင်သလောက် လုပ်အားဖြစ်စေ ကူညီရမှာပေါ့။ ထောက်ပံ့တဲ့ငွေက အိမ်ပြန်ဆောက်ဖို့တော့ မလောက်နိုင်ဘူး။ ကိုယ့်ဘာသာကိုယ်လည်း နည်းနည်းစိုက်ရမှာပါ။

**ဦးအောင်စံသိန်း(မောင်တောမြို့နယ်၊ ရွှေရင်အေးကျေးရွာ)**

အိမ်မှာက လင်မယားနှစ်ယောက်တည်းနေတာ။ မုန်တိုင်းက တစ်ညလုံး တိုက်တာ။ မနက်လင်းခါနီး အိမ်ပြိုသွားတယ်။ အခု သူများအိမ်မှာ ခဏနေရတယ်။ ထောက်ပံ့ကြေးရပြီဆိုတော့ မိုးမကျမီ နေလို့ရအောင် အိမ်တော့ အမြန်ပြန်ဆောက်မယ်။ မုန်တိုင်းက ဒီဒေသမှာ အမြဲခံစားရတယ်။ ဒီမှာနေတာ ၁၇ နှစ်ရှိပြီ။

**ဦးဘထွန်း(မောင်တောမြို့နယ်၊ ကန်မြင်သာစည်ကျေးရွာအုပ်ချုပ်ရေးမှူး)**

ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဌာနက ငွေကြေးမထောက်ပံ့ခင်ကတည်းက ရွာသားတွေစုပြီး ပျက်တဲ့အိမ်တွေ ပြန်ပြင်ခဲ့တယ်။ ဒီရွာမှာ မုန်တိုင်းကြောင့် လူနေအိမ် ၁၇ လုံး ပျက်တာ။ ၁၆ လုံးပြင်ပြီးပြီ။ ကျန်တဲ့တစ်အိမ်က သစ်ဖိုးမတတ်နိုင်လို့ မပြင်ရသေးဘူး။ လာထောက်ပံ့ပြီဆိုတော့ ကျန်တဲ့အိမ်လည်း အမြန်ပြင်မှာပါ။ ဒီရွာမှာက တောင်ယာ၊ လယ်နဲ့ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်တယ်။ မုန်တိုင်းဒဏ်လည်း ခဏခဏခံရတယ်။ အိမ်တွေလည်း မုန်တိုင်းကြောင့် ပျက်ရတယ်။

**ဒေါ်အမ်ဘီယာခါတူ(မောင်တောမြို့နယ်၊ ဝါးချကျေးရွာအုပ်စု)**

အလုပ်က စိုက်ပျိုးရေးလုပ်ပါတယ်။ မိသားစု ခုနစ်ယောက်ရှိပါတယ်။ အခုအိမ်က ပြိုသွားလို့ သူများအိမ်မှာ ကပ်နေရတယ်။ ငွေမတတ်နိုင်လို့ ပြန်မဆောက်နိုင်သေးဘူး။ အခု ထောက်ပံ့ငွေရပြီဆိုတော့ အိမ်ပြန်ဆောက်မယ်။ ရွာထဲကအိမ်တွေကတော့ အပျက်အစီးနည်းတယ်။

**ဒေါ်နုရ်ရှုဂျာန်(မောင်တောမြို့နယ်၊ အုန်းတောကျေးရွာအုပ်စု၊ အနောက်ရွာ)**

မိသားစု ငါးယောက်ရှိပါတယ်။မုန်တိုင်းတိုက်တဲ့ညမှာပဲ အိမ်ကပြိုကျသွားတယ်။ အခု ဆွေမျိုးတွေ အိမ်မှာနေတယ်။ လောလောဆယ်တော့ ဘယ်အဖွဲ့အစည်းမှ လာထောက်ပံ့တာမရှိဘူး။ အစိုးရကပဲ ထောက်ပံ့ပါတယ်။ အိမ်ကို အမြန်ပြန်ဆောက်မှာပါ။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ရဲထွင်**

# နှိပ်စက်ခံရသော မိန်းကလေး တစ်နေ့ထမင်းတစ်နပ်သာ စားရဟုဆို

**■ စုစု**

ရန်ကုန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် အိမ်အကူအဖြစ် တစ်လကြာလုပ်ကိုင်စဉ် အပြင်းအထန်ညှဉ်းပန်းနှိပ်စက်ခံရသော ၁၃ နှစ် အရွယ် မိန်းကလေးတစ်ဦးက နေ့စဉ် ထမင်းတစ်နပ်သာစားခွင့်ရခဲ့သည်ဟု တနင်္လာနေ့တွင် ပြောလိုက်သည်။

"နေ့လယ် ၃ နာရီလောက်မှ မနက်စာစားရတယ်။ တစ်နေ့လုံးကို အဲ့ဒီတစ်နပ်ပဲစားရတယ်"ဟု ရရှိထားသော ဒဏ်ရာများကြောင့် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် ကုသမှုခံယူနေရသူ မခိုင်နှင်းဝေက ပြောသည်။

အလုပ်မျိုးစုံ ပင်ပင်ပန်းပန်းလုပ်ကိုင်ရပြီး မည်သည့်အတွက်ကြောင့် ဝဝလင်လင် စားသောက်ခွင့်မရသည့်အကြောင်းရင်းကို မခိုင်နှင်းဝေက ပြောပြခြင်းမရှိသော်လည်း သူ၏ ဒဏ်ရာများမှာ အိမ်ရှင်က ဝါးတုတ်၊ ရေနွေးပူ၊ မီးပူ၊ ကတ်ကြေးတို့ကို အသုံးပြုပြီး ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့် ဖြစ်သည်ဟု ပြောပြသည်။

"မီးပူနဲ့ အကပ်ခံရတဲ့နေ့ကဆို ရေနွေးအိုးဆူတာကို မပြောလို့ဆိုပြီး သူ(မမြတ်နိုးသူ)က ရေနွေးပူနဲ့ လှမ်းပက်တယ်။ ပါးစပ်က ဒဏ်ရာတွေက လက်သည်းနဲ့ ကုတ်ခံရတာ။ ညဘက်ဆို မီးပူတိုက်ပြီးတဲ့အချိန် ၁၂ နာရီ၊ ၁ ချက်တီးလောက်မှ အိပ်ရတယ်။ မနက်ဆို ၆ နာရီမထိုးခင် ထရတယ်"ဟု ဆေးရုံခုတင်ပေါ်တွင် လဲလျောင်းနေသော မခိုင်နှင်းဝေက ရှင်းပြသည်။



မခိုင်နှင်းဝေအား ရရှိထားသည့်ဒဏ်ရာများနှင့် တွေ့ရစဉ်

မခိုင်နှင်းဝေသည် အိမ်ရှင်လင်မယားနှစ်ယောက်၊ ၎င်းတို့၏ တစ်နှစ်အရွယ်ကလေးတို့နှင့်အတူ နေထိုင်စဉ် အဝတ်လျှော်၊ မီးပူတိုက်၊ အိမ်သန့်ရှင်းရေးအလုပ်များ လုပ်ရကြောင်း၊ အိမ်ရှင်အမျိုးသမီး၏ ရိုက်နှက်မှုဒဏ်ကို စရောက်ကတည်းက ခံရသော်လည်း ထိုအိမ်မှထွက်ပြေးရန် အခြေအနေမပေးခဲ့ကြောင်း မခိုင်နှင်းဝေက ပြောသည်။

မခိုင်နှင်းဝေသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ဖြစ်ပြီး မေလ ၅ ရက်နေ့ကမှ ရန်ကုန်ရောက်လာသူဖြစ်သည်။

**ကုသမှု ဆက်လက်ခံယူမည်**

သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သန်းလှက မခိုင်နှင်းဝေ၏ ကျန်းမာရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဟု ပြောသည်။

"အခုချိန်မှာတော့ ကျွန်မတို့အနေနဲ့ ကလေးမလေးရဲ့ အနာတွေကို ကုသပေးနေပြီး သူ့ရဲ့စိတ်ပိုင်းဆိုင်ရာကိုပါ ထပ်ပြီးတော့ ကုသရမှာပါ"ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ထုတ်ပြန်ထားသည့် ဓာတ်ပုံများအတိုင်းပင် မခိုင်နှင်းဝေ၏ ရင်ဘတ်၊ နောက်ကျော၊ လက်၊ ခြေထောက်၊ ဦးခေါင်း၊ မျက်နှာတို့တွင် ဒဏ်ရာများရှိနေကြောင်း တွေ့ရသည်။

ရန်ကုန်တိုင်းရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်အရ အလုပ်ရှင်လင်မယား ကိုထွန်းထွန်း၊ မမြတ်နိုးသူတို့မှာ အသက် ၃၀ ကျော်အရွယ်များဖြစ်ကြောင်း၊ ၎င်းတို့ကို ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် အပြင်းအထန်နာကျင်စေမှု ပုဒ်မ ၃၂၆၊ ၃၂၅၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီမှု ပုဒ်မ ၁၁၄ တို့ဖြင့် အရေးယူထားကြောင်း သိရသည်။

ကလေးသူငယ်ဥပဒေဖြင့် အရေးယူနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနကို ဆက်သွယ်ထားကြောင်း၊ လူကုန်ကူးမှုနှင့် ငြိစွန်းခြင်း ရှိ မရှိ သိနိုင်ရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကလည်း ပူးပေါင်းစစ်ဆေးနေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုလင်မယားဖမ်းဆီးထိန်းသိမ်းခံထားရသည့်ပုံကိုလည်း ထုတ်ပြန်ချက်တွင် ပူးတွဲဖော်ပြထားသည်။

**နွမ်းပါးမှုနှင့် အလုပ်အကိုင်**

အိမ်ရှင်လင်မယားနှစ်ဦးလုံးက မခိုင်နှင်းဝေကို ရိုက်နှက်နှိပ်စက်မိသည်ဟု ဝန်ခံထွက်ဆိုထားကြောင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းမှ ဒုစခန်းမှူး ဦးဝင်းကို(ယာယီ-စခန်းမှူး)က ပြောသည်။

မခိုင်နှင်းဝေက သူအလုပ်လုပ်သည့် နေအိမ်ကို ရပ်ကွက်အတွင်း နေထိုင်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများလည်း ဝင်ရောက်လာကြပြီး စစ်ဆေးကြကြောင်း၊ သူ၏ ဒဏ်ရာများကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း ပြောပြသည်။

"လမ်းထဲက ကက်ဆက်ပြင်တဲ့ ဦးမျိုး(ရာအိမ်မှူး ဦးမျိုးတင့်နိုင်)က ဘေးအခန်းကလူတွေကို တံခါးခေါက်ခိုင်းပြီး သမီးကို ထွက်လာခိုင်းတယ်။ ဒဏ်ရာတွေကို ဓာတ်ပုံရိုက်တယ်။ ဦးမျိုးဘယ်လိုသိလဲတော့သမီးလည်းမသိဘူး"ဟု မခိုင်နှင်းဝေက ရှင်းပြသည်။

မခိုင်နှင်းဝေက ၎င်း၏ မိဘများ ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ရန်ကုန်သို့ မထွက်ခွာခင်က ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် တောဂရက်ကျေးရွာတွင် ညီမ၊ အဖိုးဖြစ်သူတို့နဲ့ အတူနေကြောင်း ပြောပြသည်။

လစာလေးသောင်းပေးမည်ဟု သဘောတူထားကြောင်း၊ သို့သော်လည်း ယခုအချိန်အထိ လစာမရသေးကြောင်း၊ ရန်ကုန်သို့ လာရောက်ရန် အိမ်နီးချင်းတစ်ဦးက ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း မခိုင်နှင်းဝေက ရှင်းပြသည်။

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာမှု ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသောစစ်သင်္ဘော ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇွန် ၆**

အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာမှုထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်သင်္ဘောသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း(MITT)သို့ ရောက်ရှိလာရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာ့တပ်မတော်(ရေ) မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အိန္ဒိယနိုင်ငံမှလှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများကို မြန်မာ့တပ်မတော်(ရေ)မှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံကာ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ဖြန့်ဝေပေးနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ချိတ်ဆက်ပေးပို့သွားမည်ဖြစ်သည်။

“အရင်ကလည်း အိန္ဒိယအစိုးရအဖွဲ့က သဘာဝဘေးနဲ့ပတ်သက်ပြီး ထောက်ပံ့ပေးခဲ့တာတွေရှိပါတယ်။ အခုထောက်ပံ့ရေးပစ္စည်းတွေကို မုန်တိုင်းဒဏ်အများဆုံးဖြစ်သွားတဲ့ ရခိုင်ပြည်နယ်ကိုပဲ ပေးပို့လှူဒါန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ပေးပို့သွားမယ်။ အစိုးရအဖွဲ့ကနေတစ်ဆင့် ပြည်နယ်အတွင်းမှာရှိတဲ့ မုန်တိုင်းဒဏ်သင့်ဒေသတွေကို အမြန်ဆုံး ဖြန့်ဝေလှူဒါန်းသွားမှာဖြစ်ပါတယ်” ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများတွင် အဝတ်အထည်၊ အစားအသောက်နှင့် ဆေးဝါးများပါဝင်ပြီး ရခိုင်ပြည်နယ်ရှိ ‘မိုရာ’ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် သက်ဆိုင်ရာမှတစ်ဆင့် ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



**လူသားချင်းစာနာမှု ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်သင်္ဘော သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာစဉ်**

# အကြိမ်(၂၀)မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ



**နေပြည်တော် ဇွန် ၆**

နေပြည်တော် ကောင်စီနယ်မြေတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိမ်(၂၀) မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီနယ်မြေ မြို့နယ်(၈)မြို့နယ်ရှိ ကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းနောင်နှင့် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နေပြည်တော်တိုင်းပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ကျော်၊ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းယုတို့က ကျောင်းသား ကျောင်းသူများအား လိုက်လံကြည့်ရှုပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# သံချေးတက်နေသောသေနတ်နှင့် ကျည်ဆန်များတွေ့ရှိ

**ဗန်းမော် ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် မံအင်/မင်းကုန်းကျေးရွာအုပ်စု မင်းကုန်းကျေးရွာနေ ဦးအောင်မြေ (၅၅ နှစ်) သည် ဇွန် ၅ ရက် နံနက် ၉ နာရီခွဲက မင်းကုန်းကျေးရွာမှ ရွှေတော်မှော်သို့သွားရာ လမ်းဘေးကွက်သစ်၌ တူမဖြစ်သူ မမြဝင်း၏ အိမ်ခြံမြေကွက်အသစ်ဖော်ထုတ်ရာ၌ ခြံဝင်းအတွင်းရှိတောင်ပို့အား ဖြိုချစဉ် အဆိုပါတောင်ပို့အတွင်းမှ သံချေးတက်နေသော အရှည် ငါးလက်မခန့် လက်ကိုင်အနက်ရောင်၊ သတ္တုကိုယ်ထည်၊ ဆုံလည်သေနတ်အတိုတစ်လက်နှင့် သံချေးတက်နေသော အရှည်တစ်လက်မခန့်စီရှိ ကျည် ၁၅ တောင့်နှင့် ကျည်ခွံတစ်ခုတို့အား တွေ့ရှိခဲ့သဖြင့် မံစီကြီးနယ်မြေရဲစခန်းသို့ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

**ဦးရဲ (ကသာ)**



**တွေ့ရှိရသည့် သေနတ်နှင့် ကျည်ဆန်များကို တွေ့ရစဉ်**

# ရထားလမ်းပေါ် လဲကျနေသောသစ်ပင်အား အချိန်မီဖယ်ရှားရှင်းလင်း

**ရန်ကုန် ဇွန် ၆**

မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် အမြင့် ပေ ၂၀၊ လုံးပတ် သုံးပေခန့်ရှိ ကုက္ကိုပင်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လှည်းတန်းဘူတာနှင့် ကမာရွတ်ဘူတာအကြား မိုင်တိုင်အမှတ် (၅/၃-၄) ၌ ဇွန် ၄ ရက် မွန်းလွဲပိုင်းက မြို့ပတ်ရထားသံလမ်းမပေါ် လဲကျပိတ်ဆို့သွားခဲ့ကြောင်း သိရသည်။

ထိုသို့ မြို့ပတ်ရထားသံလမ်းပေါ် လဲကျပိတ်ဆို့နေမှုကို ရထားရဲတပ်ဖွဲ့အမှတ် (၁၄) တပ်ခွဲအင်းစိန်မှ တပ်ခွဲမှူး ဒုရဲမှူး စိုးမိုးလွင် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ ကြည့်မြင်တိုင်ဘူတာ (အထူးတန်း) ရုံပိုင်ကြီး ဦးစိန်ဝင်း၊ မြန်မာ့မီးရထားအင်ဂျင်နီယာဌာန (သံလမ်း)မှ ဦးသုခ (အငယ်တန်းအင်ဂျင်နီယာ(၃) သံလမ်း) ဦးစီး၍ လုပ်သားများနှင့် လှိုင်မြို့နယ် အရန်မီးသတ် တပ်ဖွဲ့ဝင်များပူးပေါင်း၍ လဲကျနေသော ကုက္ကိုပင်အား အချိန်မီ ဖယ်ရှားရှင်းလင်းဆောင်ရွက်နိုင်သဖြင့် မြို့ပတ်ရထားများ



ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနိုင်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး (အင်းစိန်)**

# ဘူးသီးတောင်မြို့နယ်၌ သံသယရှိသူနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း ရာအိမ်မှူးတစ်ဦး ပျောက်ဆုံးမှုနှင့် ရွာသားတစ်ဦး အသတ်ခံရသည့်ဖြစ်ရပ်များတွင် သံသယရှိသူနှစ်ဦးအား ဇွန် ၄ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် မြောက်ဘဒကားကျေးရွာလမ်း၌ ကင်းလှည့်ဆောင်ရွက်စဉ် ပုဇွန်ချောင်းကျေးရွာနေ ရာအိမ်မှူး မိုဇီရာမန် ပျောက်ဆုံးနေမှုနှင့်ပတ်သက်၍ သံသယရှိသူ မာမောက်ဆွေယော့အား ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့သည်။ အလားတူ ဘူးသီးတောင်မြို့နယ် ဆင်အိုးပြင်ကျေးရွာနေ ဇာမာဟူဆိန်း အသတ်ခံရမှုတွင် သံသယရှိသူ နူမာမောက်သည် မောင်ကြီးတောင်ကျေးရွာအတွင်း ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ မွန်းလွဲ ၃ နာရီခန့်၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁၉ စီး၊ သွင်းကုန် ၅၈၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန်အစီး ၁၉၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်၌ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၄ သန်းခန့်ရှိကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂ ရက်က မူဆယ်မှ မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်အား (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့က သတင်းအရ ရှာဖွေစစ်ဆေးခဲ့ရာ ခရီးသည်သုံးဦး၏ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အမှုန့်များ (၁၂၀) ဂရမ်၊ ပလတ်စတစ်ကပ်ခွာအိတ် နှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ (၄၀) ဂရမ်၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၄ သန်းခန့်နှင့် ဇွန် ၅ ရက်တွင် ပြင်ဦးလွင်မှ မန္တလေး သို့သွားရောက်မည့် ၂၂ ဘီးတွဲယာဉ်အား (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်းပူးပေါင်းအဖွဲ့က သတင်းအရရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်မောင်း၏ဘေးမှ လိုက်ပါလာသူထံမှ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ (၃၈) ဂရမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉ သန်းခန့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂ ဒသမ ၃ သန်း ခန့်အား တွေ့ရှိရ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်များ**

# (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနီး မှန်လုံယာဉ်သုံးစီးပေါ်မှ အမဲသားခြောက်များနှင့် အမဲသားအစိုများ ဖမ်းဆီးရမိ

**မူဆယ် ဇွန် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနီး၌ ဇွန် ၆ ရက် နံနက်ပိုင်းက မှန်လုံယာဉ်သုံးစီးပေါ်မှ အမဲသားခြောက်များနှင့် အမဲသားအစိုများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး-မူဆယ်ဘက်သို့ ထွက်ခွာလာသော ဂျူပီတာ (FLUSO) ယာဉ်လိုင်းမှ ယာဉ်မောင်း သိန်းထိုက်ကျော် မောင်းနှင်သည့် မှန်လုံယာဉ်သည် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် မူဆယ်မောင်းတံအနီး နံနက် ၆ နာရီ ၁၅ မိနစ်ခန့်က ရောက်ရှိခဲ့ရာ အဆိုပါယာဉ်အား မသင်္ကာသဖြင့် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်း၊ ဦးစီးအရာရှိ ဦးဝေဦးမောင်တို့ ဦးစီးအဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များက တားဆီးစစ်ဆေးရာ ယာဉ်ပေါ်မှ အမဲသားအစိုအိတ် ၁၂၀ (တစ်အိတ် ၁၀ ပိဿာခန့် ပါရှိ)၊ ငါးဆီဖောင်း သုံးအိတ်၊ ရေခဲပုံးဝမ်းတွင်း သားအိတ် ၂၀ တို့ကို တွေ့ရှိခဲ့ကြောင်း၊ ဆက်လက်၍ မန္တလေး-လားရှိုး-မူဆယ်ဘက်သို့ ဇွန် ၅ ရက် ညနေ ၆နာရီခွဲခန့်က ထွက်ခွာလာသော ချစ်မင်းခန့် ယာဉ်လိုင်းမှ ယာဉ်မောင်း အောင်ပြည့်ဖြိုး (၂၉နှစ်) မန္တလေး အောင်မြေသာစံမြို့နယ် ဇဗ္ဗူအေးရပ်ကွက် နေထိုင်သူ မောင်းနှင်သည့် ယာဉ်အမှတ် SHN/--- ယာဉ်သည် မန္တလေး-လားရှိုး- မူဆယ်ဘက်သို့ မောင်းနှင်လာစဉ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် လားရှိုး မောင်းတံအနီး၌ အဆိုပါအဖွဲ့က ယာဉ်အား မသင်္ကာသောကြောင့် ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် အမဲသားခြောက် ၅၃ အိတ်၊ ၂၅ ဖာ၊ တစ်အိတ်တစ်ဖာလျှင်ဖာ ၅၀ ကီလိုဂရမ်၊ ၂၅ ကီလိုဂရမ်နှင့် ၁၅ ကီလိုဂရမ်တို့ ပါရှိကြောင်း၊ ယင်းအသားခြောက်များကို ဆန်အိတ် ၁၀ အိတ်နှင့် လူသုံးကုန်ပစ္စည်းများဖြင့် ယာဉ်၏ နောက်ခန်းနှင့် ဘော်ဒီအောက်ပိုင်းတို့တွင်ဝှက်၍ တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အလားတူ ချစ်မင်းခန့် ယာဉ်လိုင်းမှ ယာဉ်မောင်း စိုင်းဖြိုး (၂၉နှစ်) မန္တလေး စက်မှု (၁) ပြည်ကြီးတံခွန်မြို့နယ် နေထိုင်သူ မောင်းနှင်သည့် ယာဉ်အမှတ် MDY/----- မှန်လုံယာဉ်သည် မန္တလေးမှ မူဆယ်သို့ ထွက်ခွာခဲ့ရာ မူဆယ်မောင်းတံအရောက် အဆိုပါစစ်ဆေးရေးအဖွဲ့က မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် အမဲသားခြောက်အိတ် ၄၀ တို့အား ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ တရားမဝင် အမဲသားအစိုနှင့် အသားခြောက်များ တင်ဆောင်လာသော မော်တော်ယာဉ်သုံးစီးတို့ကို (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းသို့ ခေါ်ဆောင်၍ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်မှူးထံသို့ ယာယီထိန်းသိမ်းထားရန် အပ်နှံခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ကျောက်မဲ အမှတ်(၃) ရပ်ကွက်၌ မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်

**သီပေါ ဇွန် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၅)ပုလဲလမ်း၌ ယနေ့နံနက် ၂ နာရီ ၅ မိနစ်ခန့်က ရေခဲစက်ဝင်း လူနေအိမ်တန်းလျားနှင့်နေအိမ်တစ်လုံး မီးလောင်မှုကြောင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀ ကျော်တို့က မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြ၍ နံနက် ၄ နာရီခွဲတွင် မီးညွန့်ကျိုးပြီး လုံးဝမီးငြိမ်းသွားသည်။



ဖြစ်စဉ်မှာ ကျောက်မဲမြို့ ပုလဲလမ်း အမှတ်(၃)ရပ်ကွက်နေ မသီတာအေးသည် မိမိအသုံးပြုနေသော မီးအားမြှင့်စက်အား မီးအားနည်းနေ၍ အားတင်ထားရာ မီးအားမြင့်တက်လာချိန်၌ ပြန်လည်ချထားခြင်း မပြုမိသဖြင့် မီးအားမြှင့်စက်အပူလွန်ကဲကာ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ ဝါးထရံကာ၊ ကွန်ကရစ်ခင်း ၁၁ ခန်း တွဲပါ လူနေအိမ် တန်းလျားနှစ်လုံးနှင့် နေအိမ်တစ်လုံး၊ သုံးဘီးဆိုင်ကယ်နှစ်စီး၊ ဆိုင်ကယ်ခုနစ်စီးတို့မှာ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုကြောင့် ကိုကျော်ဝင်း (၄၆ နှစ်)နှင့် မရတနာမြင့် (၂၀ နှစ်) တို့မှာ ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိပြီး အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၆၁ ဦးတို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။ မီးလောင်မှုကြောင့် မသီတာအေးအား သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ယာဉ်နောက်ပြန်လိမ့်ကျစဉ် ကြမ်းတုံးဆင်းခုရာမှ နောက်ဘီးဖြင့်ကြိတ်မိ၍ သေဆုံး

**နေပြည်တော် ဇွန် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လက်ပန်ချောင်းကျေးရွာအနောက်ဘက် အရာတော်ရေနံမြေသွား မြေသားလမ်းတွင် ဇွန် ၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့နယ် သိမ်တော်ကျေးရွာနေ အောင်မြင့်ဝေ (၁၉နှစ်) မောင်းနှင်ပြီး ဖခင်ဖြစ်သူ ဦးမြင့်ဌေး(၄၃နှစ်)လိုက်ပါလာသည့် ၂ဌ/-------ထော်လာဂျီယာဉ်သည် မြေသားလမ်းအတက်၌ နောက်ပြန်လိမ့်ကျနေသောကြောင့် ဦးမြင့်ဌေးက ကြမ်းတုံးဆင်းခုစဉ် ယာဉ်နောက်ဘီးဖြင့်ကြိတ်မိ၍ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# မင်္ဂလာဆောင်စပ်ကြောင်းလမ်းမည့်ကိစ္စနှင့်ပတ်သက်၍ ခဲဖိုးတောင်းရာမှ လူသတ်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကျီးပင်ပုကျေးရွာနေ ဦးလှထွန်း(၅၃နှစ်)၏ သမီးအား ဇွန် ၅ ရက် ညပိုင်းတွင် မင်္ဂလာဆောင်စပ်ကြောင်းလမ်းမည့်ကိစ္စအတွက် တစ်ရွာတည်းနေ တင်စိုးလင်း(၃၆နှစ်)က ခဲဖိုးတောင်းရာမှ အဆင်မပြေဖြစ်ခဲ့ပြီး ရန်ပြစ်ခိုက်ခေါ်နေသဖြင့် ဦးလှထွန်းက လိုက်သွားစဉ် တင်စိုးလင်းက အသင့်ပါလာသည့် ဓားမဖြင့်ခုတ်ရာ ဦးလှထွန်းတွင် ဒဏ်ရာများရရှိပြီး သေဆုံးသွားသဖြင့် တင်စိုးလင်းအား စလင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## တောအရက်သုံးပုလင်း နေအိမ်ထားရှိသူ အမျိုးသမီးအား ဖမ်းဆီး

**ဆိပ်ဖြူ ဇွန် ၆** - ဆိပ်ဖြူမြို့နယ် သင်းပေါင်းကျေးရွာတွင် ဇွန် ၅ ရက်က တောအရက်သုံးပုလင်း လက်ဝယ်ထားရှိသော အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း ကဇွန်းမနယ်မြေရဲစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ ကဇွန်းမနယ်မြေရဲစခန်းမှ ဒုရဲအုပ်သန့်ဇင်နှင့်အဖွဲ့သည် ဇွန် ၅ ရက်က လိုင်စင်မဲ့တောချက်အရက်များ ရောင်းချနေကြောင်း သတင်းအရ ဆိပ်ဖြူမြို့နယ် သင်းပေါင်းကျေးရွာနေ မအေးမာဝင်း (၃၇နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ပေါ်မှ လိုင်စင်မဲ့တောချက်အရက်သုံးပုလင်း တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ အဆိုပါသိမ်းဆည်းရမိခဲ့မှုနှင့်ပတ်သက်၍ မအေးမာဝင်းအား အရေးယူပေးရန် ဒုရဲအုပ်သန့်ဇင်က တရားလိုပြုလုပ်တိုင်ကြားခဲ့၍ ကဇွန်းမနယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဆေးသုတေသနဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးနှင့် ဖြည့်စွက်လုပ်ငန်းများ (မြို့ပြ/ရေသန့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၀၁၂၈၊ ၀၉-၅၁၃၆၇၁၀နှင့် ၀၉-၅၁၃၆၇၀၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ရက်
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၇-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ
(ဂ) **ရောင်းချမည့်နေရာ** - ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးနှင့် လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့**

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အုတ်ထုတ်လုပ်ရေးဌာန(တညင်းကုန်း)ရှိ အဆောက်အဦးအဟောင်း၊ စက်နှင့်စက်ပစ္စည်းကိရိယာအဟောင်းများနှင့် အမှတ်(၃၄)အကြီးစားစက်ရုံ(သာယာဝတီ)ရှိ စက်အရန်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါပုံစံများနှင့် စည်းကမ်းချက်ကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ၇-၆-၂၀၁၇ရက်မှ ၅-၇-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၅-၇-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတိတိ နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန် ဖြစ်ပါသည်။ ဖုန်းနံပါတ်-၀၆၇-၄၀၈၂၀၈၊ ၀၆၇-၄၀၈၁၆၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

CLINTON HEALTH ACCESS INITIATIVE

**Public Tendering Announcement**

CHAI Myanmar requests tenders from interested local supplier for procuring of Laptop computer and IT equipment for use according to project implementation needs in Myanmar.

Detailed information and tender form can be collected by interested supplier at CHAI Myanmar Office in Yangon starting from **7th June 2017** and need to resubmit not later than **13th June 2017 – 4:00 pm** with closed envelope. Supplier selected will be confirmed after 3 days of closing date.

**Address of CHAI Office:** No. 46, Room No 1-A, First floor, New Excellent Condo, Pantra Street, Dagon Township, Yangon, Myanmar Tel: 09 50 771 05, 09 510 9246

## ၂၀၁၇-၂၀၁၈ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်မည့်အမျိုးသားအမျိုးသမီးများအား ဖိတ်ခေါ်ခြင်း

၂၀၁၇-၂၀၁၈ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလေးမပြိုင်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီး အလေးမသမားများအား ရွေးချယ်ပြိုင်ပွဲကို ၁၁-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ လေ့ကျင့်ရေးစခန်းတွင် ကျင်းပပြုလုပ်ပါမည်။ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ၂၀နှစ်အောက်နှင့်အလွတ်တန်းပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး အမျိုးသားအတန်း (၈)တန်းနှင့် အမျိုးသမီးအတန်း (၈)တန်းရွေးချယ်သွားမည် ဖြစ်ပါသည်။ ရွေးချယ်ခံမည့်အားကစားသမားများသည် ၉-၆-၂၀၁၇ရက် (သောကြာနေ့) နောက်ဆုံးထားပြီး ဖုန်းနံပါတ်-၉-၅၀၃၄၃၅၀၊ ၀၉-၂၅၄၈၇၅၉၇၃၊ ၀၉-၉၆၁၄၆၀၃၁၂၊ ၀၉-၅၀၆၈၅၁၁တို့သို့ စာရင်းပေးသွင်းကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အလေးမဆပ်ကော်မတီ**

## ဖခင်အမည်မှန်

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့ (အထက) နဝမတန်းမှ မသဇ္ဈာမွန်၏ဖခင်အမည်မှန်မှာ ဦးဖြူအေး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ချောက်မြို့၊ အထက(၃) နဝမတန်း(C)မှ မောင်ကျော်ဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၈/ခမန(နိုင်)၀၆၈၇၈၆ ဖြစ်ပါကြောင်း။

**ဦးသိန်းထွန်း**

## အမည်မှန်

ဦးကျော်ကျော်၏ သား အနောက်တောင်တိုင်း စစ်ဌာနချုပ်ငွေစာရင်းဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသော ဦးအာကာကျော်ကျော်၏ အမည်မှန်မှာ ဦးအောင်မြင့်မြတ် ၁၂/မရက(နိုင်)၁၁၁၃၉၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့ (အထက) နဝမတန်းမှ မပြည့်ဖြူစင်၏ ဖခင်အမည်မှန်မှာ ဦးတင်လှိုင်ဝင်း ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက (နဘူး) တက္ကသိုလ်ဝင်တန်းမှ နော်သဇင်ဦး၊ ဆဋ္ဌမတန်းမှ နော်အေးအေးဌေးတို့၏ မိဘအမည်မှန်မှာ ဦးမောင်စံသိန်း ၃/ကကရ(နိုင်)၁၈၄၆၈၉၊ ဒေါ်ရွှေမိ ၃/ကကရ(နိုင်)၁၈၄၆၉၄ ဖြစ်ပါကြောင်း။

**ဦးမောင်စံသိန်း-ဒေါ်ရွှေမိ**

## မိဘအမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပုသိမ်တက္ကသိုလ်နယ်မြေ (အထက) သတ္တမတန်းမှ မနီရှား၏ မိဘအမည်မှန်မှာ ဦးဘန်နဝါရီနှင့်ဒေါ်ရမ်ပါသီဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၁-၂-၂၀၀၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ မြင့်မိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မစန္ဒာဌေး၏ ဖခင်အမည်မှန်မှာ ဦးဟံသိန်း ၉/နထက(နိုင်)၁၃၈၇၆၂နှင့် ဦးမောင်ဌေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဟံသိန်း(ခ)ဦးမောင်ဌေး**

## မိဘအမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက (နဘူး) တက္ကသိုလ်ဝင်တန်းမှ နော်ယုယုငြိမ်း၏ မိဘ အမည်မှန်မှာ ဦးကာထွန်း ၃/ကကရ(နိုင်)၀၄၉၅၇၄၊ ဒေါ်ငြိမ်းမေ ၃/ကကရ(နိုင်)၁၈၄၆၆၃ ဖြစ်ပါကြောင်း။

**ဦးကာထွန်း-ဒေါ်ငြိမ်းမေ**

## မိဘအမည်မှန်

ဖားကန့်(အထက)၊ သတ္တမတန်း (A)မှ မဘောမ်ဝမ်၊ တတိယတန်း(B)မှ မသင်းစိမ့်စိမ့်၊ ဒုတိယတန်း(C)မှ မသံစဉ်ချိုတို့၏ မိဘအမည်မှန်မှာ ဦးလဖိုင်ဇော်ယော် ၁/မကန(နိုင်)၂၄၃၆၈၄-ဒေါ်နန်းသူဇာ ၁/ကမန(နိုင်)၂၄၃၆၈၇ ဖြစ်ပါကြောင်း။

**ဦးလဖိုင်ဇော်ယော်-ဒေါ်နန်းသူဇာ**

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(ခရေခန်း)မှ မောင်ပြည့်ဖြိုးသိန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်း ၉/မခန(နိုင်)၁၈၄၄၉၂ ဖြစ်ပါသည်။

**ဦးသိန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ ဇင်း-အထက(ခွဲ) နဝမတန်းမှ မောင်မင်းခန့်သူ၏ ဖခင် ဦးတင်အောင် ၅/ကဘလ(နိုင်)၀၂၀၃၁၃ နှင့် ဦးမင်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်အောင်(ခ)ဦးမင်းအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မင်းရပ် ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဒေါ်သန်းသန်းဌေး(ခ)ဒေါ်ဌေးဌေး ၇/လပတ(နိုင်)၀၈၈၁၉၇ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းဌေး(ခ)ဒေါ်ဌေးဌေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ ချပ်ကြီးကျေးရွာမှ ဦးမြင့်မောင် ၅/ကဘလ(နိုင်)၁၅၅၆၅၉နှင့် ဦးမြင့်အောင်မှာ တစ်ဦးတည်းဖြစ်ပြီး သမီး မသဲဆုမွန် ၅/ကဘလ(နိုင်)၁၉၀၃၅၇နှင့် မသဲစုမွန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်မောင်(ခ)ဦးမြင့်အောင်**
**မသဲဆုမွန်(ခ)မသဲစုမွန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/7369 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းရီ ၁၂/လသန(နိုင်)၀၁၁၄၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)**

# ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)
၁၃၇၉ ခုနှစ်၊  လ  ရက်
(၂၀၁၇ ခုနှစ်၊  လ  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃ တွင် ပါရှိသော "Registrar-General of Births, Deaths and Marriages" စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါစကားရပ်ဖြင့် အစားထိုးရမည်-

"Registrar-General of marriages" means a Registrar-General of Marriages appointed under this Act. ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၈၊ ၄၇၊ ၄၈ တတိယပိုဒ်၊ ၅၆ နှင့် ၈၁ တို့ကို ပယ်ဖျက်ရမည်။

၄။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂၉၊ ၃၀၊ ၃၁၊ ၃၄၊ ၃၆၊ ၃၇၊ ၅၅၊ ၆၂၊ ၇၈ နှင့် ၇၉ တို့တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages" ဆိုသည့်စကားရပ်ကို "Registrar-General of Marriages" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)တွင် ပါရှိသော "excee thirteen years" ဆိုသည့်စကားရပ်ကို "excee fifteen years"ဆိုသည့်စကားဖြင့် အစားထိုးရမည်။

၆။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၁ တွင် ပါရှိသော "a fee of four annas"ဆိုသည့်စကားရပ်ကို "a fee of one thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"Whoever, not being authorized by section 5 of this Act to solemnize marriages, solemnizes, or professes to solemnize, in the absence of a Marriage Registrar of the district in which the ceremony takes place, a marriage between persons one or both of whom is or are a Christian or Christians, shall be punished with imprisonment which may extend to seven years ".

၈။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇၄ တွင်ပါရှိသော "extend to one hundred kyats"ဆိုသည့်စကားရပ်ကို "extend to ten thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

# အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)
၁၃၇၉ ခုနှစ်၊  လ  ရက်
(၂၀၁၇ ခုနှစ်၊  လ  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ ၂ တွင်ပါရှိသော "the woman her age of fourteen years"ဆိုသည့်စကားရပ်ကို "the woman her age of fifteen years"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၃ တွင် ပါရှိသော "Registrars" ဆိုသည့် စကားရပ်ကို "Registrars of Marriages"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇ တွင်ပါရှိသော "(other than a Court of Small Causes)"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၉ တွင်ပါရှိသော "not exceeding one thousand kyats"ဆိုသည့်စကားရပ်ကို "not exceeding one hundred thousand kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၁၃-က တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages"ဆိုသည့်စကားရပ်ကို "Registrar of Marriages"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ဒုတိယဇယား "DECLARATION TO BE MADE BY THE BRIDE" ၏ အမှတ်စဉ် ၃ တွင်ပါရှိသော "age of fourteen years"ဆိုသည့်စကားရပ်ကို "age of fifteen years"ဆိုသည့်စကားဖြင့် အစားထိုးရမည်။

---

# မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)
၁၃၇၉ ခုနှစ်၊  လ  ရက်
(၂၀၁၇ ခုနှစ်၊  လ  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (၁) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (၄) ၌ပါရှိသော "the district Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the High Court ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၅) ၌ပါရှိသော "the age of thirteen years" ဆိုသည့် စကားရပ်ကို "the age of fifteen years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (၈) ၌ ပါရှိသော "the dominion of His Britannic Majesty" ဆိုသည့် စကားရပ်ကို "the Republic of the Union of Myanmar" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) ဒုတိယစာပိုဒ်၌ပါရှိသော "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "the High Court" ဆိုသည့် စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၃။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၇ တွင်-

(က) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(ခ) "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(ဂ) "the Supreme Court of Judicature in England" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၄။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၄၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၇၊ ၃၂၊ ၃၄၊ ၃၇၊ ၄၀၊ ၄၃၊ ၄၄ နှင့် ပုဒ်မ ၅၀ တို့တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၅။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၇-က ၏ စာကိုယ်၌ပါရှိသော-

(က) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "as is exercisable in England by the King's Proctor" ဆိုသည့်စကားရပ်နှင့် ဘေးမှတ်စု၌ပါရှိသော "to exercise duties of King's Proctor" ဆိုသည့် စကားရပ်များကို ပယ်ဖျက်ရမည်။

၆။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၅၅ ခြွင်းချက်တွင် ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၅၆ တွင်-

(က) "the Supreme Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "or of any Division Court" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၅၇ တွင်-

(က) "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၅၇ ၏ ခြွင်းချက်တွင်ပါရှိသော"the Supreme Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၆၂ တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

# အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)
၁၃၇၉ ခုနှစ်၊  လ  ရက်
(၂၀၁၇ ခုနှစ်၊  လ  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄ တွင်

(က) ပုဒ်မခွဲ(၄)၌ပါရှိသောစကားရပ်များကို အောက်ပါအတိုင်းအစားထိုးရမည်-

"District Court" includes the High Court of the Region or the High of the State in the exercise of its ordinary original civil jurisdiction and the Court of the Self-Administered Division or the Court of the Self-Administered Zone;

(ခ) ပုဒ်မခွဲ(၈)၌ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄-က တွင်-

(က) ပုဒ်မခွဲငယ်(၁)တွင်ပါရှိသော "The High Court" ဆိုသည့်စကားရပ်ကို "The High Court of the Region of the High Court of the State" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(၁)တွင်ပါရှိသော "any District Court" ဆိုသည့် စကားရပ် ရှေ့တွင် "any Court of the Self-Administered Division or any Court of the Self-Administered Zone or" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ(၁)၊(၂)နှင့်(၃)တို့တွင်ပါရှိသော "a District Court" ဆိုသည့် စကားရပ်ရှေ့တွင် "a Court of the Self-Administered Division or a Court of the Self-Administered Zone or" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (၄) တွင် ပါရှိသော "the District Court" ဆိုသည့်စကားရပ် ရှေ့တွင် "the Self-Administered Division or the Court of the Self-Administered Zone or" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ ၃၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်များကို "the Supreme Court of the Union" ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၅။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄၄ တွင်ပါရှိသော "not exceeding one thousand kyats" ဆိုသည့်စကားရပ်ကို "not exceeding one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂ) တွင် ပါရှိသော "not exceeding one hundred kyats" ဆိုသည့်စကားရပ်ကို "not exceeding ten thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "not exceeding ten kyats" ဆိုသည့်စကားရပ်ကို "not exceeding one thousand kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "not exceeding five hundred kyats" ဆိုသည့်စကားရပ်ကို "not exceeding fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၇။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄၇ တွင် ပါရှိသော "the High court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် '' တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ'' ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သခၤါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော ''တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# လမ်း ၃၀ ရဲ့ ရာဇဝင်ထဲမှာ မှန်ရေးပန်းချီ

**ဆူးငှက်**

ကျွန်တော် လမ်း ၃၀ ပေါ်က အသားကင်ဆိုင်တွေအကြောင်း ရေးတော့ အသားကင်ဆိုင်ကို နေ့စဉ်သွားပြီး နှံ့နှံ့စပ်စပ်သိသူ တစ်ဦးကလည်း သူသိသော အသားကင်ဆိုင်တွေအကြောင်း ပြောပြ၏။ ဆိုင်ချင်း ကပ်လျက် အသစ်ဖွင့်သော အသားကင် ဆိုင်နှစ်ဆိုင် ကြော်ငြာကြပုံလည်း ပါသည်။ အစက အသားကင် ချင်း ပြိုင်သတဲ့။ နောက်တော့ ဘီယာပြိုင်သတဲ့။ နောက်တော့ စည်ဘီယာနဲ့ လက်ဦးမှုယူသတဲ့။ နောက်တော့ နောက်တော့။ ဤသို့ဖြင့် ညဉ့်သန်းခေါင်ကျော်အထိ ကားတွေ၊ ဆိုင်ကယ်တွေ စောင့်ဆိုင်း စည်ကားနေခြင်းကို မိတ်ဆွေက ဇာတ်လမ်းပမာ နားဆင်စရာသဖွယ် စီကာပတ်ကုံး ပြောပြသည်။ ပြောလို့သာ ပြောတာ သူလည်း အသားကင်ကို စွဲနေပုံရ၏။

မိတ်ဆွေဆရာဝန်ကတော့ အသားကင်၏ ကာဗွန်တွေ၊ ယမ်းစိမ်းတွေ၊ ဓာတုအချဉ်ရည်တွေ စသည်တို့မှ လည်ချောင်း၊ အစာအိမ်၊ အူမကြီးနှင့် ပတ်သက်သော ကင်ဆာအကြောင်း ဆေးပညာရပ်၏ ဗဟုသုတဖြစ်ဖွယ်များ ရှင်းပြ၏။ ဒါတွေက ပညာရှင်များကိုယ်တိုင် စူးစမ်းသုတေသနပြုကာ ရေးသားကြ လျှင် အလွန်ကောင်းပါသည်။ ဘာပဲပြောပြော မန္တလေးမှာ အသားကင်ယဉ်ကျေးမှုကဖြင့် ခြေမြစ်ပိုင်နိုင်သွားပေပြီ။

လမ်း ၃၀ ပေါ်မှာ ထူးခြားပြောင်းလဲသော မြင်ကွင်းအဖြစ် အသားကင်ဆိုင်တွေ ပြီးတော့ ၇၂ လမ်းနှင့် ၇၃ လမ်းကြားက မင်္ဂလာဈေးသစ်ကြီးပဲ ဖြစ်ပါ၏။ မန္တလေးမြို့၏ လက်ဟောင်း ဈေးကြီးများထဲတွင် မင်္ဂလာဈေးသည် တစ်ဈေးအပါအဝင် ဖြစ်သည်။ ဟင်းသီးဟင်းရွက်နှင့် ထူးထူးဆန်းဆန်း သားငါးတွေ လည်း ရတတ်ပါသည်။ မှတ်မိသည်က ပထမတော့ လမ်း ၃၀ ဘက်ဆိုင်ခန်းတွေကို တစ်ထပ်ဆိုင်ခန်းလေးတွေအဖြစ် တည်ဆောက်လိုက်သည်။ နောင်နှစ်အတန်ကြာပြန်တော့ မြောက်ဘက်ခြမ်းက ဈေးရုံကိုအသစ်တည်ဆောက်ကာ နေရာ သစ်များချထားသည်။

ကျွန်တော့်မိတ်ဆွေ ပန်းချီဆရာလေးတစ်ဦးသည် လွန်ခဲ့ သည့် ၁၀ နှစ်ကျော်အချိန်က ထိုဈေးရုံသစ်၏ ဆိုင်ခန်းတစ်ခန်း တွင် လူသုံးပစ္စည်းများ ရောင်းချရင်း ပန်းချီကားတွေ ဆွဲနေ တတ်သောကြောင့် သွားရောက်လည်ပတ်အချိန်ဖြုန်းဖူး၏။ ထိုရုံထဲမှာပဲ စက္ကူဟောင်းဆိုင်တစ်ဆိုင်ရှိသောအခါ စာအုပ် ကောင်းလေးတွေလည်း မွှေနှောက်ရှာဖွေဝယ်ယူရင်းပေါ့။

၁၉၉၀ ကျော်နှစ်များမှာတော့ မင်္ဂလာဈေး၏ အနောက် ဘက် တန်းနှင့် အရှေ့ဘက်တန်းမှာ နှစ်ထပ်ဈေးဆိုင်ခန်းကြီးတွေ ပေါ်ပေါက်လာပြန်သည်။ အပေါ်ထပ်မှာ ရုံးများ၊ ကုမ္ပဏီရုံးခန်း များရှိပြီး အောက်ထပ်ဈေးဆိုင်ခန်းတွေကတော့ တန်ဖိုးမြင့် အလုပ် ဖြစ်ပါသည်။ အခုတော့ ထိုမြင်ကွင်းအားလုံးက အိပ်မက်ပမာ။ ပြဇာတ် ဇာတ်ဝင်နောက်ခံကားကြီးကို လိပ်တင် ကာ နောက်ခံကားအသစ် ဖြေချလိုက်သည့် မြင်ကွင်းလို ပြောင်းလဲသွားတော့၏။ ခေတ်မီအဆင့်မြင့် မင်္ဂလာဈေးရုံသစ် ကြီးအဖြစ် အားလုံးကို ဖယ်ရှားကာ အသစ်ပြန်လည်တည် ဆောက်ကာ ဖွင့်လှစ်ပြီးစီးသွားပေပြီ။

ထူးခြားသည်က မင်္ဂလာဈေးသစ်ကြီးတွင် အပေါ်ဆုံးထပ်၌ လူနေတိုက်ခန်းများကို ဖွဲ့စည်းထားခြင်းဖြစ်သလို ပထမအထပ် ထိလည်း ကားများတက်နိုင်ကာ ကားရပ်နားနေရာများ ထည့်သွင်းထား၏။ ထို့ပြင် မြေညီထပ်ဈေးရုံကြီးအလယ်၌ ကုန်စိမ်းများကိုလည်း ရောင်းချနိုင်ပါသည်။ ဈေးရုံသစ်ကြီး၏ အရှေ့ဘက်နှင့် မြောက်ဘက်တွင် အသားငါးတန်းများလည်း သီးခြားရှိပါသေးသည်။

ပထမထပ်မှာတော့ လေအေးစက်တပ် မီနီမတ်ကက်ပါရှိ ၏။ စာအုပ်ဆိုင်၊ ငွေထည်ပစ္စည်းဆိုင်၊ ကျောက်စိမ်းရတနာဆိုင်၊ ရွှေဆိုင်၊ ပန်းချီပန်းပုဆိုင်၊ ပါတိတ်ဆိုင်များက ဈေးကြီးဖွင့်စဉ် တွင် ပါဝင်ဖွင့်လှစ်ရောင်းချခဲ့၏။ ယခုတော့ တချို့ဆိုင်ခန်းများက



မန္တလေးကျုံးတောင်ဘက်ခြမ်းက မင်္ဂလာတံခါးနဲ့ ရတနာပုံခေတ်ရဲ့ လူနေမှုဟန်

ပိတ်ထားသည်။ မန္တလေးသည် ပထမထပ်ထိ တက်ပြီး မှန်တံခါး ဖွင့်ကာ တကူးတကန့် ဈေးဝယ်ဖို့ ဝန်လေးနေသေးဟန်တူ၏။

မြေညီထပ်မှာတော့ ဟင်းသီးဟင်းရွက်၊ ကုန်စိမ်း၊ ကုန်ခြောက်ဆိုင်များ၊ ကုန်စုံဆိုင်များ၊ ရွှေဆိုင်များရှိပါသည်။ သက်ဆိုင်ရာကမူ သားငါးတန်း အရောင်းဆိုင်များကို ယင်လုံ ဆန်ခါ၊ ယင်လုံ မှန်သေတ္တာနှင့် ရောင်းချဖို့ ကြိုးကြပ်နေသည်ဟု သိရ၏။ ထို့ပြင် သားငါး ဆိုင်တန်းများရှေ့ရှိ ရေနုတ်မြောင်းကို နှစ်ပတ်တစ်ကြိမ် ဆေးကြောသန့်ရှင်းဖို့၊ စက်လှေကားများကို လည်း ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ဖို့ ဆော်ဩနေသည်။

အသစ်ဖွင့်မင်္ဂလာဈေးသစ်ကြီးရှေ့ရောက်တိုင်း လမ်း ၃၀ ၏ အတိတ်မြင်ကွင်းကို မနည်းကြိုးစားကာ ပုံဖော်ယူနေရ၏။ ၇၃/၇၄ လမ်းကြားမှာ မွန်မိသားစု မြန်မာထမင်းဆိုင် ရှိခဲ့ဖူး တာပဲ။ မင်းစိန်ကဖေးရှိတာပဲ။ မင်္ဂလာမြိုင်ဓာတ်ပုံတိုက်ရှိတာပဲ။ ပေါက်စီနှင့် ဝက်သားပေါင်းနာမည်ကြီးတဲ့ စိန်မောင်ကဖေး ရှိတာပဲ။

မင်္ဂလာဈေးအနောက်ဘက် ၇၃ လမ်းပေါ်မှာ အေးစန်း ကဖေးရှိတာပဲ။ လမ်း ၃၀ ပေါ်မှာ ချယ်ရီအအေးဆိုင်ရှိတာပဲ။ ဆင်တံဆိပ်မုန့်စုံဆိုင်ရှိတာပဲ။ မြစံပယ်စာအုပ်အငှားဆိုင် ရှိတာပဲ။ ၇၃ လမ်းပေါ်မှာ စံအေးဘရားသားဆံသရှိတာပဲ။ ပြည်ထောင်စု ဆံသရှိတာပဲ။ လမ်း ၃၀ ပေါ်မှာ တရုတ်အစား အစာရောင်းတဲ့ ဆိုရှယ်စားသောက်ဆိုင် ရှိတာပဲ။ ခိုင်ရွှေဝါ ရှမ်းခေါက်ဆွဲရှိတာပဲ။ အာရုံအအေးနဲ့ ကဖေးရှိတာပဲ။ လူထု ကဖေးရှိတာပဲ။ စိန်ဝင်းစားပွဲရုံရှိတာပဲ။ သွင်လျှပ်စစ်ဓာတ်ပုံ တိုက်ရှိတာပဲ။ ဝင်းသီတာကဖေးရှိတာပဲ။ အခုတော့ တချို့ လည်း ကျန်ရစ်၊ တချို့လည်း ပျောက်ကွယ်ကုန်ပေါ့။

လမ်း ၃၀ ပေါ်မှာ နောက်ထပ်အထင်ကရ အဆောက်အအုံ ကြီးတစ်ခုကတော့ မန္တလေးဆေးတက္ကသိုလ်ကြီးပဲ ဖြစ်ပါသည်။ လုပခံ့ညားသော အဆောက်အအုံကြီးက ဘာမှမကြာသေး၊ ဆယ်စုနှစ်ကျော်ကျော်ပဲ ရှိဦးမှာပေါ့။ ယခင်ရှေးက ဆေးတက္ကသိုလ် အဆောက်အအုံသည် သာမန်မျှသာ။ နယ်မြို့ တစ်မြို့၏ အထက်တန်းကျောင်းသာသာမျှသာ။ ထို့ကြောင့် မန္တလေးဆေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတစ်စောင်တွင် ကျောင်းတော်သား ကာတွန်းဆရာတစ်ဦးက-

''အဖေ့ကို လိုက်ပြရဦးမယ်။ အဲဒါက ကျောင်းသားများ နားနေရာပေါ်တီကိုကြီးပါပဲ''

''ဒါက စားသောက်ဆိုင်ပါ''

''တို့ရွာက စိန်တင်တို့ အကြော်ဆိုင်လောက်တောင် မသားနားပါလားကွ ဟင်''

''ဟောဒါကတော့ စာကြည့်တိုက်ပါ၊ ဟဲဟဲ စာဖတ်ဖို့ နေရာတော့ လုကြရပါတယ်''

''........''

''ဒါကတော့ ဘောလုံးကွင်းပါပဲ။ မိုးတွင်းမှာ လှေပြိုင်ပွဲတွေ လုပ်ပါတယ်''

ဟူ၍ ကာတွန်းရေးဆွဲခဲ့ဖူးသည်။ ဒါက ၁၉၇၉ ကာလဆီက။ အခု မန္တလေးဆေးတက္ကသိုလ်ကျောင်းကြီးကတော့ အားလုံး အသစ် တည်ဆောက်ထား၏။ မျက်နှာစာ ပင်မအဆောက်အအုံ ကြီးက ပညာရပ်ဆိုင်ရာ တက္ကသိုလ်ကြီး ပီသစွာမြင့်မားခံ့ညား နေသည်။ စာသင်ခန်းများ၊ အဆောင်များ၊ စာကြည့်တိုက်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အားကစားကွင်းများဖြင့် ပြောင်းလဲနေ၏။ လွန်ခဲ့သည့် လေးနှစ်ခန့်က နှစ်စဉ်ကျင်းပသည့် ဆေးတက္ကသိုလ် စာပေဟောပြောပွဲတွင် ဆရာ ဦးခင်မောင်သန်း(ခင်မောင်သန်း- စိတ်ပညာ) ၊ ဦးလေးဆောင်းနှင့် ကျွန်တော်တို့သုံးယောက် ဟောပြောခဲ့ရသည်။ နှစ်စဉ်မပျက်ကျင်းပသော စာပေဟော ပြောပွဲဖြစ်၏။ ကျွန်တော်တို့ နောက်နှစ်များတော့ ဟောပြော ပွဲဖြစ်မြောက်သည်ဟူ၍ မကြားမိ။

တကယ်တော့ မန္တလေးဆေးတက္ကသိုလ်က စာပေအစဉ် အလာကြီးမားလှပါသည်။ ဒီကနေ့ မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားနေသူများထဲ၌ မန္တလေးဆေးတက္ကသိုလ် ဆင်းတွေ အများသား။ ဂျူး၊ နိုင်ဇော်၊ စုထား၊ ကျော်စွာထက်၊ ကြည်ဇော်ဝင်း၊ လူမျိုးနော်၊ တင်မောင်သန်း၊ ပိုင်ကျွမ်း၊ စိုင်းခမ်း လိတ် စသည်ဖြင့် အရင့်အရင်ဆရာကြီးတွေ၊ နောက်မျိုးဆက် ဆရာ့ ဆရာလေးတွေလည်း မနည်းလှ။

နယ်မြို့လေးတစ်မြို့မှာ မထင်မရှားကွယ်လွန်ခဲ့သည့် 'ပိုင်ကျွမ်း'သည် ကျောင်းသားကတည်းက ဝတ္ထုတိုရေးလက် ကောင်းလှသည်။ ကျောင်းနှစ်ပတ်လည် မဂ္ဂဇင်းထဲမှ သူ၏ 'ကျကွဲနေသည့် မှန်ရေးပန်းချီတစ်ချပ်' ဆိုသော ဝတ္ထုတိုလေး တစ်ပုဒ်ကို သတိရနေမိသည်။ ဖတ်ဖူးသည့် 'နှလုံးလှဆရာဝန်' နှင့် 'မြတ်သောကရုဏာရှင်'တို့မှ ဒေါက်တာနော်မန်ဗက်သွန်းနှင့် သမားတော်ရှင်လုကာတို့၏ အတ္ထုပ္ပတ္တိတွေက ခေါင်းထဲတဒင်္ဂ ဖြတ်ပြေးသွား၏။ သူတို့သည် ဆေးပညာဖြင့် လူတန်းစားအလွှာ အောက်ဆုံးကြမ်းပြင်ထိ ထိုးဖောက်ခဲ့ကြသည်။

ကိုယ့်ကိုယ်ကိုယ် မရဲတရဲမေးကြည့်လိုက်၏။ 'ငါဘယ် လောက်ထိ ရည်ရွယ်ချက်ထားပြီးပြီလဲ' သောက်လက်စ စီးကရက်မီးခိုးသည် လေထဲမှာမရေမရာ ပျောက်လွင့်သွား သည်။ ........တဲ့။ သူ၏'ကျကွဲနေသည့် မှန်ရေးပန်းချီတစ်ချပ်' ဝတ္ထုတိုလေးကို ၁၉၇၉ခုနှစ်က ရေးခဲ့ခြင်းဖြစ်၏။

ဆရာနိုင်ဇော်ကတော့ နာမည်ရင်းကိုခင်ဇော်(မေမြို့) နာမည်ဖြင့် 'အိမ်မက်များအကြောင်း'ဟူသော ဆောင်းပါး တစ်ပုဒ်ရေးသည်။ သူ့ဆောင်းပါးမှာ အကြောင်းရင်းနှင့် လှုံ့ဆော်မှုများ၊ ပြင်ပအာရုံနှိုးဆွမှုများ၊ အိပ်မက်များကိုမှတ်မိ ခြင်း၊ အိပ်စက်ခြင်းနှင့် အိပ်မက်ခြင်း၊ အိပ်မက်များကို အနက်ဖွင့် ဆိုသူ၊ လုပ်ငန်းတာဝန်များနှင့် စိတ္တဗေဒ၊ စံပြအိပ်မက်များ၊ ဆန္ဒဖြည့်ခြင်း၊ အဇ္ဈတ္တိက၊ အိပ်မက်ဆန်းများ၊ မသဲကွဲမှု၊ စွဲလမ်းခြင်း၊ အိပ်မက်များမှ သိရခြင်းများဟူ၍ အကျယ်တဝင့် ရေးသားထားသည်။ ဆရာမဂျူးကတော့ သူ၏နာမည်ကျော် 'ရာဇဝင်ထဲမှာ မောင့်ကို ထားရစ်ခဲ့' ဝတ္ထုတိုကို ရေးဖွဲ့ခဲ့သည်။

တစ်ချိန်က ရှုမဝမဂ္ဂဇင်းတွင် ဝတ္ထုတိုများရေးဖွဲ့ခဲ့ကာ ရေးသလောက်လည်း ပြောစမှတ်ဖြစ်ခဲ့သည့် 'လူမျိုးနော်'က လူလူ သောင်းတင် (မြင်းခြံ)ကလောင်ဖြင့် ကဗျာတစ်ပုဒ်ဖွဲ့၏။ 'ဗမာ(မြန်မာ)ပြည်ထဲက အချစ်ဗီလိန်'တဲ့။ ဝတ္ထုထဲ၊ ပြဇာတ်ထဲ၊ ရုပ်ရှင်တွေထဲမှာ ဆရာဝန်ဆိုလျှင် ချစ်ခင်သူကြား၊ သမီး ရည်းစားအကြား ခွဲခြားစိမ်းကားစေကာ မျက်ရည်ကြီးငယ် ကျအောင် ဖန်တီးသည့် ဗီလိန်များအဖြစ် ရေးသားရိုက်ကူးကြ ခြင်းကို ခံစားထားသည်။

***(''တောင်မြောက် အရှေ့အနောက်ထောင့်မတ် မန္တလေး'' ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# တောင်သာမြို့နယ်နှင့်သာစည်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ လျှပ်စစ်ဓာတ်အားစနစ်ဖြင့် မီးလင်းပြီ

**မန္တလေး ဇွန် ၆**

မြင်းခြံခရိုင် တောင်သာမြို့နယ်ရှိ တဲကြီးကုန်းကျေးရွာနှင့် မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာလျှပ်စစ်မီးလင်းရေးအခမ်းအနားများကို ဇွန် ၃ ရက်ကပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဝန်ကြီးချုပ်က လျှပ်စစ်မီးရရှိသဖြင့် ကျောင်းသားကျောင်းသူများ စာကြည့်နိုင်၍ ပညာတတ်များ ပိုမိုထွန်းကားလာမည်ဖြစ်ကြောင်း၊ ပြည်သူများ အသိပညာဗဟုသုတများ ရှာမှီးနိုင်မည်ဖြစ်ကြောင်း၊ မိမိဒေသမှတစ်ဆင့် နိုင်ငံတော်အထိ အကျိုးပြုနိုင်မည် ဖြစ်ကြောင်း၊ လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီဆိုပါက ဒေသဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများကိုလည်းကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လျှပ်စစ်အန္တရာယ်မဖြစ်စေရန်လည်း ဂရုစိုက်အသုံးပြုကြစေလိုကြောင်း၊ မီးလင်းရေးကော်မတီများအနေဖြင့် စာရင်းရှင်းတမ်းကို ပွင့်လင်းစွာထုတ်ပြန်၍ အသိပေးသွားကြရမည်ဖြစ်ကြောင်း၊ ကျေးရွာများ လျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်ပေးကြသူအားလုံးကို အစိုးရအဖွဲ့ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးကလည်း တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပေးဝေမှုနှင့် စီမံခန့်ခွဲမှု၊ တစ်နှစ်အတွင်း ကျေးလက်ဒေသ မီးလင်းရေးဆိုင်ရာများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာများကို လည်းကောင်း၊ ခရိုင်လျှပ်စစ်မန်နေဂျာများက သက်ဆိုင်ရာကျေးရွာများအတွက် မီးလင်းရေး ဆောင်ရွက်ရပုံနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို လည်းကောင်း၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မိမိတို့ကျေးရွာ မီးလင်းရေးကြိုးပမ်းမှုနှင့် ကျေးဇူးတင်စကားတို့ကို ပြောကြားကြသည်။

မြင်းခြံခရိုင် တောင်သာမြို့နယ်ရှိ တဲကြီးကုန်းကျေးရွာလျှပ်စစ်မီးလင်းရေးတွင် ၁၁ ကေဗွီဓာတ်အားလိုင်း ၀ ဒသမ ၅၃ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်းပေ ၃၆၀၀ နှင့် ၂၀၀ ကေဗွီထရန်စဖော်မာ တစ်လုံး နှင့် ဆက်စပ်ပစ္စည်းများအတွက် အစိုးရဘဏ္ဍာငွေမှ ငွေကျပ် ၉၈ သိန်း၊ အလှူရှင်များမှ ငွေကျပ်သိန်း ၁၁၀၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၁၂၀ တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အိမ်ခြေ ၁၂၆ လုံး လျှပ်စစ်ဓာတ်အားစနစ်ရရှိခဲ့ပြီဖြစ်သည်။

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ ကျေးရွာလျှပ်စစ်မီးလင်းရေးတွင် ကျေးလက်ဒေသခံလူထုက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၃၃ ကေဗွီ ၁ ဒသမ ၀၂ မိုင်၊ ၄၀၀ ဗို့ ၂ ဒသမ ၆၄ မိုင်၊ ၃၃/၀ ဒသမ ၄ကေဗွီ ၃၁၅ ကေဗွီအေထရန်စဖော်မာနှစ်လုံး နှင့် ဆက်စပ်ပစ္စည်းများအား ဒေသခံပြည်သူများ၏ထည့်ဝင်ငွေကျပ် သိန်း ၁၆၅၀ ဖြင့် ဆောင်ရွက်ခဲ့ကာ အိမ်ခြေ ၃၆၀ ခန့် လျှပ်စစ်ဓာတ်အားစနစ်ဖြင့် မီးရရှိမည်ဖြစ်သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ဆောင်ရွက်လျက်ရှိရာ တစ်နှစ်တာအတွင်းဆောင်ရွက်ပြီးစီးမှုနှင့် မီးလင်းသောကျေးရွာများ အပါအဝင် လျှပ်စစ်ဓာတ်အားစနစ်ဖြင့် မီးရရှိခဲ့သည့် ကျေးရွာအရေအတွက်မှာ ၅၃၈ ရွာရှိပြီဖြစ်ကြောင်း၊ ကျန်ရှိနေသော ကျေးရွာပေါင်း ၂၀၀၀ကျော်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန္တလေး)**



# လှိုင်ကော်၌ တန်ဆောင်တိုင်ပွဲတော်ကွင်းအသစ် ဖော်ထုတ်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်

**လှိုင်ကော် ဇွန် ၆**

ကယားပြည်နယ် လှိုင်ကော်မြို့၏ အထင်ကရနေစက်လစက်စေတီတော်မြတ်ကြီး၏ ကုန်းတော်အောက်ခြေတွင် တန်ဆောင်တိုင် ပွဲတော်ကွင်းအသစ် တည်ဆောက်သွားရန် ကယားပြည်နယ် အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ကော်မြို့တွင် နှစ်စဉ်တန်ဆောင်တိုင်ပွဲတော်ကာလမီးရှူးတိုင်ကြီးများ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းတို့ကို စည်ကားစွာကျင်းပလေ့ရှိသည်။

ယင်းသို့ တန်ဆောင်တိုင်ပွဲတော်ကာလမီးရှူးတိုင်ကြီးများ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းတို့ကို ဆုတောင်းပြည့်မြို့နာမ် ရွှေစေတီတော်အနီးတွင် လည်းကောင်း၊ တောင်ကွဲစေတီတော် အနီးတွင်လည်းကောင်း၊ မိုးကောင်းဘုရားကြီးအနီးတွင် လည်းကောင်း နေရာဒေသအပြောင်းအလဲပြုလုပ်၍ သင့်လျော်သလို ကျင်းပခဲ့ကြရာ ယခုအခါ အဆိုပါနေရာဒေသများတွင် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်လာကြခြင်းကြောင့် လှိုင်ကော်မြို့၏ ရိုးရာဓလေ့မီးရှူးတိုင်ကြီးများ ထွန်းညှိပူဇော်ရန် နေရာအခက်အခဲဖြစ်ပေါ်လာခဲ့သည်။

သို့ဖြစ်၍ တန်ဆောင်တိုင်ပွဲတော်ကာလလှိုင်ကော်မြို့၌ ကျင်းပမြဲဖြစ်သည့် မီးရှူးတိုင်ကြီးများထွန်းညှိပူဇော်ခြင်းဓလေ့ကို နေရာအခက်အခဲကြောင့် ကွယ်ပျောက်သွားခြင်း မရှိစေရေးအတွက် မြေလွတ်မြေလပ်များ ကျန်ရှိနေသေးသောနေစက်လစက် စေတီတော်ကုန်းတော်ခြေရင်း၌ ပွဲတော်ကွင်းအသစ်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာတွင် ၁၀ ဧကခန့်အကျယ်ပွဲတော်ကွင်းကို ဖော်ထုတ်တည်ဆောက်သွားမည်ဖြစ်ပြီး ပွဲတော်ကွင်းအတွင်း၌ မီးရှူးတိုင်ကြီးများ ထွန်းညှိပူဇော်ရန်နေရာ၊ မီးပုံးပျံလွှတ်တင်ရန်နေရာ၊ ဇာတ်စင်နှင့် ဈေးဆိုင်ခန်းနေရာစသည်တို့ကို စနစ်တကျ သတ်မှတ်ဖော်ထုတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ကျောင်းဆောင်သစ်နှင့် အလင်းရောင် ဒို့စာကြည့်တိုက် အဆောက်အအုံသစ်လွှဲပြောင်းပေးအပ်

**တပ်ကုန်း ဇွန် ၆**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သစ္စိန်ပင်ကျေးရွာအုပ်စု သစ္စိန်ပင်(မ) ကျေးရွာ အခြေခံပညာမူလတန်း(ခွဲ)၌ ရန်ကုန်မြို့ ဦးဝင်းဖေ- ဒေါ်ရွှေချော မိသားစုတို့မှ ကျောင်းဆောင်သစ်နှင့် အလင်းရောင်“ဒို့” စာကြည့်တိုက် အဆောက်အအုံသစ်နှစ်ခုအား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၄ ရက်က အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။



အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ပညာရေးမှူး ဦးဘသစ်၊ သစ္စိန်ပင် အ.လ.က မှ ကျောင်းအုပ်ဆရာကြီး ဦးသိန်းမြင့်ဦး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမိုးညိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် အလှူရှင်မိသားစုက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကျောင်းဆောင်၊ ပရိဘောဂနှင့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးအား လွှဲပြောင်းပေးအပ်၍ လည်းကောင်း၊ စာကြည့်တိုက်၊ ပရိဘောဂနှင့် စာရွက်စာတမ်းများကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်အား လွှဲပြောင်းပေးအပ်၍လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းမွန်ဇံ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါကျောင်းမှာ အလျားပေ ၆၀၊ အနံ ၂၆ ပေ ၊ အုတ်ညှပ်သွပ်မိုးဖြစ်ပြီး စာကြည့်တိုက်မှာ အလျား ပေ ၂၀၊ အနံ ၁၅ ပေဖြစ်သည်။

ယင်းကျောင်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - အေးအေးမိုးလှိုင်**

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်

**သုံးခွ ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းသန်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက် များရှိ အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# မိုရာမုန်တိုင်းကြောင့် ကြွင်းကျန်ရစ်သော အမှိုက်များရှင်းလင်း

**ပေါက်တော ဇွန် ၆**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့ မြို့မဘုန်းတော်ကြီးကျောင်းလမ်း၌ ဇွန် ၄ ရက်က အမှိုက်ကောက်သန့်ရှင်းရေးပြုလုပ်ခဲ့သည်။

အဆိုပါ သန့်ရှင်းရေးပြုလုပ်ရာတွင် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ဇံ ဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် မေ ၃၀ ရက်ကတိုက်ခတ်ခဲ့သည့် မိုရာမုန်တိုင်းဒဏ်ကြောင့် ကျိုးပဲ့ပျက်စီးသွားခဲ့သည့် သစ်ပင်၊ သစ်ရွက်၊ သစ်ခက်၊ အမှိုက်သရိုက်များကို ရှင်းလင်းခဲ့ကြခြင်းဖြစ်သည်။

မြို့နယ်ရဲတပ်ဖွဲ့များနှင့်အတူ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများကလည်း ပါဝင်ကူညီဆောင်ရွက် ကြပြီး ပေါက်တောမြို့နယ်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် တနင်္ဂနွေနေ့တိုင်း၌ သန့်ရှင်းရေးဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ကာမိုင်း ဇွန် ၆**

ကချင်ပြည်နယ် ကာမိုင်းမြို့ မြို့ပေါ်မအူပင်ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါကျဆင်းစေရေး၊ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေး၊ ပြည်သူများသွေးလွန်တုပ်ကွေးရောဂါအကြောင်းကို သိရှိစေရေးတို့အတွက် ကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဇွန် ၂ ရက်က ကာမိုင်းတိုက်နယ်ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာကျော်မျိုးသူ ဦးဆောင်၍တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်

**သိန်းနီ ဇွန် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန်းနီမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး ဦးဆန်းမင်းအောင်နှင့် တာဝန်ရှိသူများက မောက်စလီနှင့် မိုင်းပါးကျေးရွာအုပ်စုများအတွင်းရှိ ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသားကျောင်းသူများနှင့်ပြည်သူများအား ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မောက်စလီ အ.မ.က ကျောင်းတွင် ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ ဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီနှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ မြို့နယ်ဦးစီးမှူးများက ကြည့်ရှုခဲ့ကြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လိုအပ်သည်များအား ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**ချစ်လှ(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေး

**ထန်းတပင် ဇွန် ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၄ ရက်က တက်သစ်ကျေးရွာအုပ်စု တက်သစ်ကျေးရွာ ကျေးလက်ကျန်းမာရေးဆေးခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက အမျိုးသမီးများ ဘဝလုံခြုံရေးအတွက် အုပ်ထိန်းသူမိဘများနှင့် ကလေးသူငယ်များ သတိပြုလိုက်နာရန် အချက်များအား အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသောကျေးရွာနေပြည်သူများနှင့် ၎င်းတို့၏ ကလေးငယ်များ၊ ဆရာမများအားကျေးလက်ကျန်းမာရေးမှူးနှင့် တာဝန်ရှိသူများက သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အိသင်းထိုက်(ပြန်/ဆက်)**

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၅-၆-၂၀၁၇ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ပါ “လုပ်ကွက်ငယ်တောင်သူများကုန်ကျစရိတ်သက်သာပြီးအထွက်နှုန်းကောင်းသည့် SIR စပါးစိုက်စနစ်ကိုကျင့်သုံးစို့ ”သတင်းဆောင်းပါး၏ခေါင်းနှင့် စာကိုယ်တွင်ပါရှိသော SIR အစား System of Rice Intensification(SRI) ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးပါရန်။

**(မြန်မာ့အလင်း)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊
စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

# မိခင် မေရွှက်ဝါ၏ သီချင်းတွေကို ပြန်လည်သီဆိုမည့် ဆန်းသစ်လ

ကိုလင်း



အဆိုတော် မေရွှက်ဝါ၏ သမီးဖြစ်သူ မော်ဒယ်ဆန်းသစ်လက မိခင် တစ်ခေတ်၊ တစ်ခါက အောင်မြင်ကျော်ကြားခဲ့သည့် တေးသီချင်းများကိုစုစည်း၍ ပြန်လည်သီဆိုမည်ဟု သိရသည်။

"အမေ့ရဲ့ သီချင်းတွေကို အမေနဲ့အတူ စိတ်ကြိုက်ရွေးချယ်ပြီး ဒီလကစလို့ အသံစသွင်းနေပါတယ်။ ၉ လပိုင်းလောက် ထွက်ဖို့ပြင်ဆင်ထားပါတယ်။ တေးရေးတွေကတော့ ဆရာ သုခမိန်လှိုင်၊ ကိုရွှေထူး၊ ကိုဇော်မြင့်ဦး၊ ကိုဆလိုင်းနဲ့ တေးရေးဆရာတွေ တော်တော်များများပါမှာပါ။ သီချင်းအားလုံးကို ပုံစံပြောင်းပြီးသီဆိုထားတယ်။ သီချင်းသစ်တွေလည်း ထပ်ထည့်ထားတယ်၊ အများစုကတော့ အမေ့သီချင်းတွေများပါတယ်၊ အဓိကကတော့ သီချင်းအဟောင်းလေးတွေကို ဗားရှင်းပြောင်းပြီး ဆိုထားတာများပါတယ်။ သီချင်း ၁၁ပုဒ်လောက်ထည့်ဖြစ်မယ်"ဟု မော်ဒယ်ဆန်းသစ်လက ပြောသည် ။ အခွေထွက်ရှိလျှင် ပရိုမိုးရှင်းပွဲ ပြုလုပ်ရန် စိတ်ကူးမရှိကြောင်း၊ ပရိသတ်နှင့် တွေ့ဆုံမှုကို ပုံစံတစ်မျိုးပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

ဆန်းသစ်လသည် အနုပညာလောကကို မော်ဒယ်တစ်ယောက်အဖြစ်မှ ဝင်ရောက်လာခဲ့ပြီး သရုပ်ဆောင်အလုပ်ထက် အဆိုတော် တစ်ယောက်၏ ဘဝနှင့် ရပ်တည်မှုကို ပိုမို နှစ်သက်ကြောင်းဆိုသည်။ "ပထမကတော့ ညီမ သရုပ်ဆောင်အလုပ်နဲ့ ရပ်တည်မယ်ပေါ့ ။ ဒါကလည်း ကိုယ်ဘယ်အပိုင်းကို ကျွမ်းကျင်တယ်ဆိုတာကို သတိမထားမိခင်အချိန်ကပါ၊ နောက်ပိုင်း သီချင်းတွေဆိုရင်းကနေ အမေရဲ့အမွေကို ငါထိန်းသိမ်းရမယ်ဆိုတဲ့အသိနဲ့ အဆိုဘက်ကိုပဲ ဦးစားပေးဖို့ ညီမ ဆုံးဖြတ်ချက်ချလိုက်တယ်။ အစကတော့ ဘာကို ဝါသနာပါလို့ ပါမှန်းမသိ ဝေခွဲမရဖြစ်နေတယ်။ သရုပ်ဆောင်အလုပ်ကိုတော့ လာငှားရင် ငှားသလို လုပ်သွားမှာပါ။ အဆိုပိုင်းကတော့ ပုံမှန်လုပ်နေမှာပါ၊ အမေကလည်း သရုပ်ဆောင်ထက် အဆိုဘက်ကို ပိုဦးစားပေးလုပ်စေချင်တယ်။ သူ့ရဲ့မျိုးဆက်ကလည်း ညီမပဲဖြစ်နေတော့ အမေက သူ့သီချင်းတွေ ဆိုပုံ၊ ဆိုပေါက်တွေကအစ ညီမကို အားလုံးသေချာသင်ပေးတယ်" ဟု ပြောသည်။

# အမျိုးသားကဇာတ်ရုံတွင် Miss Earth Myanmar 2017 ယခုလ (၂၄) ရက်တွင် ကျင်းပမည်

ကိုလင်း

မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပြည်ပနိုင်ငံများသို့ စေလွှတ်ရန်အတွက် Miss Earth Organization က ကြီးမှူးပြီး၊ Miss Earth Myanmar 2017 ပွဲကို ယခုလ ၂၄ ရက်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ပြုလုပ်သွားမည်ဟု သိရသည်။

အဆိုပါ ပြိုင်ပွဲ အတွက် ဆန်ခါတင် အလှမယ် ၂၇ ဦး ရွေးချယ်ပြီးစီးပြီဖြစ်ကြောင်း၊ ဆုကြေးများကိုလည်း လတ်တလောတွင် သတ် မှတ်ထားခြင်းမရှိသေးကြောင်း သိရသည်။ "ဆုကြေး မသတ်မှတ် ထားတာတော့မဟုတ်ပါဘူး။ သတ်မှတ်မှုကတော့ ရှိပါတယ်။ ဒါပေမယ့် လာရောက်ယှဉ်ပြိုင်မယ့်ကလေးတွေက ဆုရရှိမှုကြောင့် ပြိုင်တာထက် ဘယ်လို အကျိုးပြုပေးနိုင်မယ်ဆိုတဲ့ အသိလေး ရစေချင်တာမို့ မပြောတာပါ။ တကယ်ပြည်သူ့ အကျိုးပြုလုပ်ငန်းများအတွက် တတ်နိုင်သမျှ ကူညီနိုင်စိတ်ရှိသူကို လိုချင်လို့ အခုလို၊ မပြောပြ ထားတာပါ"ဟု ပြိုင်ပွဲကို ကမကထ ပြုလုပ်သူ ကိုအောင်ကျော်လှိုင်က ပြောသည်။

အဆိုပါပွဲကို ၎င်းတို့အနေဖြင့် ပြည်တွင်း၌ ပထမဆုံးကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်တွင်းရှိ မျိုးဆက်သစ်လူငယ်များ ကိုယ့်မြေကိုယ့်ရေနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပိုမိုအလေးထား မြတ်နိုးစေချင်သော Message ကို ရစေရန် အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။




# MNTV ကနေ အပတ်စဉ် (တနင်္ဂနွေနေ့ည ၈နာရီ) တွင် ထုတ်လွှင့်မည့် 'တစ္ဆေပျောက်ကြော်ငြာ'

ကိုလင်း

Bo Bo Production က စီစဉ်ပြီး Sky Net Channel တစ်ခုဖြစ်သည့် MNTV Channel ကနေ ဇွန် ၁၁ ရက်မှစတင်ကာ အပတ်စဉ် တနင်္ဂနွေနေ့ ည ၈ နာရီတွင် ထုတ်လွှင့်ပြသသွားမည့် " တစ္ဆေပျောက်ကြော်ငြာ" မြန်မာဗီဒီယိုဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကို ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

"ဒီဇာတ်ကားက ကျွန်တော်တို့ထုတ်လုပ်ရေးကနေ ပထမဆုံးထုတ်လုပ်တာပါ။ ဒီဇာတ်ကားကို အချိန်တစ်နှစ်ကျော်လောက် အချိန်ယူပြီး ခက်ခက်ခဲခဲရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ အဓိကကတော့ Sky Net ရုပ်သံနဲ့ ကျွန်တော်တို့ ပူးပေါင်းရိုက်တာလည်းဖြစ်ပါတယ်။ စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ အလွန်ပင်ပန်းခဲ့ရတဲ့ ဇာတ်ကားတစ်ကားပါ။ ညဆိုလည်း ၁၁ နာရီ ၁၂ နာရီလောက်ကို သွားရိုက်ခဲ့ရတယ်။ ဇာတ်အိမ်ခိုင်မာတဲ့ ကားတစ်ကားလို့လည်း ပြောလို့ရပါတယ်။ သရဲကားထဲမှာဆို ထူးခြားတဲ့ဇာတ်လမ်းတွဲလေးပါ။ အပိုင်းလိုက်တိုင်းကို ကြောက်စရာကောင်းအောင်ပြုလုပ်ထားပါတယ်" ဟု ကိုဘိုခမ်းက ပြောကြားခဲ့သည်။

အဆိုပါ ဇာတ်ကားကို ဇာတ်ညွှန်း ဆူးခတ်နေ၊ ဒါရိုက်တာ သည်ခေတ်နေ ရိုက်ကူးကာ ကျော်ကျော်ဗိုလ်၊ မိုးမိုး၊ ဇေယျ၊ မြတ်သူအောင်၊ နန်းဆုရတီစိုး၊ နွယ်ဒါလီထွန်း၊ သဉ္ဇာမြင့်မိုရ်၊ ဇော်ဇော်အောင်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည့် ယင်းဇာတ်လမ်းတွဲကို ပြင်ဦးလွင်နှင့် ရန်ကုန်မြို့များရှိ သင်္ချိုင်းများတွင် သွားရောက်ရိုက်ကူးပြီး အပိုင်း ၁၆ ပိုင်းအထိ သတ်မှတ်စီစဉ်ထားကြောင်း သိရသည်။

**ဒီဇာတ်ကားက ကျွန်တော်တို့ထုတ်လုပ်ရေးကနေ ပထမဆုံးထုတ်လုပ်တာပါ။ ဒီဇာတ်ကားကို အချိန်တစ်နှစ်ကျော်လောက်အချိန်ယူပြီး ခက်ခက်ခဲခဲရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။**



# လက်ဝှေ့ချန်ပီယံ အောင်လအန်ဆန်

## ကြော်ငြာများရိုက်ကူးနေသော်လည်းအနုပညာအလုပ်များလုပ်ရန်စိတ်ကူးမရှိဟုဆို

ကမ္ဘာကျော် MMA ကစားသမား အောင်လအန်ဆန်က ကြော်ငြာများရိုက်ကူးနေသော်လည်း အနုပညာအလုပ်များကို လုပ်ဆောင်ရန် အစီစဉ်မရှိကြောင်း သရုပ်ဆောင်ပိုင်းအတွက် လာရောက်ကမ်းလှမ်းခံရပေမယ့်လည်း သရုပ်ဆောင်အလုပ်ကိုလုပ်ရန် စိတ်ကူးမရှိသေးကြောင်း သိရသည်။

"ကျွန်တော်က ကမ္ဘာကျော်လက်ဝှေ့ချန်ပီယံ တစ်ယောက်ဖြစ်အောင်ပဲ စိတ်ကူးပြီးကြိုးစားနေတယ်။ အနုပညာအလုပ်တွေကို လုပ်ဖို့စိတ်ကူးမရှိဘူး။ ကျွန်တော် အခုလုပ်ဖြစ်တာကလည်း ဝါသနာပါလို့မဟုတ်ဘူး။ စပွန်ဆာပေးတဲ့အတွက် ကျွန်တော်ရိုက်ကူးပေးတာပါ။ အနုပညာသဘောမျိုး လုပ်ဆောင်ခြင်း မဟုတ်ပါဘူး၊

" ဒီလိုစပွန်ဆာပေးတဲ့အတွက် ကျွန်တော့်အတွက် အဆင်ပြေသလို ပိုကြိုးစားဖို့လည်း အခွင့်အရေးရတယ်။ ဒါကြောင့် စပွန်ဆာပေးတဲ့ကုမ္ပဏီကိုလည်း ကျွန်တော်လုပ်နိုင်တဲ့အပိုင်းက လုပ်ပေးလိုက်တာပါ"ဟု ထပ်မံပြောသည်။ အောင်လအန်ဆန်သည် ခွန်အားဖြည့် အချိုရည် Lion နှင့်စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြစ်ပြီး စာချုပ်အရ Lion အချိုရည်ကြော်ငြာတွင် သရုပ်ဆောင်ပေးရမည်ဖြစ်သည်။ စာချုပ်အရ နှစ်နှစ်တိတိ အခြားစီးပွားရေး ကြော်ငြာများ ရိုက်ကူးခွင့်မရကြောင်း စာချုပ်မှာ အကန့်အသတ် မရှိ ချုပ်ဆိုထားကြောင်းသိရပြီး မြန်မာပရိသတ်တို့ အသည်းစွဲ မြန်မာပြည်ဖွား MMA ကစားသမား အောင်လအန်ဆန်နှင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဘစ်တာလီဘစ်ဒက် (ရုရှား) တို့ နှစ်ဦး ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံကြီး၌ ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်ကြောင်း သိရသည်။

ယခုတွေ့ဆုံမှုသည် အောင်လအန်ဆန်နှင့် ဘစ်ဒက်တို့၏ ဒုတိယအကြိမ်တွေ့ဆုံမှုလည်းဖြစ်ကြောင်း ပထမအကြိမ်အဖြစ် ဇန်နဝါရီ ၁၄ ရက်က အင်ဒိုနီးရှားနိုင်ငံတွင် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အောင်လအန်ဆန်ရှုံးနိမ့်ခဲ့ရသည်။ ယခု ဒုတိယအကြိမ် မကျေပွဲ ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်ဟုသိရသည်။

ကိုလင်း



## 'တစ္ဆေပျောက်ကြော်ငြာ' ဇာတ်လမ်းတွဲရိုက်ကူးစဉ် တစ္ဆေခြောက်ခံလိုက်ရလို့ ဖျားခဲ့ရတယ်ဆိုတဲ့ နန်းဆုရတီစိုး

ကိုလင်း

Bo Bo production ကနေ စီစဉ်ရိုက်ကူးပြီး Sky Net ရုပ်သံ MNTV Channel မှ ဇွန် ၁၁ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီတွင် စတင်ထုတ်လွှင့်ပြသမည့် "တစ္ဆေပျောက်ကြော်ငြာ" ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် နန်းဆုရတီစိုးက ရိုက်ကူးစဉ် ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်များနှင့် ပတ်သက်ပြီး "ဒီကားလေးက တကယ်ကိုကြောက်စရာလည်း ကောင်းတယ်၊ ဇာတ်အိမ်လည်းကောင်းတဲ့ ဇာတ်လမ်းတွဲလို့ပြောလို့ရနိုင်ပါတယ်၊ နန်းဆုအတွက် ပထမဆုံး ရိုက်ကူးတဲ့ ဇာတ်လမ်းတွဲပါ၊ ဒီကားလေးရိုက်နေတုန်း အလွန်လည်းပင်ပန်းခဲ့ရတယ်၊ နန်းဆုဖျားတောင်ဖျားခဲ့ရတယ်၊ ညတိုင်းရိုက်ရတာဆိုတော့၊ လူကလည်းပန်းနေပြီး၊ ပြိုကျ၊ ပျက်စီးတော့မယ့် တိုက်ပျက်၊ အိမ်ပျက်တွေမှာ ရိုက်ခဲ့ရတယ်၊ အဲ့ဒီရိုက်ကွင်းတွေကို ပြင်ဦးလွင်တို့ ရန်ကုန်တို့မှာ ရိုက်ခဲ့တာပါ၊ အများဆုံးက သင်္ချိုင်းမြေမှာရိုက်ခဲ့တာများတယ်၊ သရဲ၊ တစ္ဆေဆိုတာ ကိုယ်မမြင်ရတော့ ကြောက်တော့မကြောက်ဘူး၊ ဒါပေမယ့် ခြံကြီးထဲမှာ မီးဆိုလို့ ရှုတင်က ထွန်းထားတဲ့မီးလောက်ပဲရှိတာ၊ ဘေးပတ်ဝန်းကျင်တစ်ခုလုံးက အမှောင်ထုပဲရှိတယ်၊ ဖုန်းတွေဆိုလည်း သူ့အလိုလိုရွေ့သွားတာတွေ၊ စကားသံတွေ ဘယ်ကနေလာနေမှန်းမသိ ကြားနေရတာတွေ၊ အဲ့ဒီလိုမျိုးတွေ တွေ့ရတော့ လူက နည်းနည်းကြောက်လာတယ်။ ၃ရက်၊ ၄ ရက်လောက် လူကဖျားသွားတယ်။ ဒီကားမှာ နန်းဆုက Channel တစ်ခုရဲ့ Marketing အဖြစ်နဲ့သရုပ်ဆောင်ထားတာပါ၊ အဲ့ဒီလို အိမ်အိုအိမ်ဟောင်းကြီးတွေရဲ့အကြောင်းကို ရိုက်ကူးရတဲ့သူလေးအဖြစ်နဲ့ပါ"ဟု ပြောသည်။

အဆိုပါ ဇာတ်လမ်းတွဲကို နှစ်နှစ်ကျော်အချိန်ပေးရိုက်ကူးခဲ့ရပြီး၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း ဆူးခတ်နေ၊ ဒါရိုက်တာ သည်ခေတ်နေ၊ သရုပ်ဆောင် ကျော်ကျော်ဗိုလ်၊ ကျော်ကျော်၊ ဇေယျ၊ မြတ်သူအောင်၊ မိုးမိုး၊ ဇော်ဇော်အောင်၊ နန်းဆုရတီစိုး၊ သဥ္ဇာမြင့်မိုရ်၊ နွယ်ဒါလီထွန်းနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

## ယခုလ ၁၁ ရက်တွင်ကျရောက်မည့် မွေးနေ့အမှတ်တရအနေဖြင့် 'အရုပ်' သီချင်းခွေဖြန့်မည့် ဇွန်ဝေယံ



X Factor First Runner Up ဆုရှင် တေးသံရှင် ဇွန်ဝေယံ၏ "အရုပ်" တေးအယ်လ်ဘမ်တွင် ကိုယ်ပိုင်သံစဉ်သစ်များပါဝင်ပြီး မွေးနေ့အမှတ်တရအနေဖြင့် ဇွန် ၁၁ ရက်တွင် ဘိုဘိုမြူးဇစ်တေး ထုတ်လုပ်ရေးမှ ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ "အရုပ်ဆိုတဲ့ သီချင်းလေးကို ကိုလုလင်ပျိုက ရေးပေးတာပါ၊ ကိုယ်က အရုပ်တစ်ရုပ်လို ကြိုးဆွဲတိုင်းလိုက်ကပေးတဲ့ အချစ်ကို ရည်ညွှန်းပြသထားတာလည်း ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း ကြိုက်နှစ်သက်လို့ ဒီနာမည်လေးပေးဖြစ်တာပါ"ဟု တေးသံရှင် ဇွန်ဝေယံက ပြောသည်။ အဆိုပါ တေးစီးရီးတွင် သီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးရေးဆရာဇဝါ၊ ဆောင်းဦးလှိုင်၊ ကောင်းကောင်း၊ ဆလိုင်း၊ ဥက္ကါ၊ ပိုင်မင်းဟိန်းနှင့် လုလင်ပျိုတို့က ရေးသားဖော်ကျူးပေးထားကြသည်။ Featuring အနေဖြင့် ငယ်ငယ်နှင့် ပိုင်မင်းဟိန်းတို့က ပါဝင်သီဆိုပြီး ပေါ့၊ အာရ်အန်ဘီနှင့် ရက်ပ်တေးဂီတအမျိုးအစားများ ပါဝင်အားဖြည့်ထားကြောင်း သိရသည်။

"အရုပ်"သီချင်းခွေ ပရိုမိုးရှင်းပွဲကို ဇွန် ၁၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှည်းတန်းစင်တာ Indoor Area ၌ မွေးနေ့ကိတ်ခွဲကာ Game ဆော့ကစားခြင်းများပြုလုပ်ပြီး အနုပညာရှင်များနှင့် လက်မှတ်ရေးထိုး သီဆိုဖျော်ဖြေမည်ဖြစ်သည်။

# ကျန်းမာစေရန် လမ်းလျှောက်ပါ



ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

အသက်ရလာလျှင် သတိမေ့တတ်ခြင်းက အလွန်ထင်ရှားသည့်လက္ခဏာတစ်ခု ဖြစ်လာသည်။ နာမည်မေ့ခြင်း၊ အကြောင်းအရာများကိုမေ့ခြင်း၊ ရုတ်တရက်စဉ်းစားမရခြင်း စသည်တို့ကို မကြာခဏ တွေ့ရတတ်သည်။ ဆရာတော်ကြီးတစ်ပါး ဟောထားသလို "ခင်ဗျားတို့အရိုးတွေကို ခင်ဗျားတို့မနိုင်တော့မှ တရားအားထုတ်မယ်မကြံနဲ့။ အချိန်ကောင်းတုန်း ကိုယ့်အရိုးကိုယ်နိုင်တုန်း ကြိုးစားအားထုတ်ထားကြ ဆိုသည့်အတိုင်း အသက်ကြီးလာသောအခါ အထိုင်အထခက်လာကြသည်။ ခြောက်ဆယ်အရွယ် စမ်းထတယ်"ဟု ဆိုသည့်အတိုင်း အသက်ခြောက်ဆယ်ဝန်းကျင်မှာ ထိုင်ရာမှထလျှင် တစ်ခုခုကို စမ်း၊ ကိုင်ပြီးမှ ထနိုင်လေ့ရှိကြသည်။ မိတ်ဆွေတစ်ဦးက ခြောက်ဆယ်ကျော်လျှင် လက်ထောက်ညွှန်မှူးဖြစ်ပြီဟုလည်း ဆိုသည်။ လက်ထောက်ပြီးမှ ထနိုင်သည့်သဘောကို ဆိုလိုသည်။ ငယ်စဉ်ကလို စွေ့ကနဲ ပေါ့ပါးစွာ မထနိုင်တော့ခြင်းဖြစ်သည်။ အရိုးအဆစ်များက လေးလံလှသည်။ ဝန်ထုပ်ကြီးတစ်ခုလို ဖြစ်လာခြင်းလည်းဖြစ်သည်။

အသက်ကြီးသူများအတွက် မျောက်လိုလှုပ်ရှားကြောင်လိုစား၊ နွားလိုရေသောက် လိပ်လိုလျှောက်၊ တုတ်ထောက်မပျင်းနှင့်ဟူသော အဆိုကိုလည်း တင်ပြချင်သည်။ အသက်ကြီးသူများအဖို့ ငြိမ်နေလွန်းလျှင်လည်း အရိုးတွေပွလာ၊ ကိုယ်အလေးချိန်တွေ တိုးလာ၊ ဆီးချိုလိုရောဂါမျိုးတွေလည်း ဝင်လာနိုင်သည်။ ထို့ကြောင့် ကိုယ်တတ်နိုင်သလောက် လှုပ်လှုပ်ရှားရှားလေးလုပ်ပေးဖို့ လိုသည်။ မျောက်တစ်ကောင်လို လှုပ်လှုပ်ရွရွလေးနေနိုင်ဖို့ ကြိုးစားထားသင့်သည်။ အစားစားတော့လည်း ကြောင်စာလေးလို နည်းနည်း မကြာမကြာစားပေးနိုင်လျှင် ကောင်းပါသည်။ အသက်ကြီးလာလျှင် ရေသောက်နည်းသွားတတ်သည်။ အမှန်တော့ ရေက အသက်သဖွယ် မရှိမဖြစ်လိုအပ်ပါသည်။ နွားများရေသောက်သလို များများ ခဏခဏသောက်ဖို့လည်း လိုသည်။ ရေကို ဆေးသဖွယ် သောက်သင့်သည်။

လမ်းလျှောက်လျှင် ဖြေးဖြေးမှန်မှန် လိပ်များသွားသလို သွားလာသင့်သည်။ အလျင်မလိုသင့်သလို နှေးကွေး လွန်းခြင်းလည်းမကျသည့် လမ်းလျှောက်နှုန်းဖြင့် မှန်မှန်လမ်းလျှောက်နိုင်လေ ကျန်းမာရေးအတွက် ကောင်းလေဖြစ်သည်။ လမ်းလျှောက်ရာတွင်ဖြစ်စေ ရေအိမ်သွားရာတွင်ဖြစ်စေ အမှီအခိုတစ်ခုခုကိုကိုင်ပြီးမှ သွားလာသင့်သည်။ အသက်ကြီးသူတို့အဖို့ ချော်လဲကျခြင်းက အဖြစ်များသောအန္တရာယ်တစ်ခု ဖြစ်သည်။ အထူးသဖြင့် လမ်းလျှောက်မည်ဆိုလျှင် တုတ်တစ်ခုခုကို ကိုင်တွယ်ပြီးမှ လျှောက်သင့်သည်။ တုတ်ကောက်တစ်ခုခုကို အဖော်ပြုထားဖို့မပျင်းကြပါနှင့်ဟု ဆိုလိုခြင်းဖြစ်သည်။

လမ်းလျှောက်ခြင်းအပါအဝင် ကိုယ်လက်လှုပ်ရှားပေးခြင်းတို့သည် သက်ကြီးသတိမေ့တတ်ခြင်း (Dementia)နှင့် ဦးနှောက်၏လုပ်ငန်းဆောင်တာများ (Brain Functions)၊ စဉ်းစားနိုင်မှုစွမ်းရည် (Thinking Skills)တို့ကို အလွန် အထောက်အကူပေးနိုင်ကြောင်း လေ့လာမှုတစ်ခုအရ သိရသည်။ ရက်သတ္တတစ်ပတ်လျှင် မိနစ်အနည်းငယ်သာ လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ပေးရုံဖြင့် တစ်ကိုယ်ရေကျန်းမာကြံ့ခိုင်မှုကို ရစေသည့်အပြင် ဇရာနောက်ကွယ်မှ ဝင်ရောက်လာ တတ်သောရောဂါများ၏ လှည့်ဖြားမှုမှ အတော်အသင့် ကင်းဝေးစေနိုင်သည်။

အထူးသဖြင့် အသက်ကြီးသူများရင်ဆိုင်ရလေ့ရှိသည့် သတိမေ့တတ်ခြင်းကို ဆေးဝါးတစ်စုံတစ်ရာ ကုသမှုခံယူသည်ထက်ပင် အကျိုးများနိုင်ကြောင်း သိရသည်။ အယ်လ်ဇိုင်းမားခေါ် ဦးနှောက်အတွင်းဆဲလ်များ အိုမင်းပျက်စီးခြင်းကြောင့် အဖြစ်များသည့်ရောဂါပြီးလျှင် ဒုတိယ အဖြစ်အများဆုံးဖြစ်သည့် Vascular cognitive impairment ခေါ် ဦးနှောက်သွေးကြောများ ပျက်စီးခြင်း၊ ဦးနှောက်အတွင်း သွေးစီးဆင်းမှု မကောင်းတော့ခြင်းတို့ကြောင့် သတိမေ့တတ်လာခြင်းအတွက် အထူးအကျိုးပြုနိုင်သည်ကို လေ့လာတွေ့ရှိကြခြင်းဖြစ်သည်။ အဆိုပါသွေးကြောများထိခိုက်မှုကြောင့် သတိမေ့တတ်ခြင်းအပြင် ဦးနှောက်၏လုပ်ငန်းဆောင်တာများ ကောင်းစွာမဆောင်ရွက်နိုင်တော့သည်ကို တွေ့ရသည်။ မှတ်ဉာဏ်၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အာရုံစူးစိုက်ခြင်းတို့တွင် ထိခိုက်မှုရှိလာသည်ကိုလည်း တွေ့ရသည်။ Vascular cognitive impairment ဖြစ်လာလျှင် သွေးတိုး၊ နှလုံးရောဂါတို့နှင့်ပါ ယှဉ်တွဲလာနိုင်သည်ဟု သိရသည်။ ထို့ကြောင့် ထိုရောဂါများဖြစ်လာလျှင် ထိရောက်သောကုသမှုများ ခံယူသင့်သည်။

**သွေးကြောများထိခိုက်မှုကြောင့် သတိမေ့မှု စတင်ဖြစ်နေသည့် အသက်ကြီးသူ ၃၈ ဦးကို တက္ကသိုလ်တွင် စတင်စစ်ဆေးခဲ့သည်။ ထို့နောက် ထိုသူတို့ကို တစ်နေ့လျှင် သုံးနာရီ၊ ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်မျှ လမ်းလျှောက်စေသည်။ သူတို့နှလုံး၏ ၆၅ ရာခိုင်နှုန်းမျှ အမြင့်ဆုံးလုပ်ဆောင်မှုရရှိအောင် ခပ်သွက်သွက် လမ်းလျှောက်စေပါသည်။ ခြောက်လကြာသောအခါ သေချာစွာ လေ့လာကြည့်ရှုစစ်ဆေးကြသည်။ Cognitive tests ခေါ် အသိဉာဏ်ဆိုင်ရာ စစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်ရာ လမ်းလျှောက်သူတို့တွင် thinking skills စဉ်းစားနိုင်စွမ်းရည် တိုးတက်လာခြင်းနှင့် ဦးနှောက်၏ အထွေထွေသောစွမ်းရည်များ ကောင်းမွန်တိုးတက်လာခြင်းတို့ကို တွေ့ရသည်**

အသက်ကြီး၍ သတိမေ့တတ်ခြင်းကိုကာကွယ်ရန် အလွန်ထိရောက်သောအချက်မှာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းဖြစ်သည်ကို တွေ့ရှိလာရသည်။ မကြာခဏ ခပ်သွက်သွက်လမ်းလျှောက်ခြင်းက မှတ်ဉာဏ်ကို တိုးတက်ကောင်းမွန်စေနိုင်သည်။ အယ်လ်ဇိုင်းမား သက်ကြီးသတိမေ့ရောဂါ ဖြစ်စအချိန်ဆိုလျှင် လမ်းလျှောက်လေ့ကျင့်ခန်းဖြင့် ကောင်းစွာဟန့်တားနိုင်သည်ကိုလည်း တွေ့ရသည်။ ဖော်ပြခဲ့သည့် ဦးနှောက်သွေးကြောများကြောင့် သတိမေ့တတ်ခြင်းအတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ခြင်းက ထိရောက်စွာ အကျိုးပြုနိုင်သည်ကို တွေ့ရှိရသည်။

ဗြိတိသျှ အားကစားဂျာနယ်(The British Journal of Sports Medicine) တွင် ကနေဒါနိုင်ငံရှိ ဗြိတိသျှ ကိုလံဘီယာတက္ကသိုလ်နှင့် အခြားတက္ကသိုလ်တို့၏ လေ့လာတွေ့ရှိချက်များကို တင်ပြထားသည်။ သွေးကြောများထိခိုက်မှုကြောင့် သတိမေ့မှု စတင် ဖြစ်နေသည့် အသက်ကြီးသူ ၃၈ ဦးကို တက္ကသိုလ်တွင် စတင်စစ်ဆေးခဲ့သည်။ ဦးနှောက်စကင်(Brain Scan)အပါအဝင် လိုအပ်သောစစ်ဆေးမှုများကို သေချာစွာ စစ်ဆေးပြုလုပ်သည်။ ထို့နောက် ထိုသူတို့ကို တစ်နေ့လျှင် သုံးနာရီ၊ ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်မျှ လမ်းလျှောက်စေသည်။ သူတို့နှလုံး၏ ၆၅ ရာခိုင်နှုန်းမျှ အမြင့်ဆုံးလုပ်ဆောင်မှုရရှိအောင် ခပ်သွက်သွက် လမ်းလျှောက်စေပါသည်။

ခြောက်လကြာသောအခါ သေချာစွာ လေ့လာကြည့်ရှုစစ်ဆေးကြသည်။ Control group ခေါ် စစ်ဆေးလေ့လာသည့်အုပ်စုနှင့် သာမာန်အုပ်စုကို နှိုင်းယှဉ်လေ့လာသည်။ လမ်းလျှောက်သူတို့တွင် မူလက သွေးတိုးနေသူတို့မှာ သွေးပေါင်ကျသွားသည်။ Cognitive tests ခေါ် အသိဉာဏ်ဆိုင်ရာ စစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်ရာ လမ်းလျှောက်သူတို့တွင် thinking skills စဉ်းစားနိုင်စွမ်းရည် တိုးတက်လာခြင်းနှင့် ဦးနှောက်၏ အထွေထွေသော စွမ်းရည်များ ကောင်းမွန်တိုးတက်လာခြင်းတို့ကို တွေ့ရသည်။

လေ့လာမှုကိုဦးဆောင်သော Aging,Mobility and Cognitive Neuroscience Lab မှ ဒါရိုက်တာ Teresa Liu-ambrose အမည်ရ ပညာရှင်က လေ့လာမှုများကို ဆက်လက်လုပ်ဆောင်ရဦးမှာဖြစ်ကြောင်း၊ Vascular dementia ခေါ် ဦးနှောက်သွေးကြောစနစ်များ ကျဉ်းမြောင်းလာမှုကြောင့် သတိမေ့တတ်ခြင်းအပါအဝင် ဦးနှောက်၏စွမ်းရည်များ ကျဆင်းလာခြင်းသည် အသက်ကြီးလာမှုနှင့်အတူ ပါလာတတ်သည့် အခြေအနေတစ်ရပ်ဖြစ်ကြောင်း၊ ယင်းကို ယခုကဲ့သို့ မှန်မှန်လမ်းလျှောက်ပေးခြင်းဖြင့် ဆေးကုသမှု မခံယူရဘဲ အတိုင်းအတာတစ်ခုအထိ ကောင်းစွာကာကွယ်ပေးနိုင်ကြောင်း၊ ဖြစ်နေပါကလည်း အကောင်းဆုံးသော အခြေအနေကို ပေးနိုင်သည်ကို လေ့လာမှုအရ သိရကြောင်း၊ ထို့ကြောင့် တစ်ရက်လျှင် တစ်နာရီ၊ တစ်ပတ်လျှင် သုံးရက်မျှ လမ်းလျှောက်ပေးသင့်ကြောင်း ထောက်ခံပြောဆိုထားသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ လူတိုင်း အထူးသဖြင့် အသက်အရွယ်ရလာသူတိုင်း ကျန်းမာကြံ့ခိုင်ရန်အတွက် ငွေမကုန်၊ ဆေးဝါးမကုသရဘဲ သဘာဝအတိုင်း အကောင်းဆုံးအကျိုးပြုနိုင်သည့် လမ်းလျှောက်ခြင်းကို မှန်မှန်ဆောင်ရွက်သင့်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# အမေရိကန်တိုက်စစ်မှူးတွေ အားကုန်သွန်ကစားရမယ့် ၂၀၁၈ ကမ္ဘာ့ဖလား ကွန်ကာကပ်ဖ်ဇုန် ခြေစစ်ပွဲ

*၂၀၁၈ ဖီဖာကမ္ဘာ့ဖလားခြေစစ်ပွဲတွေကို ဇွန် ၁၀ ရက်မှာ ကစားကြမှာဖြစ်ပါတယ်။ ဇွန် ၁၀ ရက်မှာတော့ ကွန်ကာကပ်ဖ်ဇုန်က အသင်းတွေအနေနဲ့ ပွဲစဉ်(၅)အဖြစ် ကစားကြရမှာဖြစ်ပြီး ကွန်ကာကပ်ဖ်ဇုန်မှာတော့ နောက်ဆုံးခြေစစ်ပွဲလို့ သတ်မှတ်ရမယ့်အနေအထားပါပဲ။ ကွန်ကာကပ်ဖ်ဇုန်မှာ ထိပ်ဆုံးက အသင်း (၃)သင်း ခြေစစ်ပွဲအောင်ပြီး အဆင့်(၄)နေရာက အသင်းကတော့ အာရှဇုန်ရဲ့အဆင့်(၅)အသင်းနဲ့ ခြေစစ်ပွဲထပ်ကစားရမှာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာတော့ ကွန်ကာကပ်ဖ်ဇုန်ရဲ့နာမည်ကြီး အမေရိကန်တို့ လောလောဆယ်မှာ အဆင့်(၄)နေရာမှာ ရောက်နေတာမို့ စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။*



မိုးမြင့်လင်းလက်

### အမေရိကန်နှင့် ထရီနီဒက်

ကွန်ကာကပ်ဖ်ဇုန်မှာ အမေရိကန်တို့ အခုအချိန်အထိ လေးပွဲကစား လေးမှတ်သာရရှိနေလို့ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ဆိုတာ ဒီပွဲကို မဖြစ်မနေ အနိုင်ကစားရပါလိမ့်မယ်။ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်တွေကြောင့် အမေရိကန်တို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ အမေရိကန်တို့ရဲ့ တိုက်စစ်က ကောင်းမွန်နေပြီး လေးပွဲမှာ ရှစ်ဂိုးသွင်းယူထားနိုင်ပါတယ်။ အမေရိကန်အသင်းရဲ့ အားနည်းချက်ကတော့ ခံစစ်ပိုင်းဖြစ်ပြီး ပွဲတိုင်းဂိုးတွေပေးနေရတာပါပဲ။ ခံစစ်ပိုင်းကို ပြောင်းလဲမှ ရလဒ်ကောင်းမယ့် အခြေအနေမို့ ပြင်ဆင်ရပါလိမ့်မယ်။ ထရီနီဒက်တို့ကတော့ လေးပွဲကစားပြီးချိန်မှာ တစ်ပွဲသာနိုင်ထားပြီး သုံးမှတ်ရကာ အုပ်စု နောက်ဆုံးနေရာမှာ ရှိနေပါတယ်။ အမေရိကန်နဲ့ ထရီနီဒက်တို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ အမေရိကန်တို့က လေးဂိုးပြတ်နိုင်ပွဲရခဲ့တာမို့ ဒီပွဲမှာလည်း အမေရိကန်တို့ပဲ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံသွားဖို့ များနေပါတယ်။

### မက္ကဆီကိုနှင့် ဟွန်ဒူးရပ်စ်

ကွန်ကာကပ်ဖ်ဇုန်မှာတော့ မက္ကဆီကိုတို့က လေးပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိတာမို့ ရမှတ် ၁၀ မှတ်နဲ့ ထိပ်ဆုံးမှာ ဦးဆောင်နေပြီး ခြေစစ်ပွဲအောင်ဖို့ ရာနှုန်းပြည့်နီးစပ်နေပြီဖြစ်ပါတယ်။ မက္ကဆီကိုအသင်းဟာ တိုက်စစ်ပိုင်းအားရစရာမရှိပေမယ့် ခံစစ်ပိုင်းက အထူးကောင်းမွန်တာမို့ အခုလို ရလဒ်ကောင်းတွေ ပိုင်ဆိုင်ပြီး ခြေစစ်ပွဲအောင်ဖို့ ဖြစ်လာတာပါပဲ။ ဟွန်ဒူးရပ်စ်တို့ကတော့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ စုစုပေါင်းရမှတ် လေးမှတ်ရပြီး ကွန်ကာကပ်ဖ်ဇုန်မှာ အဆင့်(၅)နေရာမှာ ရပ်တည်နေပါတယ်။ တစ်ဦးချင်း စွမ်းဆောင်မှုရော၊ အသင်းလိုက်ကစားအားပါကောင်းမွန်တဲ့ မက္ကဆီကိုဟာ ဟွန်ဒူးရပ်စ်ကို အသာစီးရအောင် ကြိုးစားမှာပါ။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ ဂိုးမရှိသရေ ဖြစ်ခဲ့ပေမယ့် အခုပွဲမှာတော့ မက္ကဆီကိုရဲ့ အသင်းလိုက် စုစည်းမှုအားကောင်းတဲ့ ကစားအားကို ဟွန်ဒူးရပ်စ်တို့ ကျော်လွှားဖို့ သိပ်တော့ မလွယ်ပါဘူး။ မက္ကဆီကိုရဲ့အနိုင်သုံးမှတ်ရယူမယ့်ပွဲဖြစ်ပါလိမ့်မယ်။

### ကော်စတာရီကာနှင့် ပနားမား

ခြေစွမ်းပြနေတဲ့ ကော်စတာရီကာတို့က ကွန်ကာကပ်ဖ်ဇုန်မှာ ခြေစစ်ပွဲ (၄)ပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ (၇)မှတ်ရရှိနေတာမို့ ဒုတိယနေရာမှာ ရှိနေပါတယ်။ ကော်စတာရီကာ တိုက်စစ်မှူးတွေက ဂိုးသွင်းအားမကောင်းပေမယ့် ဂိုးသွင်း သေချာသူတွေဖြစ်ပြီး အခွင့်အရေးရတိုင်းဂိုးရအောင် သွင်းယူနိုင်သူတွေ ဖြစ်ပါတယ်။ ခံစစ်ပိုင်းကလည်း သိပ်သည်းကျစ်လျစ်တာမို့ ပနားမားတို့ ခက်ခဲမယ့်ပွဲပါပဲ။ ပနားမားတို့ကလည်း လေးပွဲကစားပြီးချိန်မှာ စုစုပေါင်း (၅)မှတ်ရရှိထားတာမို့ တတိယနေရာက ခြေစစ်ပွဲအောင်ဖို့ ဒီပွဲမှာ ကြိုးစားလာပါလိမ့်မယ်။ ဒါပေမယ့် ပနားမားတိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းဆောင်မှု မကောင်းတဲ့အပြင် သေချာပေါက် ဂိုးသွင်းခွင့်တွေကို ဖြုန်းတီးတတ်တာမို့ ဒီပွဲမှာ ဂိုးရဖို့ မသေချာပါဘူး။ ဒါပေမယ့် ပနားမား ခံစစ်ကြောင်းကို အကောင်းဆုံး အနေအထားမှာ ရှိနေတာမို့ ကော်စတာရီကာတို့လည်း အားကုန်ထုတ်မှရပါလိမ့်မယ်။ အကြိုက်က ကော်စတာရီကာဖြစ်ပြီး အနိုင်ဆိုရင်လည်း ကော်စတာရီကာတို့ပဲ ဖြစ်သွားပါလိမ့်မယ်။ ။




## ရာသီအစပြိုင်ပွဲတွေနဲ့ လွဲချော်နိုင်တဲ့ တိုက်စစ်မှူး ဟာဇတ်

ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇတ်ဟာ ဘယ်လ်ဂျီယံအသင်းအတွက် နိုင်ငံ့တာဝန်အဖြစ် ကစားပေးစဉ် ခြေမျက်စေ့ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ခြင်းကြောင့် လာမယ့်ရာသီအစမှာ ပြိုင်ပွဲတွေနဲ့ လွဲချော်လိမ့်မယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးစတား တိုက်စစ်မှူး ဟာဇတ်ဟာ တနင်္ဂနွေနေ့က လေ့ကျင့်မှုပြုလုပ်စဉ်မှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။ သူဟာ အနည်းဆုံး ရှစ်ပတ်လောက် အနားယူရဖွယ်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပရီမီယာလိဂ်ရာသီကို လာမယ့် ဩဂုတ် ၁၂ ရက်မှာ စတင်မှာ ဖြစ်ပါတယ်။ ကနဦး သတင်းတွေအရ ဟာဇတ်ဟာ ချက်သမ္မတအသင်းနဲ့ ကစားမယ့်ပွဲ၊ အက်စတိုနီးယားနဲ့ ကစားမယ့်ပွဲတွေမှာလည်း လွဲချော်မယ်လို့ သိရပါတယ်။ ဓာတ်မှန်ရိုက်ကြည့်ရာမှာတော့ သူ့ရဲ့ဒဏ်ရာက အတော်လေးဆိုးတယ်လို့ ဆိုပါတယ်။ သူဟာ နိုင်ငံပြိုင်ပွဲ နှစ်ပွဲကို ပါဝင်ကစားဖို့ ပြင်ဆင်ထားချိန်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့တာဖြစ်ပါတယ်။ ဟာဇတ်ကို ပြီးခဲ့တဲ့ နွေရာသီက စတမ်းဖို့ဒ်ဘရစ်မှ အဝေးကို ပြောင်းရွှေ့ဖို့ ဆက်သွယ်မှုတွေလည်း ရှိခဲ့ပါတယ်။ သူဟာ ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ် ဖလားရအောင် အဓိက ပါဝင်ကစားပေးခဲ့ပြီး စုစုပေါင်း ဂိုး ၁၇ ဂိုး သွင်းယူပေးခဲ့သူလည်း ဖြစ်ပါတယ်။



## ချန်ပီယံလိဂ်ဖလားနဲ့အတူ ပြန်လာတဲ့ ရီးရဲမက်ဒရစ်ရဲ့ အိမ်ပြန်ခရီး



ရီးရဲမက်ဒရစ်အသင်းဟာ ကာဒစ်မြို့မှ ဂျူဗင်တပ်စ်ကို နိုင်ပြီး ချန်ပီယံလိဂ် ဆုဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးခဲ့ပြီးနောက် တနင်္ဂနွေနေ့က စပိန်မြို့တော် မက်ဒရစ်မြို့သို့ ပြန်လာရာမှာ လူပေါင်း သိန်းချီပြီး သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြပါတယ်။ စပိန်မြို့တော်ဝန်ကလည်း ပြည်သူလူထုနဲ့အတူ ကြိုဆိုခဲ့ပါတယ်။ အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့က ချန်ပီယံ ဆုဖလားကို ကိုင်မြောက်ပြီး အောင်ပွဲခံခဲ့ရာမှာ များပြားလှစွာသော ပရိသတ်အပေါင်းက အောင်ပွဲခံကြိုဆိုခဲ့ကြပါတယ်။ ဒီပွဲမှာ စီရော်နယ်ဒိုက အနိုင်ဂိုး နှစ်ဂိုးကိုလည်း သွင်းယူပေးခဲ့ပါတယ်။

ရီးရဲမက်ဒရစ်ဟာ ချန်ပီယံလိဂ် ဆုဖလားကို (၁၂) ကြိမ်မြောက်ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းရဲ့ အိမ်ပြန်ခရီးဟာ စီရော်နယ်ဒိုအတွက်တော့ ဂုဏ်ယူဖွယ်ရာ အောင်ပွဲခံအခမ်းအနားကြီးဖြစ်ခဲ့ပြီး သူ့ကို ချီးကျူးတဲ့ပွဲလည်း ဖြစ်ခဲ့ပါတယ်။ စပိန်မြို့တော်ခန်းမကြီးနဲ့အတူ ရီးရဲမက်ဒရစ်အသင်းကို အားပေးတဲ့ပြည်သူတွေဟာ ကြက်ပုံမကျစည်ကားလှတဲ့ ပွဲကြီးဖြစ်ခဲ့ပါတယ်။ စပိန်နိုင်ငံရဲ့အားကစားအောင်ပွဲနေ့လည်း ဖြစ်ခဲ့ပါတယ်။

## မန်ယူကိုပြောင်းဖို့ ဆန္ဒမရှိဘူးဆိုတဲ့ ဂါရက်ဘေးလ်

ရီးရဲမက်ဒရစ်အသင်းက ချန်ပီယံလိဂ် ဆုဖလားဆွတ်ခူးခဲ့ပြီးနောက် ရီးရဲမက်ဒရစ်နဲ့အတူ ပျော်နေပြီဖြစ်လို့ မန်ယူကိုပြောင်းဖို့ ဆန္ဒမရှိကြောင်း တောင်ပံတိုက်စစ်မှူး ဂါးရက်ဘေးလ်က ပြောဆိုလိုက်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ စနေနေ့ညက ချန်ပီယံလိဂ်ဖလားကို (၁၂)ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်က ကာဒစ်မြို့မှာ ဂျူဗင်တပ်စ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဝေလကြယ်တစ်ပွင့် ဂါးရက်ဘေးလ်ဟာ သူ့ရဲ့မြို့မှာ ကစားတဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ လူစားအဖြစ်သာ ဒုတိယပိုင်းမှာ ပါဝင်ကစားခွင့်ရခဲ့ပါတယ်။ နည်းပြဇီဒန်းကတော့ ဂါးရက်ဘေးလ်ရဲ့အနာဂတ်နဲ့ ပတ်သက်လို့ ရီးရဲမက်ဒရစ်မှာ အာမခံချက်ပေးနိုင်ဖို့ ငြင်းဆိုလိုက်ပါတယ်။ ဂါးရက်ဘေးလ်ကတော့ သူ့အနေနဲ့ စပိန်မှာ ပျော်နေပြီဖြစ်လို့ အင်္ဂလန်ကိုပြန်ဖို့ ငြင်းဆိုထားပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ဂါးရက်ဘေးလ်ကို ၂၀၁၃ ခုနှစ်က စပါးအသင်းမှ ခေါ်ယူခဲ့ပြီး နှစ်ရှည်စာချုပ်နဲ့ ခေါ်ယူထားတာဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။



# ပေါက်ဖော်သံယောဇဉ်ဂျာနယ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**မူဆယ် ဇွန် ၆**

တရုတ်နိုင်ငံ ရွှေလီမြို့၌ နှစ်နိုင်ငံ နယ်စပ် ယဉ်ကျေးမှုဖလှယ်ရေးအသင်း ပေါက်ဖော်သံယောဇဉ်ဂျာနယ် ထုတ်ဝေရန်နှင့် သဘောစာချုပ် လက်မှတ်ရေးထိုးရန်အတွက် တရုတ်နိုင်ငံ ရွှေလီမြို့ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအသင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစာရေးဆရာအသင်း(မူဆယ်မြို့)မှ စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာ ဦးအုန်းမောင် ရွှေညာသား မြတ်မင်း) ဦးဆောင်သော မူဆယ်-နမ့်ခမ်း စာရေးဆရာများနှင့် ယဉ်ကျေးမှုအဖွဲ့များသည် ဇွန်လ ပထမပတ်က မူဆယ်မြို့ ရွှေနန်းတော်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့သို့ ထွက်ခွာသွားသည်။

ထို့နောက် တရုတ်နိုင်ငံ ရွှေလီမြို့ တရုတ်-မြန်မာနယ်စပ် ယဉ်ကျေးမှုဖလှယ်ရေး အသင်းရုံးခန်း၌ နှစ်နိုင်ငံ ယဉ်ကျေးမှု ဖလှယ်ရေးအသင်းအဖွဲ့များသည် ပေါက်ဖော်သံယောဇဉ်ဂျာနယ် ထုတ်ဝေရသည့် အကြောင်းအရင်းကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ယခုထုတ်ဝေမည့် ပေါက်ဖော်သံယောဇဉ်ဂျာနယ် ထုတ်ဝေခြင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံ၏ စီးပွားရေးတစ်ခုသာ မဟုတ်ဘဲ စာပေယဉ်ကျေးမှုအတွက်ပါ ဖြစ်ကြောင်းနှင့် ဆွေမျိုးပေါက်ဖော်ပွဲမှာ တရုတ်-မြန်မာမှာရှိသည့် ကာတွန်းနှင့် ပန်းချီဓာတ်ပုံများကို ပြသရန်လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ပြောကြားခဲ့သည်။

ထို့နောက် နှစ်နိုင်ငံဘက်မှ တက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးတိုင်ပင်ကြပြီး တရုတ်နိုင်ငံ ရွှေလီမြို့ တရုတ်-မြန်မာယဉ်ကျေးမှု ဖလှယ်ရေးအသင်း ပေါက်ဖော်သံယောဇဉ် ဂျာနယ်ထုတ်ဝေရေးအတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို တရုတ်ဘက်မှ ယဉ်ကျေးမှုဖလှယ်ရေးအသင်း(ရွှေလီ)မှဥက္ကဋ္ဌ မစ္စတာဆန်လီရှုနှင့် မြန်မာဘက်မှ မြန်မာနိုင်ငံစာရေးဆရာများအသင်း (မူဆယ်) ဥက္ကဋ္ဌ-စာရေးဆရာ ဦးအုန်းမောင် (ရွှေညာသားမြတ်မင်း)၊ နမ့်ခမ်းစာရေးဆရာများအသင်းမှ ဆရာ ဦးညွန့်ကြည်-ဉာဏ်မင်း (နမ့်ခမ်း)တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **သန့်ဇင်(မူဆယ်)**

# သံဖြူဇရပ်မြို့နယ်မှ စက်စဲပင်လယ်ကမ်းခြေသို့ ကားလိုင်းပြေးဆွဲလုပ်ကိုင်သူနည်းပါးနေ

**သံဖြူဇရပ် ဇွန် ၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ စက်စဲပင်လယ်ကမ်းခြေသို့ ပြေးဆွဲနေသော ကားယာဉ်လိုင်းများသည် ယခင်နှစ် ၂၀ ခန့်က ချက်ပလက်ကားများသာ ပြေးဆွဲသူများပြားခဲ့သော်လည်း ယနေ့အချိန်တွင် ယာဉ်လိုင်း ပြေးဆွဲလုပ်ကိုင်သူ ကျဆင်းနေကြောင်း ယာဉ်လိုင်းပြေးဆွဲနေသူများထံမှ သိရသည်။

"စက်စဲ ဓမင်းဆိပ်မှ သံဖြူဇရပ်သို့ ပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေမှာ အရင်နှစ် ၂၀ တုန်းက ၁၀ ဦးလောက် ရှိခဲ့တယ်။ ယနေ့အချိန်မှာ လိုက်ထရပ်ကားနဲ့ ပြောင်းလဲပြေးဆွဲသူက ငါးဦးလောက်ပဲ ရှိတော့တယ်။ လတ်တလောမှာ ကိုယ်ပိုင်ကားနဲ့ အခြားယာဉ်တွေကပိုများလာလို့ ယာဉ်လိုင်းပြေးဆွဲနေသူတွေ ဝင်ငွေထိခိုက်လာနေပါတယ်"ဟု စက်စဲယာဉ်လိုင်းပြေးဆွဲသူတွေက ပြောသည်။

"အရင်က ခရီးသည်တွေကို လွန်ခဲ့သောနှစ် ၂၀ တုန်းက ယာဉ်စီးခ ငွေကျပ် ၂၀၀ ကနေ ခုချိန်မှာဆို ငွေကျပ် ၁၀၀၀ အထိ ဖြစ်လာနေပြီ။ ခရီးသည်တွေလည်း အရင်ကလို စီးနင်းသူမရှိသလောက် ကျဆင်းလာနေပါတယ်" ဟု ၎င်းကဆက်လက်ပြောပြသည်။

အဆိုပါ စက်စဲကမ်းခြေတွင် မွန်၊ ဗမာ၊ ကရင်နှင့် တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြပြီးလူဦးရေ ၅၀၀၀ ကျော်ရှိကာ အများစုမှာ လယ်ယာလုပ်ငန်း၊ ကွမ်းသီး၊ ရော်ဘာ၊ အုန်းသီးရည်လုပ်ငန်း အပြင် ပင်လယ်ကမ်းခြေကို အမှီပြုပြီး ဟိုတည် ခရီးသွားအပန်းဖြေစခန်းများ ၄ားရမ်းကာ စီးပွားဖြစ်လုပ်ကိုင်ကြသည်။

ပြည်တွင်း ပြည်ပခရီးသွားမှာ တစ်နေ့ထက်တစ်နေ့ လာရောက်လည်ပတ်သူ များပြားလာလျက်ရှိကြောင်း သိရသည်။ **နေမျိုးထွဋ်-ရေး**



စစ်တွေမြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကိုဇွန် ၃ ရက်က ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဆရာ/ ဆရာမများ လှည့်လည်ကြည့်ရှုအားပေးခဲ့စဉ် **တင်ထွန်း(ပြန်/ဆက်)**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ကုမ္ပဏီတစ်ခု ပူးပေါင်းပြီး မျိုးသန့်မျိုးပွားထုတ်လုပ်နိုင်ရေး ဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် Green Growth Generation ကုမ္ပဏီတို့ ပူးပေါင်းပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စတုတ္ထနှစ်သင်တန်းများတွင် မျိုးသန့်မျိုးပွားထုတ်လုပ်နိုင်ရေးဆွေးနွေးပွဲကို ဇွန်လပထမပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

"ကျောင်းမှာ သီအိုရီပိုင်းတွေကို သင်ကြားပို့ချနေသလို တကယ်လက်တွေ့ ဆောင်ရွက်တတ်စေဖို့ကိုလည်း ကွင်းလုပ်ငန်းတွေ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ဒါ့အပြင် ဒီနှစ်မှာ ပုံစံတစ်မျိုးအနေနဲ့ မျိုးစေ့ထုတ်လုပ်ရာမှာ အောင်မြင်နေတဲ့ ကုမ္ပဏီတစ်ခုဖြစ်တဲ့ Green Growth Generation ကုမ္ပဏီနဲ့ ပူးပေါင်းပြီးမျိုးသန့်မျိုးပွားထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ Green Growth Generation ရဲ့ မန်နေးဂျင်းဒါရိုက်တာ ဦးစိုးလင်းထွန်းဆိုတာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က ဘွဲ့ရတစ်ယောက်ပဲ ဖြစ်ပါတယ်၊ စိုက်ပျိုးရေးပညာကို လက်တွေ့အသုံးချပြီး စီးပွား ရေးမှာ အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ပါတယ်၊ ဒီလို အောင်မြင်နေတာတွေကို ကျောင်းသားကျောင်းသူတွေ ကိုယ်တိုင်မျက်မြင်တွေ့ရှိပြီး Entrepreneurship Skill တွေရရှိစေလိုတဲ့ ရည်ရွယ်ချက်နဲ့လည်း ဒီလိုဆောင်ရွက် ရတာဖြစ်ပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောကြားသည်။

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တွင် လယ်ယာသီးနှံပညာ၊ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မနှင့် ဂေဟဗေဒပညာ၊ မြေဆီလွှာနှင့် ရေသိပ္ပံပညာ၊ အပင်ရောဂါပညာ၊ အပင်ပိုးမွှားဗေဒပညာ၊ ဥယျာဉ်ခြံသီးနှံပညာ၊ စိုက်ပျိုးစီးပွားရေးပညာ၊ တိရစ္ဆာန်မွေးမြူရေးပညာ၊ စိုက်ပျိုးရေး အင်ဂျင်နီယာပညာ၊ အပင်ဇီဝနည်းပညာ၊ အစားအစာသိပ္ပံနှင့်နည်းပညာ၊ လူမှုရေးပညာ၊ အပင်အဏုဇီဝပညာစသည့် ပညာရပ်ပေါင်းများစွာကို ပထမနှစ်မှ ပဉ္စမ နှစ်အထိ သင်ကြားပို့ချ ပေးလျက်ရှိကြောင်း၊ အဆိုပါ ဘာသာရပ်များထဲမှ အပင်မျိုးမွေးမျိုးစပ်ထုတ်လုပ်ခြင်း၊ မျိုးသန့်မျိုးပွားခြင်းနှင့် မျိုးစေ့ထုတ်လုပ်ခြင်း အတတ်ပညာများကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ ကျွန်တော်တို့ ဒီတက္ကသိုလ်အတွင်းမှာပဲ ဆရာ ဆရာမတွေဦးဆောင်ပြီး မျိုးသန့်မျိုးပွားခြင်း၊ စပ်မျိုးစပါးထုတ်လုပ်ခြင်းတွေ ကျောင်းသားတွေကို သင်ကြားပေးခဲ့တာဖြစ်ပါတယ်၊ ဒီနှစ်မှာတော့ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်တဲ့ Green Growth Generation ကုမ္ပဏီနဲ့ပူးပေါင်းပြီး စပါးမျိုးသန့်မျိုးပွားစိုက်ပျိုးထုတ်လုပ်သွားမှာ ဖြစ်ပါတယ်၊ စတုတ္ထနှစ်မှာအထူးပြုဘာသာရပ် ခုနစ်ခုရှိပါတယ်၊ အဲဒီအထူးပြုဘာသာရပ် ခုနစ်ခုမှာ တက်ရောက်နေတဲ့ ကျောင်းသားတွေကို တစ်ဧကစီ စိုက်ပျိုးထုတ်လုပ်စေမှာ ဖြစ်ပါတယ်၊ ဒီလို ထုတ်လုပ်တဲ့နေရာမှာ မိတ်ဖက်ပူးပေါင်း ဆောင်ရွက်တတ်တဲ့ စီးပွားရေးအမြင်ရှိလာအောင် ပုဂ္ဂလိက ကုမ္ပဏီနဲ့ ကန်ထရိုက်သဘောမျိုး ပူးပေါင်းဆောင်ရွက်ပြီး မျိုးသန့်မျိုးပွားစိုက်ပျိုး ထုတ်လုပ်စေမှာ ဖြစ်ပါတယ်"ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ကွင်းကြီးကြပ်အဖွဲ့ခေါင်းဆောင် လယ်ယာသီးနှံပညာဌာန ပါမောက္ခဒေါက်တာ ကျော်ကျော်ဝင်းက ပြောကြားသည်။

"အခုလို အမိတက္ကသိုလ်က ကျောင်းသားတွေနဲ့ ပူးပေါင်းပြီး မျိုးသန့်မျိုးပွားစိုက်ပျိုးထုတ်လုပ်ခွင့်ရတယ်ဆိုတော့ ကျေးဇူးဆပ်ရသလို ခံစားရပါတယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍမှာ အဓိကလိုအပ်ချက်ဖြစ်နေတဲ့ မျိုးစေ့ထုတ်လုပ်ငန်း ပိုမိုအောင်မြင် စေဖို့ရယ်၊ နိုင်ငံခြားကိုတင်ပို့နေတဲ့ ဆန်အရည် အသွေးတွေ မြှင့်တင်ချင်ရင် မျိုးစေ့ကောင်းမျိုးစေ့ သန့်သန့်ရှိအောင် ဆောင်ရွက်ရမယ်ဆိုတဲ့ အချက်တွေကို ကျောင်းသား/ကျောင်းသူတွေပိုပြီး သိလာစေဖို့အတွက် အခုလို ပူးပေါင်းဆောင်ရွက် တာ ဖြစ်ပါတယ်" ဟု Green Growth Generation မှဦးစိုးလင်းထွန်းက ပြောကြားသည်။



**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေမိုးသဲ**

# မြစ်ကြီးနားတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားပြုလုပ်

**မြစ်ကြီးနား ဇွန် ၆**

မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဇွန် ၅ ရက်က ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ စာစီစာကုံးပြိုင်ပွဲတွင်အခြေခံကျောင်းများမှ ဆုများရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်းခင်းကျင်းပြသထားသော ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# ဖားကန့် ကျောက်မျက်ရာသီရပ်နားချိန်တွင် နေရပ်များသို့ပြန်သူ နေ့စဉ် ၅၀၀ ခန့်ရှိနေ

**ဖားကန့် ဇွန် ၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဖားကန့်ဒေသတွင် မိုးဦးကာလသို့ စတင်ရောက်ရှိကာ ကျောက်မျက်ရာသီ ရပ်နားပြီဖြစ်သကဲ့သို့ သက်တမ်းကုန်ကျောက်မျက်တူးဖော်ရေး လုပ်ကွက်များနှင့် လုပ်ငန်းရပ်နား ကုမ္ပဏီများကြောင့် ကုမ္ပဏီအလုပ်သမားများ၊ ကျောက်အရောင်းအဝယ်လုပ်ကိုင်ကြသူများ၊ ဈေးရောင်းဈေးဝယ်များ၊ ရေမဆေးကျောက် ရှာဖွေကြသူများမှာ မိမိတို့နေရပ်များသို့ ပြန်နေကြရာ ယခုရက်များတွင် နေ့စဉ်နေရပ်ပြန်သူဦးရေ ၅၀၀ ကျော်ခန့်ရှိနေကြောင်း သိရသည်။



ထိုသို့ နေရပ်ပြန်ကြသူများသောကြောင့် ဖားကန့်ဒေသရှိ တက္ကစီအငှားယာဉ်များ၊ စင်းလုံးငှားမော်တော်ယာဉ်များ၊ ခရီးသည်တင် Express ယာဉ်များ၊ ဆိုင်ကယ်ကယ်ရီများ စသည့်သယ်ယူပို့ဆောင်ရေးလုပ်သူများအနေဖြင့် ယခုရက်များအတွင်း အလုပ်အကိုင်ကောင်းကာ ဝင်ငွေပိုမိုရရှိနေကြကြောင်း သိရသည်။

"ဖားကန့်-မန္တလေး အေဒီဗင်ကားခေါင်းခန်းကို တစ်ယောက် ၅၀၀၀၀ ကျပ်၊ ခေါင်းခန်းနောက်တန်း ၄၀၀၀၀ ကျပ်၊ နောက်ခန်း ၃၅၀၀၀ ကျပ်ပါ၊ သက်သောင့်သက်သာနဲ့ လူခုနစ်ယောက်လောက်တော့ စီးနိုင်ပါတယ်။ ဖားကန့်မှာတော့ ဒီကားမျိုးတွေက အသုံးများပါတယ်။ ဆီစားလည်းသက်သာတယ်။ ဖားကန့်-မန္တလေးဆိုရင် ခေတ်ဆီဖိုးက ၄၀၀၀၀ ကျပ်ဘဲကုန်ပြီး ကားပြင်ဆင်စရိတ်လည်း သက်သာတယ်။ PAJERO နဲ့ PARADO ကားမျိုးက ဆီစားများသလို ကားပြင်ဆင်စရိတ်ကလည်း များပြားတာမို့ လိုင်းပြေးဆွဲရတာ အဆင်မပြေပါဘူး"ဟု ဖားကန့်-မန္တလေး ယာဉ်မောင်းတစ်ဦးက ပြောသည်။

ဖားကန့်တွင် ရေမဆေးရှာဖွေလုပ်ကိုင်နေရာမှ ယခု နေရပ်သို့ပြန်မည့်သူတစ်ဦးလည်း "မကြာခင်မိုးကျတော့မှာပါ။ မိုးမကျခင် ပြင်ဆင်စရာတွေကြိုတင်ပြင်ဆင်ပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်ဖို့ အိမ်ကို အချိန်မီပြန်ရောက်မှ ဖြစ်မှာပါ။ ဖားကန့်မှာလည်း ကျောက်မျက်ကုမ္ပဏီလုပ်ငန်းတွေ ခေတ္တရပ်နားချိန်မို့ ရေမဆေးကျောက်ရှာဖို့ ခက်ခဲလာပြီ။ ဒါကြောင့် မိုးဦးမကျခင် အိမ်ကို အချိန်မီပြန်ရောက်ဖို့ လိုပါတယ်"ဟု ပြောသည်။

ယခုအခါ ဖားကန့်ဒေသတွင် ကျောက်မျက်တူးဖော်သည့် ကုမ္ပဏီအများစုမှာ လုပ်ငန်းရပ်နားချိန်ဖြစ်သည့်အတွက် လုပ်သားအင်အားကို လျှော့ချပြီး လုပ်ငန်းသုံးစက်ယန္တရားများ ပြုပြင်ထိန်းသိမ်းခြင်းများကိုသာ ဆောင်ရွက်လျက်ရှိ၍ ကုမ္ပဏီလုပ်သားများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ကျင်းလုပ်သားများ၊ ရေမဆေးကျောက်ရှာဖွေသူများ၊ ပျံကျဈေးရောင်းဝယ်သူများ စသည်တို့မှာလည်း ယခုရက်များတွင် နေရပ်များသို့ အစုလိုက်ပြန်နေကြခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၆၇)

## ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇွန် ၆**

မွန်ပြည်နယ်အတွင်း မီးရထားသံလမ်းများ ပြောင်းလဲတပ်ဆင်ခြင်း၊ မြေထိန်းတမံတည်ဆောက်ခြင်းစသည့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန့်ဇင်မောင်နှင့် တာဝန်ရှိသူများ ဇွန် ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးနှင့် တာဝန်ရှိသူများက ကျိုက်ထိုနှင့် မော်လမြိုင်အကြားရှိ သံလမ်းများ ပြောင်းလဲတပ်ဆင်နေမှုများကို ဇွန် ၃ ရက် နံနက်ပိုင်းက လိုက်လံ စစ်ဆေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ မုပွန် ရပ်ကွက်ရှိ ကျောက်ဝဲဂူဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက ဘုန်းတော်ကြီးကျောင်းအတွင်း မြေပြိုကျမှုဖြစ်ပွားခဲ့ရာတွင် မြေထိန်းနံရံများ ပြန်လည်ပြုပြင်ပြီးစီးနေမှုကို စစ်ဆေးခဲ့ကာ ကျောက်ဝဲဂူ ဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ဆိပ်ကမ်းအာဏာပိုင်ရုံး ဝန်ထမ်းများနှင့်ကုန်းလမ်းပို့ဆောင်ရေးရုံး ဝန်ထမ်းများအား သွားရောက်တွေ့ဆုံ၍ လမ်းညွှန်မှာကြားမှုများဆောင်ရွက်ခဲ့ကာ နောက်တစ်ရက်မနက်တွင် မော်လမြိုင်ဘူတာမှ (RBE)အထူးရထားဖြင့် ရေး-ထားဝယ်လမ်းပိုင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **တင်ထွဋ် (မော်လမြိုင်)**



## မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်လုပ်ခြင်း နည်းပညာအသုံးချသင်တန်းဖွင့်

**ပျော်ဘွယ် ဇွန် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲက ကြီးမှူး၍ မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်လုပ်ခြင်း နည်းပညာအသုံးချသင်တန်း အမှတ်စဉ်(၂)ကို ဇွန် ၅ ရက်မှစ၍ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ရှိ အခြေခံ ရေတိုင်းနှင့်မြေတိုင်းသင်တန်းကျောင်း ခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။



သင်တန်းဖွင့်ပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူစောက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ အဆိုပါသင်တန်းတွင် ခေတ်မီ Auto Level သင်ကြားပြသခြင်းအပြင် ခေတ်မီ Total Station NIVO 2M+ နှင့် ချိတ်ဆက်ကာ အသုံးချမြေပုံထုတ်လုပ်နိုင်သည်အထိ စူးစမ်းလေ့လာရေးဌာနခွဲမှ ကျွမ်းကျင်ပညာရှင်များက ဇွန် ၅ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ မန္တလေး၊ မကွေး၊ သထုံ၊ မိတ္ထီလာ၊ ပျော်ဘွယ်မြို့နယ်များရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများမှ ဦးစီးမှူး၊ ဒုဦးစီးမှူး၊ လက်ထောက်ဦးစီးမှူး၊ ဒုလက်ထောက်ဦးစီးမှူးအဆင့် ဝန်ထမ်း သင်တန်းသူ ၁၉ ဦး တက်ရောက်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## လက်ပံတန်းမြို့ နာရေးကူညီမှုအသင်း၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**လက်ပံတန်း ဇွန် ၆**

နာရေးကူညီမှုအသင်း(လက်ပံတန်းမြို့)၏ (၁၁)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားနှင့် အသင်းသားများ၏ သားသမီးနှင့်မြေး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအထောက်အကူပစ္စည်းများ လှူဒါန်းပွဲကို ဇွန် ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားကို အသင်းရုံး၌ အသင်း၏ လပတ်အစည်းအဝေးနှင့်အတူ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပညာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းရာတွင် ကျောင်းသားကျောင်းသူ ၂၀ ဦးအား စာအုပ်နှင့် စာရေးကိရိယာများကို အသင်းက တစ်နှစ်စာအပြည့်အဝလှူဒါန်းခဲ့ကာ အသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်စန်းနွဲ့ကလည်း ဗလာစာအုပ် ဒါဇင် ၃၀ နှင့်ဘောပင်များကို လှူဒါန်းခဲ့သည်။ ထို့နောက် အသင်းနာယက ဦးစောလွင်နှင့် ဥက္ကဋ္ဌ ဦးသောင်းမြင့်တို့ကလည်း ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားကာ အသင်းသားများအား မိုးရာသီ နေအိမ်များပြုပြင်ရန် အသုံးစရိတ်များကိုလည်း ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **ကိုလင်း**

## ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**သာစည် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတတ်ဆုံကျေးရွာတွင် ကျေးရွာလူထုက ကိုယ့်အားကိုယ်ကိုး ကြိုးစားဆောင်ရွက်ခဲ့သော ၂၄ နာရီ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဖွင့်ပွဲကို ရွာဦးဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ဇွန် ၃ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် သာစည်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတိုင်းတွင် လျှပ်စစ်မီးရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် လိုအပ်သည်များကို ကူညီပံ့ပိုးလျက်ရှိကြောင်း၊ ကျွဲတတ်ဆုံကျေးရွာအနေဖြင့် ကျေးရွာလူထုညီညီညွတ်ညွတ်စုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေမှုကြောင့် ယနေ့ရွာလုံးကျွတ် လျှပ်စစ်မီးလင်းနေပြီကို တွေ့မြင်ရ၍ ဝမ်းသာဂုဏ်ယူကြောင်း၊ ယခုလိုပင် ရှေ့ဆက်၍ မိမိတို့ရပ်ရွာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရန်တိုက်တွန်းကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးက တိုင်းဒေသကြီးအတွင်း ကျေးရွာတိုင်း လျှပ်စစ်မီးရရှိရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်မိုးက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ကျွဲတတ်ဆုံကျေးရွာသည် သာစည်မြို့အရှေ့ဘက် ၁၂ မိုင်ခန့်အကွာတွင်တည်ရှိပြီး ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ထိစပ်နေသော ရွာတစ်ရွာဖြစ်ကာ အိမ်ခြေ ၃၆၀၊ လူဦးရေ ၁၅၀၀ ခန့်ရှိသည်။ မန္တလေး-မိတ္ထီလာ-တောင်ကြီး-တာချီလိတ်သို့သွားသည့် အဝေးပြေးကားလမ်းမကြီးပေါ်တွင် တည်ရှိနေသောရွာဖြစ်၍ ခရီးသည်အဝင်အထွက်များသော ရွာကြီးတစ်ရွာဖြစ်သည်။ မီးလင်းရေးလုပ်ငန်း ဆောင်ရွက်မှုအဖြစ် ကျေးရွာအတွင်းတွင် ၃၃/၀ ဒသမ ၄ ကေဗွီ (၃၁၅ ကေဗွီအေ)ထရန်စဖော်မာနှစ်လုံး ထားရှိပြီး ဓာတ်အားကို ရေပေါင်းဆုံကျေးရွာ(၁၃၂/၃၃)ကေဗွီ (၆၀ အမ်ဗွီအေ) ဓာတ်အားခွဲရုံမှရယူကာ ယခုနှစ် ဖေဖော်ဝါရီလအတွင်းမှစ၍ ကျေးရွာအတွက် မီးလင်းစေနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**




# ဗိုလ်ချုပ်အောင်ဆန်းရုပ်တုထားရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ညောင်လေးပင် ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးရုပ်တုထားရှိနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ဇွန် ၄ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)နှင့် ညောင်လေးပင်မြို့နယ် အသင်း (ရန်ကုန်)မှ ဦးမောင်မောင်သက်တို့က ရုပ်တုဖြစ်မြောက်ရေးကိစ္စနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးကာ တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေး၍ ရုပ်တုဖြစ်မြောက်ရေး ဆောင်ရွက်ရန် ဦးစီးကော်မတီများ ဖွဲ့စည်းခဲ့သည်။ ထို့နောက် အလှူရှင်များက ဦးစီးကော်မတီဝင်များထံသို့ မတည်အလှူငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ဗိုလ်ချုပ်မြင်းစီးရုပ်တုကို ရန်ကုန်-မန္တလေး-မဒေါက် လမ်းဆုံ နေရာတွင် ထားရှိမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ အမီ ဗိုလ်ချုပ်၏ဂုဏ်ပုဒ်နှင့်အညီ တင့်တယ်ခံ့ညားစွာ ထားရှိနိုင်အောင် အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ ရုပ်တုသည် အမြင့် ၁၅ ပေရှိမည်ဖြစ်ပြီး အုတ်ခုံအလျား ၁၅ ပေ၊ အနံ ၆ ပေ၊ အမြင့် ၁၀ ပေ ရှိမည်ဖြစ်၍ စုစုပေါင်း ၂၅ ပေမြင့်မည်ဖြစ်ကြောင်း၊ ရုပ်တုကို ညောင်လေးပင်မြို့သား နိုင်ငံကျော်ပန်းပုပညာရှင် ဦးအောင်ကျော်ထွန်းက မေတ္တာဖြင့် ထုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်အောင်လှိုင် (ညောင်လေးပင်)

# သဘာဝသယံဇာတ ထိခိုက်ပျက်စီးစေမည့်ကိစ္စရပ်များကို ထိရောက်စွာဟန့်တားအရေးယူမည်

မုံရွာ ဇွန် ၆

သဘာဝသယံဇာတ အရင်းအမြစ်များ ထိခိုက်ပျက်စီးစေမည့် ကိစ္စရပ်များကို ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် ဟန့်တားအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောသည်။

"လူသားတွေအပါအဝင် သက်ရှိများရဲ့ ဘဝရှင်သန်ရပ်တည်နိုင်ဖို့အတွက် တန်ဖိုးရှိလှတဲ့ သဘာဝဂေဟစနစ်များနဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ဘက်ပေါင်းစုံက ထိန်းသိမ်းကာကွယ်ဖို့ အထူးလိုအပ်တဲ့အလျောက် သဘာဝသယံဇာတ အရင်းအမြစ်တွေကို ထိခိုက်ပျက်စီးစေမယ့် ကိစ္စရပ်တွေကို ဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ ထိထိရောက်ရောက် ဟန့်တားအရေးယူ ဆောင်ရွက်သွားမှာဖြစ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို ကဏ္ဍအားလုံးမှာ ပေါင်းစပ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေအနေနဲ့လည်း မိမိတို့တတ်နိုင်တဲ့ အပိုင်းကနေ ဖြစ်နိုင်သမျှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ဝန်ကြီးက ပြောကြားသည်။

မုံရွာမြို့ မြစန္ဒာခန်းမ၌ ဇွန် ၅ ရက်က ကျင်းပသည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ကာ ထိုအခမ်းအနားတွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲမှ ဆုရရှိသူများအား ဝန်ကြီးက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။




ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ပြသထားသော ပညာပေးပိုစတာများကို ကျောင်းသားကျောင်းသူများ ကြည့်ရှုနေစဉ်

သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်း၏ အဓိကအကြောင်းရင်းမှာ လူသားများ၏ ပြုမူနေထိုင်မှုများကြောင့်ဖြစ်ပြီး ပျက်စီးနေသော ပတ်ဝန်းကျင်ကို ပြန်လည် ကုစားရန် အားလုံးတွင်တာဝန်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲရန်ဆိုသည်မှာ ရှုံးနေသည့်စစ်ပွဲကို အနိုင်တိုက်ယူရသည့် အခြေအနေမျိုးဖြစ်ကြောင်း လည်း ဝန်ကြီးက ဆိုသည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ရာသီဥတုဖြစ်ရပ်များကို အခံစားရဆုံးနိုင်ငံများတွင် ပါဝင်ပြီး ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ခုနှစ်တွင် ခံစားခဲ့ရသော လွန်ကဲသည့်အပူလှိုင်းများနှင့် ၂၀၁၅ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် ရေကြီးရေလျှံမှုများစသည့် ဖြစ်ရပ်များသည် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများအပေါ် ဒုက္ခရောက်စေသည့် အကျိုးသက်ရောက်မှုများလည်း ရှိခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံ၏ သစ်တောလက်ကျန်ဧရိယာများအရ စစ်ကိုင်းတိုင်းဒေသကြီးသည် သစ်တောပိုင်ဆိုင်မှုအများဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ၊ သဘာဝကြိုးဝိုင်းများ၊ သဘာဝနယ်မြေများကို သတ်မှတ်ထိန်းသိမ်းထားပြီးဖြစ်သလို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ခုနစ်ခုကို အာဆီယံအမွေအနှစ် ဥယျာဉ်များအဖြစ် သတ်မှတ်ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

# ဒူးရင်းသီးဈေးကောင်းသော်လည်း အရောင်းအဝယ်အေးနေ

ရေး ဇွန် ၆

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းမှ ဒူးရင်းသီး အဓိကထွက်သော ရေးချောင်းဖျားဒေသကျေးရွာများဖြစ်သည့် ရင်းဒိန်း၊ ရင်းရယ်၊ ဒူးယား၊ အံဒင်၊ ကလော့နှင့် ဟံဂံကျေးရွာတို့မှ ထွက်ရှိသည့် ဒူးရင်းသီးများမှာ ယခုနှစ် ဈေးကွက်တွင် ဈေးကောင်းရရှိနေသော်လည်း အရောင်းအဝယ်မှာ အေးလျက်ရှိကြောင်း သိရသည်။

ရေးမြို့နယ်ဈေးကွက်တွင် လက်ရှိ ဒူးရင်းသီးဈေးနှုန်းမှာ ပုံမှန်ဈေးဖြစ်သည့် အနိမ့်ဆုံး ၁၃၀၀ ကျပ်မှ အမြင့်ဆုံး ငွေကျပ် ၃၀၀၀ ခန့်အထိ ပေါက်ဈေးရှိနေကာ ယခုလများတွင် ရေးမြို့နယ်သို့ ပျမ်းမျှ ဒူးရင်းသီးလုံးရေ နှစ်သောင်းကျော် ဝင်ရောက်လျက်ရှိကြောင်း၊ အသီးများ ဈေးကောင်းရသော်လည်း ရန်ကုန်ဈေးကွက်တွင် အရောင်းအဝယ်အေးလျက်ရှိသဖြင့် ရေးမြို့နယ် ဈေးကွက်တွင်လည်း အရောင်းအေးနေကြောင်း ကုန်သည်များထံမှ သိရသည်။

ယခုနှစ် ဒူးရင်းသီးဈေးကွက်အခြေအနေမှာ ယခင်နှစ်ကထက် ဈေးကောင်းနေသဖြင့် ဆိုင်ရှင်များ ကုန်သည်များအနေဖြင့် ဈေးကောင်းပေးဝယ်ကြရပြီး အရောင်းအဝယ်အေး၍ အမြတ်အစွန်းမှာ ကျဆင်းလာနေလျက်ရှိကြောင်း၊ စားသုံးသူများအနေဖြင့်လည်း ဈေးကြီးပေးဝယ်စားရသောကြောင့် အရောင်းအဝယ်မှာ ပို၍အေးလာလျက်ရှိကြောင်း၊ ကုန်သည်များအနေဖြင့်လည်း ထင်သလောက် အမြတ်အစွန်းမရကြကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)



ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဟသ်ာတခရိုင် ကြံခင်းမြို့နယ် သစ်တောဦးစီးဌာန စီစဉ်ဆောင်ရွက်မှုဖြင့် ကြံခင်းသစ်တောကြိုးဝိုင်း အကွက်အမှတ် (၅၁) တို့တွင် ဇွန် ၅ ရက်က စုစုပေါင်းသစ်ပင် ၁၀၀၀ အား တပျော်တပါး စုပေါင်း စိုက်ပျိုးကြစဉ်

ငွေမင်း



# ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှု လျော့ကျစေရေးဆောင်ရွက်

ရန်ကုန် ဇွန် ၆

မိုးရာသီကာလ၌ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှုများ လျော့နည်းစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်ကာ ဇွန် ၃ ရက်က တံတားကြီးချောင်း၌ စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာ၌ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်း ဦးဆောင်သော စီမံရေးရာဝန်ထမ်းများ၊ လမ်းနှင့်တံတားဌာနမှ တာဝန်ခံအင်ဂျင်နီယာဦးတင်ဝင်းနှင့် ဝန်ထမ်းများ၊ ယာ/အုံးဌာန၊ သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်ဌာန၊ ရေနှင့်သန့်ရှင်းမှုဌာနတို့မှ တာဝန်ခံများနှင့် ဝန်ထမ်းများသည် ချောင်းအရှည်ပေ ၇၀၀၀ အတွင်းရှိ နွယ်မြက်သစ်ပင်ချုံနွယ်များ၊ ဗေဒါပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်နှင့် နုန်းချေးများ ဆယ်ယူဖယ်ရှားခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှုများ လျော့နည်းစေရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းခွင်သို့ တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

# မိတ္ထီလာခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း စတင်ဖွဲ့စည်း

**မိတ္ထီလာ ဇွန် ၆**

မိတ္ထီလာခရိုင်အတွင်း၌ မူးယစ်ဆေးဝါးအလွဲသုံးစားမှု လျော့နည်းပပျောက်ရေးနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မိတ္ထီလာခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကို ဇွန် ၅ ရက်က စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သော အသင်းစတင်ဖွဲ့စည်းသည့် အခမ်းအနားတွင် မိတ္ထီလာခရိုင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံးက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အလွဲသုံးမှု လျှော့ချရေးအတွက် ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာအသီးသီးက အမျိုးသားရေးအသိဖြင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်းနှင့် မြန်မာနိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးကင်းစင်ပြီး ကျန်းမာကြံ့ခိုင်သော သာယာနေပျော်ဖွယ် လူ့ဘောင်အသိုက်အဝန်းကို ဖော်ဆောင်နိုင်ရန် ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနာယက ရဲမှူးကြီးလှမျိုး(ငြိမ်း)က အသင်းဖွဲ့စည်း တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှမြင့်(ငြိမ်း)က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသည် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်ရေးကို အဓိကဦးတည်ကာ မူးယစ်ဆေးဝါးဆန့်ကျင်ရေး လုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။




ထို့နောက် ယခုစတင်ဖွဲ့စည်းသည့် ခရိုင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး တင်ထွန်း(ငြိမ်း)က ယခုအခါတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ၏ အန္တရာယ်သည် လူငယ်ထုအတွင်း ကြီးမားသောစိန်ခေါ်မှု တစ်ရပ်အဖြစ် ပိုမိုထိုးထွင်းဝင်ရောက်လာလျက်ရှိ၍ မိမိတို့အသင်းကြီးအနေဖြင့် ပြည်သူလူထုထဲတွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိစိတ်ဓာတ်နှင့် လက်တွေ့လိုက်နာကျင့်သုံးရမည့် အလေ့အကျင့်ကောင်းများ ပေါ်ပေါက်လာစေရေးအတွက် ပညာပေးခြင်း စည်းရုံးလှုံ့ဆော်ခြင်း၊ တိုက်ရိုက်ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းများကို စီမံကိန်းများချမှတ်၍ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပေါင်းစပ်ကာ ခရိုင်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဖုန်းဝင်းက ခရိုင်အသင်းဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မှုခင်းသတင်းတိုများ

### ကျပ်သိန်း ၂၇၀ ကျော်ဖိုးရှိ မူးယစ်ဆေးများ ဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒွေါ့ဖုန်းယန်မြို့၌ လူနှစ်ဦးထံမှ ကျပ်သိန်း ၂၇၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဆပ်ပြာခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို ဇွန် ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဒွေါ့ဖုန်းယန်မြို့ ဗန်းမော်-မြစ်ကြီးနားကားလမ်းပေါ်ရှိ ခယာကျေးရွာ စစ်ဆေးရေးဂိတ်၌ နယ်မြေခံတပ်မှ ဗိုလ်မှူးမျိုးကိုကိုမြင့်နှင့်အဖွဲ့၊ မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းနှင့်အဖွဲ့ဝင်များ၊ နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် မြစ်ကြီးနားဘက်သို့ အညီမွန်မောင်းနှင်လာပြီး နောက်မှ အိုက်ကျိန် လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စုစုပေါင်း ဘိန်းဖြူမှုန့်အလေးချိန် ၂၄၂ ဂရမ်ပါ ဆပ်ပြာခွက် ၂၂ ခွက်နှင့် WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၅၀၊ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၂၇၀ ကျော်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒွေါ့ဖုန်းယန်နယ်မြေရဲစခန်းက အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

### လိုင်စင်မဲ့အရက်ရောင်းချသူအား ဖမ်းဆီးအရေးယူ

မင်းလှမြို့နယ် လယ်လှကျေးရွာ၌ လိုင်စင်မဲ့ အရက်ရောင်းချနေသူ အမျိုးသားတစ်ဦးအား ဇွန် ၄ ရက်က ဖမ်းဆီးအရေးယူခဲ့ကြောင်း မင်းလှမြို့မရဲစခန်းမှ သိရသည်။

လယ်လှကျေးရွာနေ ဘိုနီ(၅၀ နှစ်)၏ ဈေးဆိုင်တွင် လိုင်စင်မဲ့အရက်များရောင်းချနေကြောင်းသတင်းအရ သရက်ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်မင်းအောင်ထွေးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဈေးဆိုင်အတွင်းမှ ဒဂုံရမ်၊ မြန်မာဘီယာ၊ ဒဂုံဘီယာ၊ မြန်မာရမ်၊ ရှိုင်ရယ်ကလပ်၊ ဂရမ်းရှိုင်ရယ်စသည့် အရက်နှင့်ဘီယာမျိုးစုံ ပုလင်းနှင့် ဘူးများနှင့် အာအိုရ်အရက်ဖြူသန့် ၄၄ လုံး၊ အရက်ဖြူ ၁၁ လုံး စုစုပေါင်းတန်ဖိုး ကျပ် ၂၆၁၅၀၀ ခန့်ကို သိမ်းဆည်းရမိခဲ့၍ ရဲအုပ်အောင်မင်းထွေးက တရားလိုပြုလုပ်ကာ မင်းလှမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

---



ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၆)၊ အခန်း ၁၅နေ ဦးမြကြည်-(ဒေါ်ကြည်ကြည်)မိသားစုတို့မှ ရန်ကုန် တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်ကြီးတွင် ဓမ္မာဂါရသုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဂုဏာနန္ဒအား အလှူတော်ငွေကျပ် (၅၅၀၀၀၀၀) ပေးအပ်လှူဒါန်းခြင်း။



## တင်ဒါအောင်မြင်ကြောင်း ကြေညာခြင်း

(၁၆-၅-၂၀၁၇)ရက်စွဲပါ မန္တလေးသတင်းစာနှင့် (၁၈-၅-၂၀၁၇) ရက်စွဲပါ မြန်မာ့အလင်း၊ ကြေးမုံနှင့်ရတနာပုံသတင်းစာတို့တွင် ကြော်ငြာထားသော မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူရာတွင် Lot(1) Great Motion Co;Ltd, Lot (2) UE Co; Ltd, Lot (3) ရွှေဝင်းစတားကုမ္ပဏီ, Lot(4) ထွန်းနေမင်းကုမ္ပဏီ, Lot(5) အောင်ခေတ်သစ်ကုမ္ပဏီ, Lot(6) နေဖြိုးပြည့်ကုမ္ပဏီ, Lot(7) မြေလတ်သစ္စာကုမ္ပဏီ, Lot(8)Suntac Technologies Co;Ltd, Lot(9) Myat Phyo Shwe Ngwe Co;Ltd, Lot(10) ဂုဏ်ရှိန်ကြယ်ကုမ္ပဏီ, Lot(11) 25th Group Construction Co;Ltd, Lot(12) Royal Steel Palace Co;Ltd, Lot(13) သီဟမင်းဆွေကုမ္ပဏီ, Lot(14) မုဒ္ဒံမောင်မောင်ကုမ္ပဏီ, Lot(15) Kaung Mon Co;Ltd, Lot(16) ပန်းသီဂိကုမ္ပဏီ, Lot(17) ကုဋေကျော်ဆောက်လုပ်ရေးနည်းပညာကုမ္ပဏီ, Lot(18) GAIA Construction Co; Ltd, Lot(19) စိုးမိုးသူကုမ္ပဏီ, Lot(20) အောင်ရွှေထူးဝင်းကုမ္ပဏီစသည့် ကုမ္ပဏီများအား (၄-၆-၂၀၁၇)ရက်တွင် ကျင်းပသော တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်တင်ဒါ အောင်မြင်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)၊ ၇၃လမ်းနှင့် သဇင်လမ်းထောင့်၊ ကြော်ငြာသင်ပုန်းတွင်လည်း ကြော်ငြာထားပါသည်။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများသည် (၁)ပတ်အတွင်း လာရောက်စာချုပ်ချုပ်ဆို၍ လုပ်ငန်းစတင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ (၁)ပတ်အတွင်းစာချုပ်လာရောက်မချုပ်ဆိုပါက ဒုတိယအောင်မြင်သည့် ကုမ္ပဏီအား ရွေးချယ်ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ လုပ်ငန်းအားလုံး(သို့)လုပ်ငန်းတစ်ခုစီအလိုက် တင်ဒါတင်သွင်းနိုင်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | မီးစက်(60KVA.Diesel Generator, Sound Proof(Type) | ၁ |
| ၂ | Desktop Computer Corei7 | ၁၉ |
| ၃ | Scanner(Image Formula,DR-2020U) | ၁ |
| ၄ | UPS(1200 VA) | ၁ |
| ၅ | Projector 4100 Lumens and Screen(8'x8') | ၁ |
| ၆ | Bar Code Reader(2D) | ၁ |

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၈-၆-၂၀၁၇ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၇-၇-၂၀၁၇ရက် ညနေ ၄း၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ငွေစာရင်းဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)

၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက ဖုန်း-09-423010226 (ext:1006), 09-794406318 တို့သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် စက်မှုသင်တန်းကျောင်းနှင့်ဓာတ်ခွဲစမ်းသပ်ခြင်း၊ တိုင်းတာရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Simulator, Laboratory Equipments နှင့် Survey Equipment များကို နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၆-၂၀၁၇ ရက်မှ ၃၀-၆-၂၀၁၇ ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်အချိန်** - ၃-၇-၂၀၁၇ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃-၇-၂၀၁၇ ရက်၊ မွန်းလွဲ ၁၃း၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၃)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်
(င) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ရုံးအမှတ်(၄၃)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၀၁၉နှင့် ဒုတိယညွှန် ကြားရေးမှူး၊ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၃၁၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာဦးစီးဌာနမှ
## အဆောက်အဦးများဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

မွန်ပြည်နယ်၊ အဆောက်အဦ ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အခြေခံပညာဦးစီးဌာနမှ အဆောက်အဦဦးစီးဌာနသို့ အပ်နှံသည့် အခြေခံပညာကျောင်းများဆောက်လုပ်ခြင်းလုပ်ငန်းအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် (မြန်မာကျပ်ငွေဖြင့်)အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

(၁) **တင်ဒါအဆိုပြုလွှာ ရယူနိုင်သည့်ရက်** - ၆-၆-၂၀၁၇ရက်(အင်္ဂါနေ့) (ရုံးချိန်အတွင်း)
(၂) **တင်ဒါအဆိုပြုလွှာ ရယူနိုင်သည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့
(၃) **တင်ဒါအဆိုပြုလွှာပိတ်မည့်ရက်/အချိန်**
(က) **ကုမ္ပဏီဆိုင်ရာ အချက်အလက်များ နှင့်စံချိန်စံညွှန်းများ အဆိုပြုလွှာ** - ၃-၇-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီ
(ခ) **အဆောက်အဦး လုပ်ငန်းတန်ဖိုး အဆိုပြုလွှာ** - ၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ
(၄) **တင်ဒါဖွင့်သည့် ရက်/အချိန်** - ၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ (သို့) ၇-၇-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီ
(၅) **တင်ဒါဖွင့်သည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်၊ လမ်းဦးစီးဌာန/အဆောက်အဦ ဦးစီးဌာန (ဆက်သွယ်ရန်ဖုန်း-၀၅၇-၂၄၉၁၇၊ ၀၉-၇၉၇၉၃၀၀၁၉ တို့တွင် လေ့လာစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်၊ အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
## ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မြေလမ်း(၁၇/၀)မိုင်၊ ကျောက်လမ်း(၁၀/၅)မိုင်၊ ရေသွယ်တန်းခြင်းလုပ်ငန်း(၄ခု/၁၀မိုင်)၊ ရေကန်တည်ဆောက်ခြင်းလုပ်ငန်း(၅ခု)များကို ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၇ရက် (အင်္ဂါနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၂၄-၆-၂၀၁၇ရက် (စနေနေ့)
(ဂ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၀-၆-၂၀၁၇ရက် (သောကြာနေ့)

၂။ အသေးစိတ်အချက်အလက်များကို နမ့်ဆန်မြို့နယ်၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဖုန်း-၀၉-၄၄၀၁၃၆၁၃၁သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/8511 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Digital Camera Sony ILCE-7 (Body+Lens)<br>Lens 20-80 mm, Flash Gun 20M<br>SD Memory Card 16GB (2Pcs) | 10 Nos |
| ၂။ | Indoor Photo Studio Equipment<br>- Godax DP 600 Digital Softbox<br>- Godax DP 400 Digital Softbox<br>- Three Roll Motar<br>- Boom Stand | 1 Set |
| ၃။ | Online UPS 6 KVA, Power Tree | 2 Nos |
| ၄။ | Laptop Dell Intel Core i3-5005U 2.0Ghz,<br>4GB DDR3 RAM, 500GB HDD,<br>Nvidia GT 920 2GB Graphic<br>DVD R/W, 14" LED Display | 6 Nos |
| ၅။ | Personal Computer (Desktop)<br>Asus Core i5 N4460 3.2 GHZ,<br>4GB DDR3 Memory, 500 GB HDD,<br>64bit HD Graphic DVD R/W<br>Acer Monitor 18.5", A4 Tech Keyboard,<br>A4 Tech Mouse, UPS-Green Power 650 VA | 100 Sets |
| ၆။ | Laser Printer Canon LBP 2900B (A4)<br>600 x 600 dpi, 12 ppm | 80 Nos |
| ၇။ | Printer Auto Duplex Canon LBP6230dn<br>25ppm (Mono only) 600 x 600 dpi<br>1200 x 1200 dpi (Equipment)<br>2400 (Equivalent) x 600 dpi<br>Auto Duplex & Network Interface Std | 10 Nos |
| ၈။ | Color Printer<br>Konica Minolta (Magicolor 1650 EN)<br>Print 5/20 ppm (color/mono) Network Interface,<br>Photo Art 9600 dpi (600 x 600 x 4bits)<br>Legal Max Print 256 MB | 5 Nos |
| ၉။ | Dot Matric Printer EPSON LQ 310 | 2 Nos |
| ၁၀။ | Pro Scanner (Epson Perfection V850) | 2 Nos |
| ၁၁။ | Digital Multifunction Copier<br>Konica bizhub 206(A3Size) B/W<br>Copier&Printer A3 Color Scanner,<br>600×600 dpi, 250Sheet Paper Tray, 20PPM | 10 Nos |
| ၁၂။ | Duplo DP-A120, 300×360dpi,<br>90Pages Per Minute, Max B4 Paper Size,<br>Loading Capacity: 500Sheets | 1 No |
| ၁၃။ | Airconditioner 2HP Split Type CHIGO | 10 Nos |
| ၁၄။ | ရုပ်ရှင်ပြခန်းအတွင်း အအေးပေးစနစ်နှင့်အသံစနစ် ဆောင်ရွက်ခြင်း | |
| | (a) Airconditioner 7.5HP Duct Type Split Gree(or)Teco | 2 Nos |
| | (b) Sub-Woofer<br>- JBL 4645C Single 460mm(18in)<br>- Digital Sound Tracks in Motion Picture Theaters<br>- Rater Inpedance (8 ohms)<br>- Continuous Pink Noise(800Watts)<br>- Continuous Program (1600 Watts) | 1 No |
| | (c) Amplifier<br>- QSC ISA SERIES<br>- ISA 750-450-650-1200 Watts Per Channel | 3 Nos |
| | (d) Surround Speaker<br>- JBL 8320(200mm) (8in)<br>- Dimensions (H×W×D)<br>(406mm×343mm×224mm) | 2 Nos |
| | (e) Speaker | 1 No |
| | (i) Left Speaker<br>- JBL 4638 (380mm) (15in)<br>- Dimensions(H×W×D)<br>(991mm×648mm×451mm)<br>- Unit 2446H/J | |
| | (ii) Right Speaker<br>- JBL 4638(380mm)(15in)<br>- Dimensions(HxWxD)<br>(991 mmx648mmx451mm)<br>- Unit 2446H/J | 1 No |
| | (iii)Centre Speaker<br>- JBL 4638(380mm)(15in)<br>- Dimensions (HxWxD)<br>(991mmx648mmx451mm)<br>- Unit 2446H/J | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၆-၂၀၁၇ရက်မှ ၃၀-၆-၂၀၁၇ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၅၀၀၀ိ/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၆-၂၀၁၇ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်**
**ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ**
**ပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေး၊
## သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှု အောက်ရှိ မြို့နယ်များတွင် ကျေးလက်လမ်း၊ တံတား၊ လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ကျေးလက်မြေသားလမ်း ၅/၄ ဒသမ ၇၃မိုင်
(ခ) ကျေးလက်ဂဝံလမ်း ၀/၄ ဒသမ ၄မိုင်
(ဂ) Box Culvert ၁၅စင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၆-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းလမ်း၊ အမှတ် ၂၄၅၊ ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၃၀-၆-၂၀၁၇ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဦးစီးဌာန ဖုန်း-၀၁-၉၀၁၀၆၅၀၊ ၀၁-၂၀၃၄၁၇၊ ၀၁-၉၀၁၀၈၉၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒက္ခိဏခရိုင်တရားရုံးတော်၌
## ၂၀၁၇ ခုနှစ် တရားမကြီးအမှုအမှတ်-၂၀

ဒေါ်လှုံနိုင်ဆွီး **တရားလို** နှင့် ဦးသန့်ဇင်ထွန်း **တရားပြိုင်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အမှတ်(၇/၁၅)၊ သစ်ထုတ်လုပ်ရေးသင်တန်းကျောင်းဂိတ်အနီး၊ ပန်းခင်း(၂)ရပ်ကွက်နေ ဦးသန့်ဇင်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက လင်မယားကွာရှင်းပြတ်စဲစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်ရရှိနေဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇွန်လ၁၆ရက် (၁၃၇၉ခုနှစ် နယုန်ပြည့်ကျော်၇ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်စေရမည်။ ၄င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန်လ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မောင်ထွေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဒက္ခိဏခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါအမှတ် ၁/၂၀၁၇ ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ အောက်ပါသတ္တုပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ကတ်သုတ်ကြေးနီ 1 Lot လျှင်(၄၀၀)မက်ထရစ်တန်ဖြင့်<br>ကတ်သုတ်ကြေးနီ 3 Lot(၁၂၀၀)မက်ထရစ်တန် | | မုံရွာ၊ Mine Site |
| (ခ) | ခဲသတ္တုရောရာသတ္တုပစ္စည်းများ | (၆၅၅၅)ကီလိုဂရမ် | လားရှိုးရုံးခွဲ |
| (ဂ) | စီလီကွန်ကျောက်ဟု ယူဆရသောကျောက်များ | (၁၂၀)တန် | မူဆယ်မြို့ |
| (ဃ) | အင်ကြင်းကျောက်အရိုင်း | (၂.၁၈၄)တန် | မန္တလေးရုံးခွဲ |
| (င) | ခဲကျောက်အိတ်(၆၇၀)အိတ် | (၁၇)တန် | တပ်ကုန်းမြို့ |

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၇ ခုနှစ် ဇူလိုင် ၅ ရက် ၁၅း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့်အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖြည့်တင်းထိန်းသိမ်းရေးနှင့်ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၁၆၂၊ ၀၆၇-၄၀၉၀၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) ကျောက်ဆည်မြို့မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | **လက်တွန်းထွန်စက်(PT-017)မှ ပစ္စည်းအစိတ်အပိုင်းများ** | 2 Lot |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၆-၂၀၁၇ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၆-၂၀၁၇ ရက်

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း) ကျောက်ဆည်

အထက်ပါလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ဤစက်ရုံသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပြီး ဖုန်း-၀၆၆-၅၀၄၈၃၊ ၀၆၆-၅၀၄၈၄၊ ၀၉-၄၀၀၄၅၉၅၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်/အထူးအဖွဲ့များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြို့နယ်အလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ် အမှတ် (၁)** **၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်**

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၇ရက်မှ ၃-၇-၂၀၁၇ရက် နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်မြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၄-၇-၂၀၁၇ရက် မွန်းတည့် ၁၂း၀၀နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၅-၇-၂၀၁၇ရက်၊ ၁၃း၃၀ နာရီ
(င) **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်ခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လွိုင်လင်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၃၁၀၀၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

လားရှိုးမြို့၊ ရှမ်းပြည်နယ်တွင်အောက်ဖော်ပြပါ မော်တော်ယာဉ်များအား ရောင်းချလိုသဖြင့် ချိတ်ပိတ်တင်ဒါ ကိုဖိတ်ခေါ် အပ်ပါသည်။

1.TOYOTA Hiace, White, 3000cc, 164330 KM,
1997 / 2000 ရုပ်ပြောင်း
တင်ဒါပိတ်ရက် - ၂၀-၀၆-၂၀၁၇

တင်ဒါပုံစံ နှင့် တင်ဒါစည်းကမ်းများကို အောက်ပါလိပ်စာတွင်ထုယူနိုင်ပြီး၊ အသေးစိတ် စုံစမ်း လို ပါက-
အမှတ် ၈ (၁၂၁၃)၊ ဘုန်းကြီးကျောင်းလမ်း၊ ၈ ရက်ကွက်၊ လားရှိုးမြို့၊
ဖုန်း- ၀၈၂-၂၅၁၂၄ ဆက်သွယ်နိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်မြောက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂-ဘီ)၊ မြေကွက်အမှတ်(၄၁၂)၊ ခရေလမ်း၊ ပုလဲ(၃)ရပ်ကွက်၊ ဒုတိယဗိုလ်မှူးကြီးတင်စိုးအမည်ပေါက်မြေကွက်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးဇော်ရဲမင်း၁၂/မဂတ (နိုင်)၀၃၅၅၉၈ မှ ရုံးခွဲစာရင်းဝင်ရောက်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၄င်းမြေချပါမစ်၏ ရုံးခွဲစာရင်းဝင်ရောက်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## အမည်မှန်

သန်လျင်မြို့၊ အောင်ချမ်းသာ၊ အမက(ဂျမား) K.G(A) မှ (ဘ) ဦးနိုင်လင်းကျော်၏သား မောင်အောင်သူဟံ၏အမည်မှန်မှာ မောင်သွင်ထူးအိမ် ဖြစ်ပါကြောင်း။

## အမည်ပြောင်း

သန်လျင် အထက(၁)၊ နဝမတန်း(A) မှ (ဘ) ဦးမျိုးနိုင်၏ သမီး မမေပွင့်ဖြူအား မမေပွင့်စံ ဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပျော်ဘွယ်မြို့၊ရွာသစ်(န)၊ အမှတ်(၉)၊ အထကကျောင်း ပဉ္စမတန်းမှ မောင်ရဲလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ငွေ ၉/ပဘန(နိုင်)၀၂၈၃၃၄ ဖြစ်ပါကြောင်း။ **ဦးမြင့်ငွေ**

## ဖခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပျော်ဘွယ်မြို့၊ ရွာသစ်(န)၊ အမှတ်(၉)၊ အထကကျောင်း ဆဋ္ဌမတန်းမှ မအေးမြတ်သူနှင့် သီးပင်(ဟ) အမှတ်(၉၈) အမကကျောင်း တတိယတန်းမှ မောင်ဖိုးကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးအေးနိုင် ၉/ပဘန(နိုင်)၂၆၀၃၀၃ ဖြစ်ပါကြောင်း။ **ဦးအေးနိုင်**

## ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ နဂါးတွင်းကျေးရွာ၊ နဂါးတွင်း အထက(ခွဲ)၊ နဝမတန်းမှ မောင်အောင်ရဲလင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ထွေး ၅/ဒပယ(နိုင်)၀၀၀၃၇၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ နဂါးတွင်း ကျေးရွာအုပ်စု၊ မျက်ဆံကျင်းကျေးရွာနေ အထက(၁)ရေဦး တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းဇော်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝေ ၅/ဒပယ(နိုင်)၀၆၂၃၄၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ တက်ခေါင်းကျေးရွာနဝမတန်းမှ မောင်ပိုင်ဇင်ခန့်၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းငွေး ၅/ဒပယ(နိုင်)၀၇၃၇၅၁ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ နဂါးတွင်းကျေးရွာ၊ နဂါးတွင်း အထက(ခွဲ)ကျောင်းမှ မောင်နေဖြိုးအောင်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းမြင့် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက၊အဋ္ဌမတန်းမှ မနှင်းသဇင်ဖြိုးနှင့် ပဉ္စမတန်းမှ မအိသဇင်မင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းသူရထွန်း ၅/ခဥတ(နိုင်)၀၆၂၆၈၁ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊အမှတ်(၁၄)ရပ်ကွက်၊ ဉမ္မာဒန္တီလမ်း၊ အကွက်အမှတ် ၇၆၊ ဉမ္မာဒန္တီအကွက်၊ ဦးပိုင်အမှတ် (C-၉၄)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကို ဒေါ်မေဇင်အောင် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ တောကျောင်းကြီးအထက နဝမတန်းမှ မငြိမ်းချမ်းမေ၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းမြင့် ၅/ခဥတ(နိုင်)၀၅၀၂၁၁ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက အဋ္ဌမတန်းမှ မအိသူ၏ ဖခင် ဦးမြင့်လှိုင်နှင့် ဦးစိုးနိုင် ၅/ခဥတ(နိုင်)၀၉၁၄၁၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးနိုင်ထွန်းလင်း၏သမီး မုံရွာမြို့၊ အမှတ်(၁၀)မူလွန်၊ ပထမတန်းမှ မအိမ့်သက်မှူးအား မခိုင်မြတ်သက်မှူးဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ဦးအောင်ဝင်း၏သမီး ဒီပဲယင်းမြို့နယ်၊ ဝဘာကျေးရွာအုပ်စု၊ သပြေသာကျေးရွာ၊ အထကဒီပဲယင်း အဋ္ဌမတန်းမှ မမျိုးသီရိကျော်၏အမည်မှန်မှာ မမျိုးနန္ဒာကျော်နှင့် ၄င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁-၂၀၀၄ ဖြစ်ပါကြောင်း။




မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖွင့်လှစ်သင်ကြားပေးမည့်

**University of Manchester + 9 တက္ကသိုလ်များ အသိအမှတ်ပြု**

International Year One နှင့် Pre-Master Programme များအကြောင်းဆွေးနွေးပွဲ

CROWN EDUCATION YANGON . MYANMAR

NCUK

June 17 (Sat) 10 AM - 12 Nooon

NOVOTEL HOTEL (Eureka Room)

Register Now : (01) 527 838, (09) 26000 40 50, (09) 26000 60 50, (09) 965 085 185

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၇)၊ ဦးပိုင်အမှတ်(၉)၊ ၆၃လမ်း၊ ၂၄×၂၅လမ်းကြားရှိ ဒေါ်သိန်းအမည်ပေါက် ဂရန်မြေကွက်အား အဒေါ်များဖြစ်သည့် ဒေါ်မျှင်၊ ဒေါ်သိန်းနှင့်ဒေါ်သီလု (အပျိုကြီးဘဝ)ဖခင်ဦးချစ်ဖွယ်(ခ) ဦးချစ်သွယ်၊မိခင်ဒေါ်သိန်းခင်တို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၉၈၂/၁၉၉၇)ဖြင့် ဒေါ်ကြည်ကြည်သွယ်မှအမွေဆက်ခံခဲ့ပြီး ဖခင်ဖြစ်သူ ဦးထွန်းရှင်၊ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်သွယ်တို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၁၇/၂၀၁၇)ဖြင့် အမွေဆက်ခံခဲ့သော သားသမီးများဖြစ်သည့် ဦးဟိန်းထက် ၉/အမဇ(နိုင်)၀၀၅၀၆၁၊ ဒေါ်သိမ့်သိမ့်ထွေး ၉/အမဇ(နိုင်)၀၀၅၀၆၂၊ ဦးမြတ်သာထွန်း ၉/အမဇ(နိုင်)၀၀၅၀၆၃၊ ဒေါ်မေသူထွန်း ၉/အမဇ(နိုင်)၀၀၅၀၆၄၊ ဒေါ်အေးငြိမ်းထွန်း ၉/အမဇ(နိုင်)၀၀၅၀၆၅တို့မှ အမှုတွဲအမှတ် ၀၃၀၅/၂၀၁၇-၂၀၁၈ဖြင့် ဂရန်သက်တမ်းတိုး၊ အမည်ပြောင်း ဂရန်ပျောက် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၄၅)၊ ဦးပိုင်အမှတ်(၂၄)၊ ၅၁×၅၂လမ်းကြား၊ ရတနာ×မင်္ဂလာလမ်းကြားရှိ ဦးညို အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးမောင်မောင်စိန် ၉/မသန(နိုင်) ၀၈၈၃၉၇မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄(ကမာရွတ်)၊ သီရိမွန်အိမ်ရာ၊ မြေကွက်အမှတ် ၆၅၊ ဧရိယာ ၀ ဒသမ ၁၆၇၈ဧက နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးကျော်ဝင်းဖြစ်ပါသည်။ အဆိုပါမြေနှင့်ဆ/ဦးအား ရောင်း/ဝယ်မှတ်ပုံတင်စာချုပ် ၁၃၁၉/၂၀၁၇ ရက်စွဲ(၁၅-၅-၁၇) တင်ပြ၍ ကမ္ဘောဇဘဏ်လီမိတက်(ကုမ္ပဏီမှတ်ပုံတင်အမှတ် ၉၉၄/၉၃-၉၄) အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀(သမိုင်း)၊ရွှေထီးအိမ်ရာ၊ မြေကွက်အမှတ် ၂၂/F၊ ဧရိယာ၀ ဒသမ ၁၁၁ဧက နှစ်၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးအောင်ကိုမိုး+၁ ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ၆၅၀၇/၂၀၁၆၊ ရက်စွဲ ၆-၁၂-၂၀၁၆တင်ပြ၍ ဒေါ်မြင့်မြင့်မော် ၁၂/လမတ(နိုင်)၀၂၀၅၅၈၊ ဦးသာခင် ၁၂/လသန(နိုင်) ၀၀၃၇၉၇အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မိတ္တူထုတ်ခြင်းကို ကန့်ကွက်ရန်

ယာဉ်အမှတ် 7D/8416 HOWOSINO, Dump Truck ယာဉ်လက်ဝယ်ရှိသူ ယုဇနဆီအုန်းက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါလျှင် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကော့သောင်း)**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်၆၁ (ခုနစ်လွှာ A) ခေါင်းရင်းခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ပါလိပ်စာရှိ ဖော်ပြပါတိုက်ခန်းကိုတရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဘင်တိတ်(ခ)ဦးမိန်တက် ၁၂/ကမတ(နိုင်)၀၆၄၀၂၃ထံမှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းတင်ပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်မာအောင်**
ဖုန်း-၀၉-၇၃၀၇၈၄၅၃၊ ၀၉-၄၅၁၀၂၂၃၀၁

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄(ကမာရွတ်)သီရိမွန်အိမ်ရာ-၁၊မြေကွက်အမှတ်(၆၂)၊ ဧရိယာ ၀ ဒသမ၁၅၈ဧက နှစ် (၆၀) မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်စန္ဒာဝင်း ဖြစ်ပါသည်။ အဆိုပါမြေနှင့် ဆ/ဦးအား ရောင်း/ဝယ် မှတ်ပုံတင်စာချုပ် (၁၃၁၆/၂၀၁၇) ၁၅-၅-၁၇ တင်ပြ၍ ကမ္ဘောဇဘဏ်လီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၉၉၄/၉၃-၉၄) အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄(ကမာရွတ်)၊သီရိမွန်အိမ်ရာ-၁၊ မြေကွက်အမှတ်(၆၃)၊ ဧရိယာ ၀ဒသမ၁၆၆ဧက နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်သန်းစိန် ဖြစ်ပါသည်။ အဆိုပါမြေနှင့် ဆ/ဦးအားရောင်း/ဝယ် မှတ်ပုံတင်စာချုပ် (၁၃၁၇/၂၀၁၇) ၁၅-၅-၁၇တင်ပြ၍ ကမ္ဘောဇဘဏ်လီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၉၉၄/၉၃-၉၄)အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကွာရှင်းပြတ်စဲခြင်း

ဦးသူရသိန်း(ခ)သူရ(ဂစ်တာ) ၁၂/တမန(နိုင်)၀၄၄၁၆၁နှင့် ဒေါ်သွက်သွက်မျိုးမြင့်အောင်(ခ)သွက်သွက် ၁၂/တမန(နိုင်)၀၀၃၆၁၇တို့သည် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

**သွက်သွက်မျိုးမြင့်အောင်**

# နိုင်ငံခြားမတည်ငွေရင်းများ နိုင်ငံတွင်းကို များစွာဝင်ရောက်လာစေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည်သာ အဓိက မောင်းနှင်အားဖြစ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ Myanmar Investment Forum 2017 အခမ်းအနားကို မင်္ဂလာအောင်မောင်းတီးခတ်၍ ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဇွန် ၆**

မြန်မာ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ကြီးမှူးကျင်းပသည့် Myanmar Investment Forum 2017 ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးပြီး မိန့်ခွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတက လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံခြားမတည်ငွေရင်းနှင့် ကုန်သွယ်မှုတို့ကို အဓိကအားထားနေရပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့် နိုင်ငံခြား

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## ဖုန်းလိုင်းမမိ၍ အိန္ဒိယဝန်ကြီးတစ်ဦး သစ်ပင်ပေါ်တက်ပြီးဖုန်းဆက်



စာမျက်နှာ - ၁၀

## လက်ဝှေ့ချန်ပီယံ အောင်လအန်ဆန် ကြော်ငြာများ ရိုက်ကူးနေသော်လည်း အနုပညာ အလုပ်များလုပ်ရန် စိတ်ကူးမရှိဟုဆို



စာမျက်နှာ - ၁၈

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေဆက်လက် အားကောင်းနေမည်။

(မိုး/ဇလ)



MNL All Star အသင်းတွင်ပါဝင်လာသည့် ဝါရင့်ကစားသမား ရန်ပိုင်

## မြန်မာယူ-၂၂ အသင်းနှင့် MNL All Star အသင်း ခြေစမ်းပွဲကစားမည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၆**

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် MNL All Star အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ဇွန် ၂၄ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲမတိုင်မီ ပြင်ဆင်သည့်အနေဖြင့် MNL All Star အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ MNL All Star အသင်းကို ပြည်တွင်းကစားသမားများဖြင့်သာ ဖွဲ့စည်းမည်ဖြစ်ပြီး လက်ရှိ မြန်မာ့လက်ရွေးစင်အသင်းမှ ကစားသမားများ၊ MNL အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းမည် ဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့် MNL All Star အသင်းတွင် ကစားသမား ၁၇ ဦးပါဝင်ပြီး ဒဏ်ရာရမှုအပေါ်မူတည်၍ အပြောင်းအလဲဖြစ်ဖွယ်ရှိနေသည်။ လက်ရှိဖွဲ့စည်းထားသည့် MNL All Star အသင်းတွင် မကာအိုနှင့် အာရှဖလားခြေစစ်ပွဲအတွက် ရွေးချယ်ထားသည့် အသင်းမှ ကစားသမား ၁၄ ဦး ပြန်ပါလာပြီး MNL ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ရန်ပိုင် (ရတနာပုံ)၊

*စာမျက်နှာ ၁၄ ကော်လံ ၁* ●





